# ကြေးမုံ

**The Mirror Daily**

၁၉၅၇ ခုနှစ် ဩဂုတ် ၁၆ တွင် စတင်ထုတ်ဝေခဲ့သည်။ Established in 1957


**မေတ္တာဖြင့် အောင်ရာ၏**

အမျက်ထွက်တတ်သောသူကို အမျက်မထွက်ခြင်းဖြင့် (မေတ္တာဖြင့်)အောင်ရာ၏၊ မကောင်းသောသူကို ကောင်းသောသဘောဖြင့် အောင်ရာ၏၊ နှမြောဝန်တိုသောသူကို ပေးကမ်းခြင်းဖြင့် အောင်ရာ၏၊ မဟုတ်မမှန် ပြောဆိုတတ်သောသူကို မှန်ကန်သောစကားကို ပြောဆိုခြင်းဖြင့် အောင်ရာ၏။ **ကောဓဝဂ်(ဓမ္မပဒ -၂၂၃)**


၁၃၈၅ ခုနှစ်၊ တပေါင်းလဆန်း ၉ ရက်၊ တနင်္လာနေ့။ Monday, 18 March 2024 ၁၁၄၀၄


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# ရွှေဟောင်းသမိုင်းဝင် ကျိုက်ပညာယျစေတီတော်မြတ်ကြီးအား ဘက်စုံပြုပြင်မွမ်းမံ၍ ရတနာစိန်ဖူးတော်၊ ငှက်မြတ်နားတော်တင်လှူပူဇော်ပွဲနှင့် ဗုဒ္ဓါဘိသေက အနေကဇာတင် မဟာမင်္ဂလာအခမ်းအနား ကျင်းပ

**နေပြည်တော် မတ် ၁၇**

ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့နယ် ဥဿာမြို့သစ် ပဲခူးတက္ကသိုလ်အနီး၌ တည်ထားပူဇော်သည့် နှစ်ပေါင်း ၁၀၀၀ ကျော်သက်တမ်းရှိသော ရှေးမင်းများအဆက်ဆက် သူတော်ကောင်းများအဆက်ဆက် တည်ထားကိုးကွယ်တော်မူခဲ့သည့် ရွှေဟောင်းသမိုင်းဝင် ကျိုက်ပညာယျ စေတီတော်မြတ်ကြီးအား ဘက်စုံပြုပြင်မွမ်းမံ၍ ရတနာစိန်ဖူးတော်၊ငှက်မြတ်နားတော်တင်လှူပူဇော်ပွဲနှင့် ဗုဒ္ဓါဘိသေကအနေကဇာတင် မဟာမင်္ဂလာအခမ်းအနားကို သာသနာတော်နှစ် ၂၅၆၇ ခုနှစ် ကောဇာသက္ကရာဇ် ၁၃၈၅ ခုနှစ် တပေါင်းလဆန်း ၈ ရက် ယနေ့နံနက်ပိုင်းတွင် ကျင်းပပြုလုပ်ရာ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ သန်လျင်မင်းကျောင်းဆရာတော် ဒေါက်တာဘဒ္ဒန္တ စန္ဒိမာဘိဝံသ အမှူးပြုသည့် ဆရာတော်၊ သံဃာတော်အရှင်သူမြတ်များ ကြွရောက်ချီးမြှင့်တော်မူကြသည်။

အဆိုပါ အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၊ ဇနီး ဒေါ်ကြူကြူလှနှင့် မိသားစုဝင်များ၊ ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦးနှင့် ဇနီး၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင်များဖြစ်ကြသည့် ဗိုလ်ချုပ်ကြီး မြထွန်းဦးနှင့်ဇနီး၊ ဒုတိယဗိုလ်ချုပ်ကြီး ညိုစောနှင့်ဇနီး၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဇနီးများ၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်၊ ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့် တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ တောင်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ **စာမျက်နှာ ၃ ကော်လံ ၁ သို့** ★



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့ ရတနာစိန်ဖူးတော်၊ ငှက်မြတ်နားတော်တို့ကို မင်္ဂလာဝေါယာဉ်တော်ဖြင့် ပင့်ဆောင်၍ စေတီတော်မြတ်ကြီးအား လက်ယာရစ်လှည့်လည်ပူဇော်စဉ်။

**ယနေ့ ဖတ်စရာ**


**စားအုန်းဆီအခြေခံလက်ကားရည်ညွှန်းဈေးနှုန်း တစ်ပိဿာ ငွေကျပ် ၅၂၅၀ ဖြစ်ကြောင်း ထုတ်ပြန်ကြေညာ** စာမျက်နှာ » ၂

**လက်ရှိအချိန်အထိ ကမ္ဘာ့လူဦးရေရဲ့ လေးပုံတစ်ပုံဟာ အန္တရာယ်ကင်းအောင် စီမံထားတဲ့ သောက်ရေမရရှိကြသေးဘူးလို့ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီး (WHO) က အစီရင်ခံထားပါတယ်။ ဒါဟာ ကမ္ဘာပေါ်က လူသန်း ၂၀၀၀ ခန့်ဟာ သောက်ရေသန့် မရရှိကြသေးဘူးလို့ ဆိုလိုတာဖြစ်ပါတယ်။** ဆောင်းပါး စာမျက်နှာ » ၆

**စားသုံးဆီထုတ်လုပ်နိုင်သော ဆီချေစက်ရုံများ တည်ထောင်ဆောင်ရွက်နိုင်ပါက ဆီဖူလုံမှုကို အထောက်အကူပြုစေနိုင်မည်ဖြစ်ပြီး လုပ်ကွက်ငယ် ဆီအုန်းတောင်သူများအတွက် ဈေးကွက်ဖန်တီးပေးနိုင်မည်** စာမျက်နှာ » ၇

ကြေးမုံ

# မမှန်သတင်းရှောင်ရှား တိုင်းပြည်အလေးထား

လက်ရှိကာလတွင် ပြည်သူ့စစ်မှုထမ်းဥပဒေအာဏာတည်ပြီး ဥပဒေပါကနဦး ဆောင်ရွက်ချက်များနှင့်ပတ်သက်၍ ပြည်သူများကြားတွင် စိုးရိမ်ပူပန်မှုဖြစ်အောင်၊ အခြေအနေပျက်၊ အလုပ်အကိုင်ပျက်ဖြစ်အောင် သတင်းတု၊ သတင်းမှားများ၊ အခြေအမြစ်မရှိသော သတင်းစကားများ၊ အဖျက်အမှောင့်ပြုလုပ်သူများ၏ သွေးထိုးလှုံ့ဆော်မှုများကို ကြားသိနေရသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီလ ၁၀ ရက်နေ့မှစတင်ပြီး ပြည်သူ့စစ်မှုထမ်းဥပဒေ အာဏာတည်သည့်အမိန့်ကို ထုတ်ပြန်ခဲ့သည်။ ထိုဥပဒေအမိန့် ထုတ်ပြန်လိုက်သည့်အချိန်မှစ၍ အတွေးမှား၊ အမြင်မှား၊ အသိမှား စိုးရိမ်ပူပန်လုပ်မှားကိုင်မှားဖြစ်အောင် မမှန်သတင်းစကားနှင့် သွေးထိုးလှုံ့ဆော်မှုများ ချက်ချင်းပျံ့နှံ့လာခဲ့သည်။ ဥပဒေပါသတ်မှတ်ချက်နှင့် အကျုံးဝင်သည့် လူငယ်များနှင့်ပတ်သက်၍ ထိုရက်ပိုင်းအတွင်း၌ပင် မမှန်သတင်းများကို နားယောင်ပြီး မိမိတို့အကျိုးစီးပွားအပျက်ခံ၍ ရှောင်တိမ်းမှုပြုလုပ်သူအချို့ပင် ရှိခဲ့သည်ဟုသိရသည်။

ယခုရက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်အချို့ရှိ ရပ်ကွက်၊ ကျေးရွာများတွင် ရပ်ကွက်တစ်ခုလျှင် လူငယ်လေးဦးမှ ၅၀ အထိ နာမည်နှင့် တကွ ဆင့်ခေါ်စာများဖြန့်ဝေနေကြောင်း၊ တချို့ရပ်ကွက်များဆိုလျှင် လူငယ်များကို မဲနှိုက်ရွေးချယ်ပြီး တပ်မတော်က ခေါ်ဆောင်သွားကြောင်း၊ ရခိုင်ပြည်နယ်တွင် ဘာသာခြားများအား တပ်သားသစ်အဖြစ် အတင်းအကျပ်စုဆောင်းပြီး ရှေ့တန်းသို့ ပို့နေကြောင်း၊ မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်ရှိ ကျေးရွာတစ်ရွာတွင် စစ်မှုထမ်းမည့်လူငယ်များအတွက် တစ်အိမ်ထောင်လျှင် တစ်လ ငွေကျပ် ၅၀၀၀ နှုန်း ကောက်ခံနေကြောင်း ပြည်ဖျက်မီဒီယာများက မဟုတ်မမှန်သတင်းများ လွှင့်ထုတ်သောကြောင့် ပြည်သူများ စိုးရိမ်ပူပန်မှုများ ဖြစ်ကြရသည်။

အမှန်တကယ်တွင် စစ်မှုထမ်းဥပဒေသည် မြန်မာနိုင်ငံတွင်သာမက နိုင်ငံများတွင်ပါ အထူးအဆန်းဥပဒေမဟုတ်ပေ။ နိုင်ငံတိုင်းနိုင်ငံတိုင်းနီးပါးသည် မိမိနိုင်ငံကို ကာကွယ်စောင့်ရှောက်ရန်အတွက် စစ်မှုထမ်းဥပဒေပြဋ္ဌာန်းပြီး ပြင်ဆင်ဆောင်ရွက်ထားကြသည်။ ဖွံ့ဖြိုးပြီးနိုင်ငံများတွင် စစ်မှုထမ်းဥပဒေအရ သတ်မှတ်ထားသည့် နိုင်ငံသားများ စစ်မှုထမ်းကြသည်ကို တွေ့ရမည်ဖြစ်သည်။ မြန်မာနိုင်ငံတွင် လွတ်လပ်ရေးရပြီးနောက် ၁၉၅၉ ခုနှစ်တွင် ပြည်သူ့စစ်မှုထမ်းဥပဒေ ပြဋ္ဌာန်းခဲ့သည်။ ၂၀၁၀ ပြည့်နှစ် နိုဝင်ဘာလတွင် အဆိုပါဥပဒေကို ပြန်လည်ပြင်ဆင်သတ်မှတ်ခဲ့သည်။ ယခု ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီလ ၁၀ ရက်နေ့တွင် ပြည်သူ့စစ်မှုထမ်းဥပဒေအာဏာတည်ကြောင်း အမိန့်ထုတ်ပြန်ခဲ့သည်။

မြန်မာနိုင်ငံတွင် ပြည်သူ့စစ်မှုထမ်းဥပဒေကို အစောပိုင်းကတည်းက ပြဋ္ဌာန်းခဲ့သော်လည်း လက်တွေ့အကောင်အထည်မဖော်ဖြစ်ခဲ့သေးပေ။ ယခု ပြည်သူ့စစ်မှုထမ်းဥပဒေအာဏာတည်ကြောင်း အသိပေးထုတ်ပြန်လိုက်သောအခါ ပြည်သူများကြား စိုးရိမ်စိတ်များဖြစ်ပေါ်လာမှုကို အခွင့်ကောင်းယူအသုံးချလိုသည့် အကြမ်းဖက်အုပ်စုများက မီဒီယာများကိုအသုံးချပြီး ပြည်သူများ စိုးရိမ်ပူပန်မှုမြင့်မားအောင်၊ လမ်းမှားပေါ်သို့ရောက်ရှိအောင်၊ စိုးရိမ်စိတ်များ ပိုမိုမြင့်မားလာအောင် ပြုလုပ်နေကြသည်။ အမျိုးသားစစ်မှုထမ်းစနစ်သည် နိုင်ငံတော်လုံခြုံရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ ဟန်ချက်ညီညီဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် အချိန်ယူဆောင်ရွက်မည့် နှစ်ရှည်စီမံကိန်း ဖြစ်သည်။

နိုင်ငံတော်၏ စီးပွားရေးစွမ်းအား၊ ကာကွယ်ရေးစွမ်းအားများ ဟန်ချက်ညီညီ ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် နိုင်ငံတော်အစိုးရ၊ တပ်မတော်တို့နှင့်အတူ ပြည်သူတစ်ရပ်လုံး ပါဝင်ဆောင်ရွက်ကြရမည်ဖြစ်သည်။ နိုင်ငံသားတိုင်းသည် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးတို့ကို စောင့်ထိန်းရန် တာဝန်ရှိသည်။ တိုင်းပြည်အတွင်းရှိ နိုင်ငံ့စွမ်းအားစုအားလုံး တစုတစည်းတည်း အားလုံးပါဝင်ဆောင်ရွက်နိုင်ရေးအတွက် တစ်ခုတည်းသောနည်းလမ်းသည် အမျိုးသားစစ်မှုထမ်းစနစ် (National Service) ဖြစ်သည်။

ပြည်သူ့စစ်မှုထမ်းဥပဒေနှင့်ပတ်သက်၍ ဆောင်ရွက်မည့်အစီအစဉ်များ၊ အကျုံးဝင်သည့်အချက်များ၊ ကင်းလွတ်ခွင့်ပြုနိုင်သည့်အချက်များ၊ စစ်မှုထမ်းဆောင်ခြင်းဖြင့် ရရှိမည့်အကျိုးကျေးဇူးများ စသည့်အချက်များ ကျယ်ကျယ်ပြန့်ပြန့် ပါရှိသည်။ ပြည်သူများအနေဖြင့် ပြည်သူ့စစ်မှုထမ်းဥပဒေပါ အချက်အလက်များကို သေချာစွာလေ့လာမှုအားနည်းပြီး သွေးထိုးလှုံ့ဆော်မှုများနှင့်မမှန်သတင်းစကားများကို နားယောင်မိသောကြောင့် စိုးရိမ်ပူပန်စရာများဖြစ်လာရသည်။ ထို့ကြောင့် စစ်မှုထမ်းဥပဒေနှင့်ပတ်သက်၍ နိုင်ငံတစ်ဝန်းရှိ ရပ်ကွက်/ ကျေးရွာများတွင် သက်ဆိုင်ရာအဖွဲ့အစည်းများက ပြည်သူများနှင့်တွေ့ဆုံ၍ ဗဟုသုတများ မျှဝေပေးလျက်ရှိသည်။

သို့ဖြစ်ရာ ပြည်သူ့စစ်မှုထမ်းဥပဒေသည် နိုင်ငံတော်နှင့် ပြည်သူများ၏ ရေရှည်အကျိုးစီးပွားအတွက် အထောက်အပံ့တစ်ခုဖြစ်သလို တစုတစည်းတည်းသော အမျိုးသားစွမ်းပကားများကို စုစည်းခြင်းဖြစ်သည့် ရေရှည်အစီအမံဖြစ်သဖြင့် ပြည်သူများစိုးရိမ်ပူပန်မှုဖြစ်အောင် လှုံ့ဆော်နေသော မမှန်သတင်းစကားများကို နားမယောင်ဘဲ ဥပဒေကို သေချာစွာလေ့လာပြီး ပါဝင်ဆောင်ရွက်ကြရမည် ဖြစ်ပါကြောင်း။ ။

## တပ်မတော်နေ့ဦးတည်ချက်များ

(က) ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဟူသော ဒို့တာဝန်အရေး(၃)ပါးကို တပ်မတော်၏အမျိုးသားရေးမူဝါဒအဖြစ် အမြဲဦးထိပ်ပန်ဆင်ပြီး နိုင်ငံတော်အတွက် အသက်ပေးကာကွယ်စောင့်ရှောက်ရေး။

(ခ) နိုင်ငံတော်၏အမျိုးသားရေး ရည်မှန်းချက်(၂)ရပ်ဖြစ်သည့် တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေး လုပ်ငန်းစဉ်များတွင် နိုင်ငံတော်အစိုးရ၊ တိုင်းရင်းသားပြည်သူလူထုတို့နှင့်အတူ တပ်မတော်သားများအနေဖြင့် ကျရာအခန်းကဏ္ဍများမှ တက်ကြွစွာပူးပေါင်းပါဝင်ဆောင်ရွက်ရေး။

(ဂ) အင်အားတောင့်တင်းပြီး စွမ်းရည်ထက်မြက်သည့် ခေတ်မီမျိုးချစ်တပ်မတော် တည်ဆောက်ရာတွင် လေ့လာ၊ လေ့ကျင့်၊ လိုက်နာဆိုသည့် တပ်မတော်၏လုပ်ငန်းစဉ်များနှင့်အညီ စွမ်းရည်(၃)ရပ် တိုးတက်မြင့်မားအောင် အစဉ်တစိုက် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

(ဃ) နိုင်ငံတော်၏ ပကတိလိုအပ်ချက်ဖြစ်သည့် တည်ငြိမ်အေးချမ်းရေး၊ စည်းလုံးညီညွတ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး၊ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကြီး ပေါ်ထွန်းလာစေရေးအတွက် လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပနိုင်ရေး တပ်မတော်က လိုအပ်သည်များ ကူညီဆောင်ရွက်ပေးရေး။

# စားအုန်းဆီ အခြေခံလက်ကားရည်ညွှန်းဈေးနှုန်း တစ်ပိဿာ ငွေကျပ် ၅၂၅၀ ဖြစ်ကြောင်း ထုတ်ပြန်ကြေညာ

**နေပြည်တော် မတ် ၁၇**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန စားသုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်း ကြီးကြပ်ရေးကော်မတီအနေဖြင့် စားအုန်းဆီ ကမ္ဘာ့ဈေးနှုန်းဖြစ်ပေါ် ပြောင်းလဲမှုနှင့်အညီ ပြည်တွင်း၌ ဖြစ်သင့်ဖြစ်ထိုက်သည့် ဈေးနှုန်းများဖြစ်ပေါ်စေရေး ထိန်းကျောင်းဆောင်ရွက်လျက်ရှိပြီး စားအုန်းဆီ အဓိကထုတ်လုပ်တင်ပို့သည့် မလေးရှားနိုင်ငံတွင် ဖြစ်ပေါ်နေသည့် FOB ဈေးနှုန်းများကို နေ့စဉ်စောင့်ကြည့်ကာ သယ်ယူပို့ဆောင်ခ ကုန်ကျစရိတ်များ၊ ဘဏ်စရိတ်များ၊ အခွန်အခများ ထည့်သွင်းတွက်ချက်၍ ပြည်တွင်းဈေးကွက်၌ ရောင်းဝယ်ဖောက်ကားရမည့် အခြေခံလက်ကား ရည်ညွှန်းဈေးနှုန်းကို ထုတ်ပြန်ပေးလျက်ရှိသည်။

ယခုအပတ်အတွင်း ကမ္ဘာ့စားအုန်းဆီ ထုတ်လုပ်တင်ပို့သည့် နိုင်ငံများတွင် ဈေးကွက်နှင့် ဈေးနှုန်းဖြစ်ပေါ်မှုများအရ မတ် ၁၈ ရက်မှ ၂၄ ရက်အထိ ရန်ကုန်အထိုင်ဈေး အခြေခံလက်ကား ရည်ညွှန်းဈေးနှုန်းမှာ စားအုန်းဆီ တစ်ပိဿာလျှင် ငွေကျပ် ၅၂၅၀ ဖြစ်ကြောင်း ထုတ်ပြန်ကြေညာထားသည်။

ထို့ပြင် ပြည်တွင်းဈေးကွက်အတွင်း ဈေးနှုန်းမြှင့်တင်ရောင်းချခြင်း၊ ဈေးကစားရန်ရည်ရွယ်ချက်ဖြင့် သိုလှောင်ခြင်း အပါအဝင် မသမာသည့်လုပ်ဆောင်မှုများ ပြုလုပ်ပါက အရေးကြီးကုန်စည်နှင့် ဝန်ဆောင်မှုဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးထုတ်ပြန်ထားသည်။

အခြေခံလက်ကား ရည်ညွှန်းဈေးနှုန်းများကို စားသုံးသူရေးရာဦးစီးဌာန၏ Website: www.doca.gov.mm၊ Facebook Page နှင့် မြန်မာနိုင်ငံ ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း၏ Facebook Page တွင် ဝင်ရောက်ကြည့်ရှုနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

# ဝမ်ဟွန်းကျေးရွာ၌ မြစိမ်းရောင်စီမံကိန်းအတိုးရငွေများဖြင့် ကျေးရွာတွင်း ကွန်းကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီး

**မိုင်းယောင်း မတ် ၁၇**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းယောင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မြစိမ်းရောင်ကျေးရွာ စီမံကိန်းအတိုးရငွေဖြင့် ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို မတ် ၁၅ ရက်တွင် တာဝန်ရှိသူများက ပောင်ကြန့်ကျေးရွာအုပ်စု ဝမ်ဟွန်းကျေးရွာသို့ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မိုင်းယောင်းခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးစိုင်းစိုးစိုး၊ မြို့နယ်ဦးစီးမှူး ဦးစံလင်းနှင့် အင်ဂျင်နီယာဝန်ထမ်းများသည် မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များနှင့်အတူ ဝမ်ဟွန်းကျေးရွာတွင် အရှည်ပေ ၃၄၀၊ အကျယ် ၁၂ ပေ၊ ဒုခြောက်လက်မရှိကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ဝမ်ဟွန်းကျေးရွာတွင် အဆိုပါဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အတိုးရငွေ၏ ၅၀ ရာခိုင်နှုန်းဖြစ်သည့် ငွေကျပ် ၈ ဒသမ ၅ သန်း၊ ကျေးရွာလူထုထည့်ဝင်ငွေ ၄ ဒသမ ၁၃ သန်း စုစုပေါင်းငွေကျပ် ၁၂ ဒသမ ၆၃ သန်းကို အသုံးပြုကာ ခရိုင်/ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနဝန်ထမ်းများ၏ နည်းပညာပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်မှုတို့ဖြင့် ဇန်နဝါရီလ ဒုတိယပတ်မှစတင်ကာ ကျေးရွာသူကျေးရွာသားများကိုယ်တိုင် အကောင်ထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများအားလုံး ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

၂၂၂


ကြေးမုံ

| | | | |
|---|---|---|---|
| **စာတည်းမှူးချုပ်** | – ဦးစိုးစိုးနိုင် | **အကြီးတန်း သတင်းထောက်များ** | – ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဥ၊ ဒေါ်နေဇာဇာထွန်း၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး |
| **စာတည်းမှူး** | – ဦးဝင်းနိုင် | **အငယ်တန်း သတင်းထောက်များ** | – ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင် |
| **စာတည်းများ** | – ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး | **သုတေသန** | – ဒေါ်ဇင်မာဝင့် |
| **ဘာသာပြန်** | – ဦးနိုင်လင်းကြည်၊ | **စာပြင်** | – ဒေါ်ခင်နှင်းယုနှင့်အဖွဲ့ |
| **စာတည်းများ** | ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ | **စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း** | – ဦးကျော်သူရနှင့်အဖွဲ့ |
| | | **အီးမေးလ်နှင့် အွန်လိုင်း** | – ဦးစိုးချစ်ဦးနှင့်အဖွဲ့ |



ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

Gmail themirror.npt@gmail.com

www.facebook.com/themirrordaily

နေပြည်တော် – စာတည်းမှူး ၀၆၇–၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇–၃၆၁၂၈၊ ၀၆၇–၃၆၁၃၀၊ ဖက်စ် ၀၆၇–၃၆၁၃၁

ရန်ကုန်ရုံးခွဲ – အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁–၂၉၂၈၃၂

မန်နေဂျာ – ၀၁–၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁–၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁–၂၉၂၈၃၀၊ ကြော်ငြာ ၀၁–၃၉၇၃၃၀၊ ဖက်စ် ၀၁–၂၀၃၃၅၁





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၊ ဇနီး ဒေါ်ကြူကြူလှနှင့် အခမ်းအနား တက်ရောက်လာကြသူများ ပဲခူးမြို့ ကြခတ်ဝိုင်းစာသင်တိုက် ဦးစီးပဓာနနာယက အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ ဧ_ယျဓမ္မာဘိဝံသထံမှ ကိုးပါးသီလ ခံယူဆောက်တည်ကြစဉ်။

★ ရှေ့ဖုံးမှ

ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့မှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာများ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များ၊ စေတနာရှင် အလှူရှင်များ၊ ဝတ်အသင်းအဖွဲ့များနှင့် ဒေသခံတိုင်းရင်းသားပြည်သူများ စည်ကားသိုက်မြိုက်စွာ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီးတို့သည် ရှေးဟောင်းသမိုင်းဝင် ကျိုက်ပညာယျစေတီတော်မြတ်ကြီးသို့ ရောက်ရှိကြပြီး စေတီတော်မြတ်ကြီး တောင်ဘက်မုခ်ရှိ ဗုဒ္ဓရုပ်ပွားတော်မြတ်အား ဖူးမြော်ကြည်ညို၍ မြသပိတ်ဆွမ်းတော်နှင့် ပန်း၊ ရေချမ်း၊ ဆီမီးတို့ကို ဆက်ကပ်လှူဒါန်းသည်။

ထို့နောက် ရှေးဟောင်းသမိုင်းဝင် ကျိုက်ပညာယျစေတီတော်မြတ်ကြီး ရတနာစိန်ဖူးတော်၊ ငှက်မြတ်နားတော်တင်လှူပူဇော်ပွဲနှင့် ဗုဒ္ဓါဘိသေကအနေကဇာတင် မဟာမင်္ဂလာအခမ်းအနားများကို စတင်ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၊ ဇနီးနှင့် အခမ်းအနား တက်ရောက်လာကြသူများက ပဲခူးမြို့ ကြခတ်ဝိုင်းစာသင်တိုက် ဦးစီးပဓာနနာယက အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ ဧ_ယျဓမ္မာဘိဝံသထံမှ ကိုးပါးသီလ ခံယူဆောက်တည်ကြပြီး ဥပါသကာများက ပရိတ်ပန်း၊ ပရိတ်ရေ၊ ပရိတ်ချည်၊ ပရိတ်သဲများကို သံဃာတော်များထံ ဆက်ကပ်၍ သံဃာတော်အရှင်သူမြတ်တို့ ရွတ်ပွားချီးမြှင့်တော်မူကြသည့် ပရိတ်တရားတော်များကို နာယူကြည်ညိုကြသည်။

ယင်းနောက် ဥပါသကာများက ပရိတ်ပန်း၊ ပရိတ်ရေ၊ ပရိတ်ချည်၊ ပရိတ်သဲများကို ယူဆောင်၍ စေတီတော် ပရိဝုဏ်တော်တွင် ပက်ဖျန်းကြဲဖြန့် ချည်နှောင်တားဆီးကာရံကြသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့ ဌာပနာတော်များကို သန်လျင်မင်းကျောင်းဆရာတော်ကြီးထံ ဆက်ကပ်လှူဒါန်းပူဇော်စဉ်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော် ဝန်ကြီးချုပ်၊ ဇနီးနှင့်မိသားစုဝင်များက သဗ္ဗညုဘုရားရှင်အား ရည်မှန်းထား၍ ရတနာစိန်ဖူးတော်၊ ဌာပနာတော်နှင့် လှူဖွယ်ပစ္စည်းများကို သန်လျင်မင်းကျောင်း ဆရာတော်ကြီးထံသို့ လည်းကောင်း၊ မိသားစုဝင်များက ငှက်မြတ်နားတော်နှင့် လှူဖွယ်ပစ္စည်းများကို ပဲခူးမြို့ မြို့မဆရာတော်ကြီးထံသို့ လည်းကောင်း သာဟတ္ထိကဒါနမြောက်ဆက်ကပ်လှူဒါန်းပူဇော်ကြသည်။

ထို့နောက် ကောင်စီတွဲဖက်အတွင်းရေးမှူး၊ ကောင်စီဝင်များ၊ ပြည်ထောင်စု ဝန်ကြီးများနှင့် အခမ်းအနား တက်ရောက်လာကြသူများက လှူဖွယ်ပစ္စည်းများကို သံဃာတော် အရှင်သူမြတ်များထံ ဆက်ကပ်လှူဒါန်းကြသည်။


ယင်းနောက် သန်လျင်မင်းကျောင်းဆရာတော်ကြီးထံမှ အနုမောဒနာတရား နာယူ၍ လှူဒါန်းမှု အစုစုအတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်ဇနီး၊ မိသားစုဝင်များ၊ အဖွဲ့ဝင်များသည် ရတနာစိန်ဖူးတော်၊ ငှက်မြတ်နားတော်တို့ကို မင်္ဂလာဝေါယာဉ်တော်ဖြင့် ပင့်ဆောင်၍ စေတီတော်မြတ်ကြီးအား လက်ယာရစ်လှည့်လည် ပူဇော်ကာ **စာမျက်နှာ ၄ သို့** ★





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့ ရတနာစိန်ဖူးတော်ကို ပရိတ်နံ့သာရည်များ ပက်ဖျန်းကြစဉ်။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ဇနီး ဒေါ်ကြူကြူလှနှင့် မိသားစုဝင်များ၊ အဖွဲ့ဝင်များ၊ အခမ်းအနားတက်ရောက်လာကြသူများနှင့် ဒေသခံတိုင်းရင်းသား ပြည်သူလူထုတို့က မင်္ဂလာကြိုးဆွဲ၍ ရတနာစိန်ဖူးတော်၊ ငှက်မြတ်နားတော်တို့အား မင်္ဂလာရထားပျံဖြင့် စေတီတော်အထွတ်သို့ ပင့်ဆောင်ကြစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့ မင်္ဂလာမော်ကွန်းကျောက်စာတော်အား ပရိတ်နံ့သာရည်များဖြင့် ပက်ဖျန်းစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့ ခေါင်းလောင်းတော်အား ကိုးချက်ထိုးခတ်ပူဇော်၍ မေတ္တာပြုစဉ်။

★ စာမျက်နှာ ၃ မှ

မဟာမင်္ဂလာမဏ္ဍပ်တော်ကြီးရှေ့ရှိ ခေတ္တအပူဇော်ခံနေရာသို့ ပို့ဆောင်ကြသည်။

ထို့နောက် မင်္ဂလာအချိန်တွင် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ ဇနီးနှင့် မိသားစုဝင်များ၊ အဖွဲ့ဝင်များ၊ အခမ်းအနား တက်ရောက်လာကြသူများနှင့် ဒေသခံတိုင်းရင်းသား ပြည်သူလူထုတို့က မင်္ဂလာကြိုးဆွဲ၍ ရတနာစိန်ဖူးတော်၊ ငှက်မြတ်နားတော်တို့အား မင်္ဂလာရထားပျံဖြင့် စေတီတော်အထွတ်သို့ ပင့်ဆောင်ကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များက ရတနာစိန်ဖူးတော်၊ ငှက်မြတ်နားတော်တို့ကိုစေတီတော်အထွတ်၌ တင်လှူပူဇော်၍ ပရိတ်နံ့သာရည်များ ပက်ဖျန်းကြသည်။ တစ်ချိန်တည်းတွင် ကောင်စီအတွင်းရေးမှူး၊ ကောင်စီဝင်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်၊ ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့မှ တာဝန်ရှိသူများက အရံစေတီတော်များအား စိန်ဖူးတော်များကို တင်လှူပူဇော်ပြီး ပရိတ်နံ့သာရည်များ ပက်ဖျန်းကြသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က စေတီတော်မြတ်ကြီးအား ရွှေကြာသကင်္န်းကပ်လှူပူဇော်ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီးတို့သည် ရတနာစိန်ဖူးတော်၊ ငှက်မြတ်နားတော် တင်လှူပူဇော်အောင်မြင်ခြင်းအထိမ်းအမှတ်အဖြစ် ရတနာရွှေမိုး၊ ငွေမိုးများ ရွာသွန်းဖြိုးကြသည်။

ထို့နောက် သံဃာတော်အရှင်သူမြတ်များက ရှေးဟောင်းသမိုင်းဝင် ကျိုက်ပညာယျစေတီတော်မြတ်ကြီးအား ဗုဒ္ဓါဘိသေကအနေကဇာတင်၍ ဗုဒ္ဓါဘိသိက်သွန်းတော်မူကြပြီး ဗုဒ္ဓသာသနံ စိရံ တိဋ္ဌတု သုံးကြိမ်ရွတ်ဆို ဆုတောင်း၍ မဟာမင်္ဂလာ အခမ်းအနားကို ရုပ်သိမ်းခဲ့သည်။

**ခေါင်းလောင်းတော်အား ကိုးချက်ထိုးခတ်ပူဇော်**

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီးတို့က မင်္ဂလာမော်ကွန်းကျောက်စာတော်အား ပရိတ်နံ့သာရည်များဖြင့် ပက်ဖျန်းဖွင့်လှစ်ပြီး ခေါင်းလောင်းတော်အား ကိုးချက်ထိုးခတ်ပူဇော်ကာ မေတ္တာပြု၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် ရှေးဟောင်းသမိုင်းဝင် ကျိုက်ပညာယျစေတီတော်မြတ်ကြီး၏ ဧည့်သည်တော်မှတ်တမ်းစာအုပ်တွင် မှတ်တမ်းတင်လက်မှတ်ရေးထိုး ပူဇော်သည်။ ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီးတို့က တံခွန်တိုင်ကို ပရိတ်နံ့သာရည်များပက်ဖျန်း၍ ဖွင့်လှစ်ပေးသည်။

အခမ်းအနားများအပြီးတွင် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီး၊ အခမ်းအနား တက်ရောက်လာကြသူများသည် ဆရာတော်၊ သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းကြကာ တက်ရောက်လာကြသည့် ဧည့်သည်တော်များအား စတုဒိသာမဏ္ဍပ်များအတွင်း၌ နေ့လယ်စာဖြင့် တည်ခင်းဧည့်ခံခဲ့ကြသည်။

စာမျက်နှာ ၅ သို့ ★





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရတနာစိန်ဖူးတော်၊ ငှက်မြတ်နားတော်တို့ကို စေတီတော်အထွတ်၌ တင်လှူပူဇော်စဉ်။

## နေ့ဆွမ်းဆက်ကပ်လှူဒါန်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့က ဆရာတော်၊ သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းစဉ်။

★ စာမျက်နှာ ၄ မှ

ထို့နောက်နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီးတို့သည် ရှေးဟောင်းသမိုင်းဝင် ကျိုက်ပညာယျ စေတီတော်မြတ်ကြီး ရတနာစိန်ဖူးတော်၊ ငှက်မြတ်နားတော် တင်လှူပူဇော်ပွဲနှင့် ဗုဒ္ဓါဘိသေက အနေကဇာတင် မဟာမင်္ဂလာ အခမ်းအနားများ အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ဆောင်ရွက်ခဲ့ကြသည့် အထောက်အကူပြုအဖွဲ့များနှင့် ပရဟိတ အသင်းအဖွဲ့များအား ချီးမြှင့်ငွေများ ပေးအပ်ချီးမြှင့်သည်။

**❛ရှေးဟောင်းသမိုင်းဝင် ကျိုက်ပညာယျစေတီတော်မြတ်ကြီးသည် လွန်ခဲ့သော နှစ်ပေါင်း ၁၀၀၀ ခန့် သာသနာသက္ကရာဇ် ၁၄၇၆ ခုနှစ်၊ ကောဇာသက္ကရာဇ် ၂၉၄ ခုနှစ် ပဲခူး ဟံသာဝတီခေတ်တွင် ထီးနန်းစိုးစံခဲ့ကြသည့်သမလမင်းဆက် (၁၇)ဆက်အနက် အဋ္ဌမမြောက် မွန်မင်းဆက်ဖြစ်သည့် ဂိဇ္ဈဓိယမင်းနှင့် မိဖုရားတို့ တည်ထားကိုးကွယ်ခဲ့သည့် ကျိုက်ပညာယျ၊ ကျိုက်ပုညယျ၊ ကျိုက်မာလာယျ စေတီတော်မြတ်များအနက် ဉာဏ်တော်အမြင့်ဆုံးစေတီဖြစ်ပြီး စေတီတော်များရှိ ဌာပနာတိုက်များအတွင်း ရှေးမင်းအဆက်ဆက်တို့ ကိုးကွယ်တော်မူခဲ့သော မြတ်စွာဘုရားရှင်၏ သရီရဓာတ်တော်များ၊ အများပြည်သူတို့ လှူဒါန်းသည့် ရွှေ ငွေ၊ ကျောက်သံပတ္တမြားများကို ထည့်သွင်းပူဇော်တည်ထားခဲ့ရာ သာသနာသက္ကရာဇ် ၁၄၈၀ ပြည့်နှစ်၊ ကောဇာသက္ကရာဇ် ၂၉၈ ခုနှစ်တွင် တည်ထားပြီးမြောက်တော်မူခဲ့❜**

အဆိုပါ ရှေးဟောင်းသမိုင်းဝင် ကျိုက်ပညာယျစေတီတော်မြတ်ကြီးသည် လွန်ခဲ့သော နှစ်ပေါင်း ၁၀၀၀ ခန့် သာသနာသက္ကရာဇ် ၁၄၇၆ ခုနှစ်၊ ကောဇာသက္ကရာဇ် ၂၉၄ ခုနှစ် ပဲခူး ဟံသာဝတီခေတ်တွင် ထီးနန်းစိုးစံခဲ့ကြသည့် သမလမင်းဆက် (၁၇)ဆက် အနက် အဋ္ဌမမြောက် မွန်မင်းဆက် ဖြစ်သည့် ဂိဇ္ဈဓိယမင်းနှင့် မိဖုရားတို့ တည်ထားကိုးကွယ်ခဲ့သည့် ကျိုက်ပညာယျ၊ ကျိုက်ပုညယျ၊ ကျိုက်မာလာယျ စေတီတော်မြတ်များအနက် ဉာဏ်တော်အမြင့်ဆုံး စေတီဖြစ်ပြီး စေတီတော်များရှိ ဌာပနာတိုက်များအတွင်း ရှေးမင်းအဆက်ဆက်တို့ ကိုးကွယ်တော်မူခဲ့သော မြတ်စွာဘုရားရှင်၏ သရီရဓာတ်တော်များ၊ အများပြည်သူတို့ လှူဒါန်းသည့် ရွှေ ငွေ၊ ကျောက်သံပတ္တမြားများကို ထည့်သွင်းပူဇော်တည်ထားခဲ့ရာ သာသနာသက္ကရာဇ် ၁၄၈၀ ပြည့်နှစ်၊ ကောဇာသက္ကရာဇ် ၂၉၈ ခုနှစ်တွင် တည်ထားပြီးမြောက်တော်မူခဲ့သည်။ ယင်းနောက် ခေတ် အဆက်ဆက်တွင် အကြောင်း အမျိုးမျိုးကြောင့် ပျက်စီးယိုယွင်းမှုများ ဖြစ်ပေါ်ခဲ့သဖြင့် နိုင်ငံတော်အစိုးရ၊ တပ်မတော်၊ ဒေသခံပြည်သူများ၊ စေတနာရှင် အလှူရှင်များက ခေတ်အဆက်ဆက် ပြုပြင်မွမ်းမံခဲ့ကြရာ စေတီသုံးဆူအနက် ကျိုက်ပညာယျ စေတီတော်မြတ်ကြီးအား ဉာဏ်တော်အမြင့် ၂၀၄ ပေ၊ ထီးတော်အမြင့် ၄၃ ပေဖြင့် ပြန်လည် တင်လှူပူဇော်နိုင်ရေး ပဲခူးမြို့ ဓမ္မာလင်္ကာရကျောင်း အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဝိသုဒ္ဓ ဆရာတော်ကြီး အမှူးပြု၍ ခုနစ်ရက်သားသမီးများ၏ စုပေါင်းလှူဒါန်းမှုဖြင့် မြန်မာသက္ကရာဇ် ၁၃၇၃ ခုနှစ် တပေါင်းလပြည့်ကျော် ၁၄ ရက်၊ ခရစ်နှစ် ၂၀၁၂ ခုနှစ် မတ် ၂၁ ရက်တွင် စတင်ဆောင်ရွက်ခဲ့သည်။ ၂၀၁၂ ခုနှစ် စက်တင်ဘာလတွင် ဆရာတော်ကြီး ပျံလွန်တော်မူခဲ့ပြီး ၂၀၁၉ ခုနှစ် ဇူလိုင်လတွင် စေတီတော်ကြီး ပြန်လည်တည်ထားကိုးကွယ်ရေးလုပ်ငန်းများမှာ ခေတ္တရပ်ဆိုင်းခဲ့ရကာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ လမ်းညွှန်မှုဖြင့် ၂၀၂၃ ခုနှစ် ဖေဖော်ဝါရီ ၁၉ ရက်တွင် စေတီတော်ကြီး ပြုပြင်မွမ်းမံတည်ဆောက်ရေး လုပ်ငန်းများ ပြန်လည်စတင်နိုင်ခဲ့ပြီး ခုနစ်ရက်သားသမီး စေတနာရှင်အလှူရှင်များ၏ စုပေါင်းလှူဒါန်းမှုဖြင့် ဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး ယနေ့တွင် ရှေးဟောင်းသမိုင်းဝင် ကျိုက်ပညာယျ စေတီတော်မြတ်ကြီးအား ဘက်စုံပြုပြင်မွမ်းမံ၍ ရတနာစိန်ဖူးတော်၊ ငှက်မြတ်နားတော် တင်လှူပူဇော်ပွဲနှင့် ဗုဒ္ဓါဘိသေက အနေကဇာတင် မဟာမင်္ဂလာ အခမ်းအနားများကို စည်ကား သိုက်မြိုက်စွာဖြင့် အောင်မြင်စွာ ကျင်းပပြုလုပ်နိုင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ရတနာစိန်ဖူးတော်၊ ငှက်မြတ်နားတော် တင်လှူပူဇော်အောင်မြင်ခြင်းအထိမ်းအမှတ်အဖြစ် ရတနာ ရွှေမိုး၊ ငွေမိုးများ ရွာသွန်းဖြိုးစဉ်။

ကမ္ဘာ့ရေနေ့ ဂုဏ်ပြုဆောင်းပါး

# နွေရာသီမှာ ရေကိုချွေတာပါ

ခင်သန်းမြင့်

**မြန်မာနိုင်ငံမှာ နွေရာသီက အခုမှမတ်လလယ်ရှိသေးတယ် ရန်ကုန်မှာတော့ အတော်ပူပြင်းလာပြီ။ နံနက် ၉ နာရီကျော် ၁၀ နာရီဆိုတာနဲ့ နေမင်းကြီးက လင်းထိန်လာပြီး ညနေနေစောင်းတဲ့အထိ တောက်လျှောက် ချစ်ချစ်တောက်ပူတော့တာပါပဲ။ လူကြီးတွေသာမက လူငယ်တွေပါ ထီးကိုယ်စီနဲ့ ရန်ကုန်နွေရဲ့အပူဒဏ်ကို အန်တုနေကြရတယ်။**



ဒီကြားထဲ တစ်နေ့က ရေပိုက်လေခိုပြီး ရေမရတော့လို့ တစ်အိမ်လုံး ရေကို ချွေတာသုံးစွဲဖို့ သတိပေးနေရတယ်။ ကျွန်မကလည်း ခါတိုင်းလိုပဲ ရေမောင်းတဲ့မော်တာ မီးခလုတ်လေးကို ဖွင့်ပြီး လုပ်စရာကိုင်စရာလေးတွေ လုပ်နေမိတယ်။ ငါးမိနစ်၊ ဆယ်မိနစ်ကြာတဲ့အချိန်ထိရေမလာမှ ပြန်ပိတ်လိုက်တော့ လေခိုသွားတာပေါ့။ ရေချူပြီး ပြန်ဖွင့်တော့လည်း ရေက မလာပြန်ဘူး။ ရေစက်မောင်းနေကျ ဦးလေးကြီးကို မေးကြည့်မှ ရေတွင်းက ရေကျသွားလို့ ရေကို အရင်လို တစ်ခါတည်း လိုသလောက်တင်လို့ မရတော့ဘူး၊ နားနားပြီးတင်နေရတယ်တဲ့။ ရေကန်ထဲ ရေနည်းနေချိန်၊ ရေနဲ့ပိုက် လွတ်နေချိန်မှာ မသိဘဲ ရေတင်နေကြတော့ တချို့အခန်းတွေဆို မော်တာလောင်ကုန်ကြလို့ အသစ်ပြန်လဲယူရတယ်ဆိုပဲ။

မြန်မာနိုင်ငံမှာ ပူပြင်းခြောက်သွေ့တဲ့ နွေရာသီရောက်ပြီဆိုရင် မြေအောက်ရေတွေ ခန်းခြောက်၊ ယုတ်လျော့လေ့ရှိတာကြောင့် ရေအခက်အခဲကြုံတွေ့ရစမြဲပါ။ မှတ်မိသေးတယ် ကျွန်မတို့ငယ်စဉ်က မြို့သစ်မှာ အခုလိုနွေရာသီဆို ဘုံပိုင်ကလာတဲ့ရေကို ညသန်းခေါင်သန်းလွဲအထိ စောင့်ပြီး ခပ်ကြရတယ်။ တတ်နိုင်သူအချို့ကတော့ ရေစည်လှည်း ဝယ်သုံးကြတာပေါ့။ ရေတိုင်ကီတစ်လုံး တင်ထားတဲ့ ရေတွန်းလှည်းတစ်စည်ကို ကိုယ်တိုင် ရေစက်မှာ စောင့်ပြီးတွန်းယူရင် ၇၅ ပြား(သုံးမတ်)ပေးရတယ်။ ရေဆွဲထည့်ပေးတဲ့ ရေတွန်းလှည်းသမားငှားပြီး ထည့်ရင် တစ်ကျပ်၊ တစ်ကျပ်ခွဲ။ ဘယ်လိုပဲ ထည့်ထည့် ချက်ချင်းမရသလို လိုသလောက်လည်း မရပါဘူး။ ရေရောင်းတဲ့ အဝီစိတွင်းရေစက်မှာ ရေတွန်းလှည်းတွေ သူ့အလှည့်၊ ကိုယ့်အလှည့် တန်းစီစောင့်ကြရတာပါပဲ။ ရေတွန်းလှည်းငှားပြီး ထည့်ရင်လည်း အလွယ်တကူခေါ်မရဘူး။ သူတို့က နွေရာသီဆို ပျိုတိုင်းကြိုက်တဲ့ နှင်းဆီခိုင်တွေ။ အော်ဒါတွေက အပြည့်။ ကိုယ့်အလှည့်ရောက်ဖို့ စောင့်ပေဦး။

ကျွန်မတို့အိမ်က ရေလာတော့ အနီးပတ်ဝန်းကျင်က အိမ်နီးချင်းတွေ အကုန်လုံး ပုံးကြီး ပုံးငယ်ကိုယ်စီနဲ့ ညတိုင်းရေလာခပ်ကြတယ်။ အဖေက ရေဘုံပိုင်နားမှာ မီးချောင်းတွေထွန်းပေးထားလို့ ပွဲတော်ကြီးတမျှပဲ။ တစ်ရက်တော့ အိမ်နားက ဦးလေးကြီး တစ်ယောက် ညဘက်ရေခပ်ပြီး မနက်ဆေးရုံအရေးပေါ်ပြေးတက်လိုက်ရတယ်။ အူအတက် ပုပ်နေတာမသိဘဲ ရေပုံးနှစ်ပုံးနဲ့ ရေဆွဲကောင်းနေလိုက်တာ မနက်ကျမှ အောင့်တယ်၊ အောင့်တယ်ဆိုပြီး ဆေးရုံအချိန်မီရောက်သွားလို့ သေကံမရောက် သက်မပျောက်ဖြစ်ရတယ်။

**ကလေးငယ်ပေါင်း သန်းနဲ့ချီသေဆုံး**

ငယ်စဉ်တုန်းကတော့ နွေရာသီဆို မြန်မာနိုင်ငံမှာ ရေဒုက္ခရောက်လိုက်တာပေါ့။ အရွယ်ရောက်လို့ ကမ္ဘာကြည့်ကြည့်နိုင်တဲ့အချိန်ကျတော့ ကျွန်မတို့နွေရာသီရေဒုက္ခက ဘာဟုတ်သေးလို့တုန်း။ ကမ္ဘာ့လူဦးရေရဲ့ ထက်ဝက်ခန့်ဟာ ကျန်းမာရေးနဲ့ညီညွတ်တဲ့ သန့်စင်တဲ့ရေကို မသုံးစွဲနိုင်ကြဘူးတဲ့။ အထူးသဖြင့် ဖွံ့ဖြိုးဆဲနိုင်ငံတွေက လူအများစုဆိုရင် ကျန်းမာရေးနဲ့ မညီညွတ်တဲ့ရေကိုသာ သောက်သုံးနေရတဲ့အတွက် ဝမ်းပျက်ရောဂါ၊ ကာလဝမ်းရောဂါလို ကူးစက်တတ်တဲ့ ရောဂါပေါင်းစုံဖြစ်ပွားခဲ့ကြပြီး ကလေးငယ်ပေါင်း သန်းနဲ့ချီသေဆုံးခဲ့ကြတယ်။

ဖွံ့ဖြိုးဆဲနိုင်ငံတွေက အမျိုးသမီးသန်းပေါင်းများစွာနဲ့ ကျောင်းသားအရွယ် ကလေးငယ်တွေဆိုရင်လည်း သောက်ရေ၊ သုံးရေရရှိရေးအတွက် နေ့စဉ် အပင်ပန်းခံကြရတယ်။ ကျေးလက်ဒေသနေ အိမ်ထောင်စုသန်းပေါင်းများစွာထဲက အမျိုးသမီးတွေဟာ မိမိတို့နေထိုင်ရာကနေ မိုင်ပေါင်းများစွာ ကွာလှမ်းတဲ့ နေရာတွေအထိ နေ့စဉ်သွားရောက်ရေခပ်ကြရတယ်တဲ့။

လွန်ခဲ့တဲ့ ဆယ်စုနှစ်များစွာကဆိုရင် ဘိုလီဗီးယားနဲ့ ကိုလံဘီယာနိုင်ငံတွေမှာ မူလတန်းကျောင်းသားငယ်တွေ ရေခပ်နိုင်ရေးအတွက် နံနက်ပိုင်းကျောင်းချိန်ကို နွေရာသီမှာ တရားဝင်ပိတ်ပေးခဲ့ရတယ်။ ဆူဒန်နိုင်ငံက ကလေးငယ်အများစုဆိုရင် မိသားစုအတွက် သုံးရေနဲ့ သောက်ရေ ခပ်ရင်း အချိန်ကုန်နေရတဲ့အတွက် ကျောင်းနေခွင့်မရတာကို တွေ့ရတယ်လို့ ကုလသမဂ္ဂအဖွဲ့ကြီးမှ လေ့လာသူများကဆိုကြတယ်။ အီသီယိုးပီးယားနိုင်ငံဆိုလည်း တစ်ချိန်က သောက်ရေ၊ သုံးရေရရှိဖို့ လက်ယက်တွင်းမှာ တစ်နေကုန်စောင့်ဆိုင်းပြီး ရေခပ်ကြရတယ်။

**သန့်ရှင်းသော သောက်ရေ၊ သုံးရေရရှိရေး**

မြို့တွေမှာ နေထိုင်တဲ့သူထက်ဝက်ကျော်ခန့်ပဲ မိမိတို့နေထိုင်ရာအိမ်တွေကို ပိုက်နဲ့ရေသွယ်ပြီး အသုံးပြုနိုင်ကြပါတယ်။ ရေသန့်ရရှိရေးနဲ့ သန့်ရှင်းမှုအတွက် ဆောင်ရွက်ရေးမှာ အခက်အခဲများစွာရှိပါတယ်။ မြေအောက်ရေကို စုပ်ယူရာမှာ လျှပ်စစ်စွမ်းအင်အပြင် နေရောင်ခြည်စွမ်းအင်၊ လေစွမ်းအင် အကူအညီတွေနဲ့ စုပ်ယူရသလို မြို့ရွာတွေရှိ အိမ်ထောင်စုတိုင်း သန့်ရှင်းသော သောက်ရေ၊ သုံးရေရရှိရေးအတွက် ပိုက်သွယ်တန်းပြီး ဆောင်ရွက်ရတဲ့ ရေသွယ်ယူရေး အစီအစဉ်ကလည်း ငွေကြေးအကုန်အကျများပါတယ်။

ပိုက်လုံးမှတစ်ဆင့် ပေးပို့တဲ့အခါမှာလည်း တစ်ခါတစ်ရံ ရေအားမမှန်တဲ့အခါ ပြတ်တောင်း ပြတ်တောင်းနဲ့ ရေအားကျသွားခြင်း၊ အချို့ပိုက်လုံးတွေဆို ရေမလုံခြင်းတွေလည်း ကြုံတွေ့ရပါတယ်။ ဖွံ့ဖြိုးဆဲနိုင်ငံအချို့ဆို သောက်သုံးရေသွယ်တဲ့ ပိုက်လုံးတွေနဲ့ မိလ္လာပိုက်လုံးတွေကို မျဉ်းပြိုင်ယှဉ်ပြီး သွယ်တန်းခဲ့ကြလို့ ပြင်ပမှ အညစ်အကြေးတွေဟာ သောက်သုံးရေပေးတဲ့ ပိုက်လုံးအတွင်း အလွယ်တကူစိမ့်ဝင်မှုမျိုးရှိခဲ့ပါတယ်။ မသန့်ရှင်းတဲ့ရေကို သုံးစွဲမိသူတွေဟာ အနာပေါင်းစုံစွဲကပ်လာကြတဲ့အပြင် ဝမ်းပျက်ရောဂါ၊ ကာလဝမ်းရောဂါတွေပါ ဖြစ်ပွားပြီး အသက်ဆုံးရှုံးတဲ့အထိ ခံစားခဲ့ကြရပါတယ်။ အာဖရိကတိုက်မှာဆိုရင် တစ်ချိန်က မသန့်ရှင်းတဲ့ရေကြောင့် မျက်ကန်းရောဂါ အများအပြား ဖြစ်ပွားခဲ့ဖူးပါတယ်။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ရဲ့ လေ့လာသုံးသပ်ချက်တွေအရ ကမ္ဘာ အရပ်ရပ်မှာဖြစ်ပွားတဲ့ ရောဂါအမျိုးမျိုး အနက် ၈၀ ရာခိုင်နှုန်းခန့်ဟာ ရေကြောင့်ဖြစ်တဲ့ ရောဂါမျိုးလို့ဆိုတယ်။ သေဆုံးမှုနှုန်းအများဆုံးကတော့ ဝမ်းပျက်ရောဂါစွဲကပ်သူတွေ ဖြစ်တယ်လို့ ဆိုတယ်။

အကယ်၍ လူတိုင်းသန့်စင်တဲ့ရေကို သောက်သုံးပြီး အညစ်အကြေးစွန့်ပစ်မှုကိုလည်း စနစ်တကျဆောင်ရွက်ကြမယ်ဆိုရင် လူတိုင်းကျန်းမာရေးအခြေအနေကောင်းမွန်တိုးတက်လာပြီး ကလေးငယ်တွေ သေဆုံးမှုနှုန်းလည်း လျော့နည်းသွားနိုင်တယ်လို့ သုံးသပ်ခဲ့ကြတယ်။ ဒါ့အပြင် ရေကိုအလွယ်တကူရနိုင်မယ်ဆိုရင် မျက်မှောက်ကာလလို ရေအတွက် အချိန်ဖြုန်းတီးမနေရတော့ဘဲ ကုန်ထုတ်လုပ်မှုလုပ်ငန်းတွေမှာ အချိန်ကို အသုံးချနိုင်မယ်။ ထိုနည်းတူစွာပဲ ဖွံ့ဖြိုးဆဲနိုင်ငံတွေမှာ ရိုးရာဓလေ့လို ခေတ်အဆက်ဆက် ရေခပ်လုပ်ငန်းကို လုပ်ကိုင်နေရတဲ့ အမျိုးသမီးတွေအတွက်လည်း အိမ်ထောင်စုထိန်းသိမ်းတဲ့ လုပ်ငန်း၊ အိမ်ထောင်စုအတွက် အပိုဝင်ငွေရရှိနိုင်ရေး လုပ်ငန်းတွေကို ဆောင်ရွက်နိုင်မယ်၊ အေးချမ်းစွာ ပညာသင်ကြားနိုင်မှာဖြစ်တယ်လို့ ဆိုတယ်။ ဒီအတွက် ကုလသမဂ္ဂနဲ့ကုလသမဂ္ဂ လက်အောက်ခံ အဖွဲ့အစည်းတွေက လူတိုင်း သန့်ရှင်းသောရေရရှိရေးနဲ့ နေထိုင်မှုသန့်ရှင်းရေးကို ၁၉၈၀ ကျော်လွန် နှစ်များအတွင်းကစပြီး ဆောင်ရွက်ဖို့ ဆုံးဖြတ်ခဲ့ကြပါတယ်။

လက်ရှိအချိန်အထိ ကမ္ဘာ့လူဦးရေရဲ့ လေးပုံတစ်ပုံဟာ အန္တရာယ်ကင်းအောင် စီမံထားတဲ့သောက်ရေ မရရှိကြသေးဘူးလို့ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီး (WHO)က အစီရင်ခံထားပါတယ်။ ဒါဟာ ကမ္ဘာပေါ်က လူသန်း ၂၀၀၀ ခန့်ဟာ သောက်ရေသန့် မရရှိကြသေးဘူးလို့ ဆိုလိုတာဖြစ်ပါတယ်။ တစ်ဆက်တည်းမှာပဲ နှစ်စဉ်ကမ္ဘာပေါ်မှာ လူပေါင်း ရှစ်သိန်းသုံးသောင်းခန့်ဟာ ရေကြောင့် ဖြစ်ရတဲ့ ဝမ်းပျက်ဝမ်းလျှောရောဂါတွေကြောင့် သေဆုံးခဲ့ရပါတယ်။ အများစုက ငါးနှစ်အောက်ကလေးတွေဖြစ်တယ်လို့ သိရပါတယ်။ အန္တရာယ်ကင်းတဲ့ သောက်သုံးရေနဲ့ သန့်ရှင်းတဲ့ပတ်ဝန်းကျင်တစ်ရပ်ရှိမယ်ဆိုရင် ဒီသေဆုံးမှုတွေကို ကာကွယ်နိုင်တယ်လို့ ဆိုပါတယ်။

**သန်းထောင်နဲ့ချီတဲ့ ကမ္ဘာ့ပြည်သူတွေ**

ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် Antonio Guterres ကလည်း မကြာသေးမီက တွစ်တာကနေတစ်ဆင့် “သောက်သုံးရေရရှိရေးနဲ့ သန့်ရှင်းရေးကို ၂၀၃၀ ပြည့်နှစ်မှာ တစ်ကမ္ဘာလုံး အတိုင်းအတာနဲ့ရရှိအောင် ဖော်ဆောင်ဖို့ ချမှတ်ထားပေမယ့်လည်း ဒါကိုအကောင်အထည်ဖော်နိုင်ခြင်းမရှိတာကို ဝမ်းနည်းဖွယ်တွေ့မြင်နေရတယ်” လို့ ပြောဆိုခဲ့ပါတယ်။ လက်ရှိအချိန်အထိ သန်းထောင်နဲ့ချီတဲ့ ကမ္ဘာ့ပြည်သူတွေဟာ ဘေးအန္တရာယ်ကင်းပြီး သန့်ရှင်းတဲ့ သောက်သုံးရေမရရှိကြသလို အိမ်သာတွေလည်း မရှိကြသေးဘူးလို့ အတွင်းရေးမှူးချုပ်က ပြောထားပါသေးတယ်။

ကဲ... သန့်ရှင်းတဲ့သောက်သုံးရေ ရရှိသုံးစွဲနိုင်ဖို့ဆိုတာ လွယ်ကူကြရဲ့လား။ နေပြည်တော်၊ ရန်ကုန်စတဲ့မြို့ကြီးပြကြီးတွေမှာ နေထိုင်ကြသူတွေအဖို့ကတော့ သာမန်ကြည့်ရင် လွယ်ကူတယ်လို့ ထင်ကောင်းထင်ကြမှာပါပဲ။ လက်ညှိုးကလေးတစ်ချောင်းနဲ့ ရေမော်တာခလုတ်လေးကို ဒေါက်ဗိုးဆိုပြီး ဖွင့်လိုက်တာနဲ့ ရေက ပိုက်ထဲက ကျလာတာကိုး။ အလွယ်တကူရတော့လည်း အချို့က ရေကို ချွေတာရကောင်းမှန်း မသိကြတော့ဘူး။ တချို့က မျက်နှာသစ်စဉ်၊ သွားတိုက်နေစဉ်မှာ ရေပိုက်ခေါင်းကို ပိတ်ထားရကောင်းမှန်း မသိကြဘူး၊ ဖွင့်ထားကြတယ်။ တချို့က ပန်းကန်ခွက်ယောက် ဆေးကြောတဲ့အခါ ရေပိုက်ခေါင်းကို တောက်လျှောက် အစအဆုံးဖွင့်ပြီး ဆေးကြောကြတယ်။ အဝတ်လျှော်၊ ရေချိုးတာကအစ ရေကို သုံးစွဲရာမှ စနစ်တကျမဟုတ်ဘဲ ဖုံးပေါလအောသုံးတတ်ကြတယ်။

မိုးနည်းရေရှားမြေလတ်နဲ့ အထက်အညာဒေသတွေမှာတော့ မိုးအခါနဲ့ ဆောင်းအခါ ရေတွင်းတွေ ရေမနည်းမီ ရေကို ဝအောင်ချိုးကြရတယ်။ အခုလို တပေါင်းလကစပြီး တစ်နွေလုံး ရေကို တတ်နိုင်သလောက် ချွေတာကြပေရော့။ အချို့ကျေးလက်တောရွာတွေမှာ နွေရာသီ ရေရှားပြီဆိုရင် ကိုယ်ကို ရေလောင်းချိုးနိုင်တဲ့အခြေအနေ မရှိတော့ဘူး။ အဝတ်ရေဆွတ်ပြီး ရေပတ်တိုက်ကြရတယ်။ **စာမျက်နှာ ၇ သို့** ✤

**“လက်ရှိအချိန်အထိ ကမ္ဘာ့လူဦးရေရဲ့ လေးပုံတစ်ပုံဟာ အန္တရာယ်ကင်းအောင်စီမံထားတဲ့ သောက်ရေ မရရှိကြသေးဘူးလို့ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီး (WHO)က အစီရင်ခံထားပါတယ်။ ဒါဟာ ကမ္ဘာပေါ်က လူသန်း ၂၀၀၀ ခန့်ဟာ သောက်ရေသန့်မရရှိကြသေးဘူးလို့ ဆိုလိုတာဖြစ်ပါတယ်။ တစ်ဆက်တည်းမှာပဲ နှစ်စဉ်ကမ္ဘာပေါ်မှာ လူပေါင်း ရှစ်သိန်းသုံးသောင်းခန့်ဟာ ရေကြောင့်ဖြစ်ရတဲ့ ဝမ်းပျက်ဝမ်းလျှောရောဂါတွေကြောင့် သေဆုံးခဲ့ရပါတယ်။ အများစုက ငါးနှစ်အောက်ကလေးတွေဖြစ်တယ်လို့ သိရပါတယ်။ အန္တရာယ်ကင်းတဲ့ သောက်သုံးရေနဲ့ သန့်ရှင်းတဲ့ပတ်ဝန်းကျင်တစ်ရပ်ရှိမယ်ဆိုရင် ဒီသေဆုံးမှုတွေကို ကာကွယ်နိုင်”**

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများ အပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှု မပြုခြင်းသည် ပြည်သူ လူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက် ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။




## စားသုံးဆီ ထုတ်လုပ်နိုင်သော ဆီချောစက်ရုံများ တည်ထောင်ဆောင်ရွက်နိုင်ပါက ဆီဖူလုံမှုကို အထောက်အကူပြုစေနိုင်မည်ဖြစ်ပြီး လုပ်ကွက်ငယ် ဆီအုန်းတောင်သူများအတွက် ဈေးကွက် ဖန်တီးပေးနိုင်မည်

နေပြည်တော် မတ် ၁၇

တနင်္သာရီတိုင်းဒေသကြီး၏ စိုက်ပျိုးရေးနှင့် ငါး၊ ပုစွန် ထုတ်လုပ်မှု တိုးတက်မြင့်မားရေး၊ ဒေသ၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်ချက်များ ဖြည့်ဆည်း ဆောင်ရွက်ပေးရန် ကော့သောင်းမြို့၌ ရောက်ရှိနေသော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်သည် တနင်္သာရီတိုင်းဒေသကြီး ဝန်ကြီးချုပ်ဦးမြတ်ကို၊ ဌာနဆိုင်ရာတာဝန် ရှိသူများနှင့်အတူ ယမန်နေ့ ညနေပိုင်းတွင် နှစ်ရှည်ပင်များ သုတေသနနှင့် နည်းပညာဖွံ့ဖြိုးရေးခြံ (မလိဝမ်း) နှင့် ခမောက်ကြီးမြို့ ယုဇနဆီအုန်းကုမ္ပဏီတို့၏ လုပ်ငန်းဆောင်ရွက်နေမှုကို ကွင်းဆင်းကြည့်ရှုပြီး လိုအပ်သည်များ ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် စိုက်ပျိုးရေးဦးစီးဌာန နှစ်ရှည်သီးနှံဌာနခွဲ နှစ်ရှည်ပင်များသုတေသနနှင့် နည်းပညာဖွံ့ဖြိုးရေးခြံ (မလိဝမ်း)၌ ကိုကိုးပင်များ စိုက်ပျိုးထားရှိမှုနှင့် နည်းပညာပေးလုပ်ငန်း ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး တောင်သူများ လက်တွေ့စိုက်ပျိုးနိုင်ရေးအတွက် မြေပြင်ကွင်းဆင်း ပညာပေး စည်းရုံး ဆောင်ရွက်ရန်နှင့် ကိုကိုးစိုက်တောင်သူ



ခြံငယ်များကို စီးပွားဖြစ် စိုက်ပျိုးထုတ်လုပ်မှုအဖြစ် တိုးချဲ့လုပ်ကိုင်နိုင်စေရေး အားပေးကူညီ ဆောင်ရွက်ပေးရန် လိုအပ်ချက်များကို ဆွေးနွေးမှာကြားသည်။

အဆိုပါသုတေသနခြံတွင် ကိုကိုးပင် ၈၀၀ ကို သုတေသနပြုစိုက်ပျိုးထားရှိရာ ယခုအခါ အပင် ၅၀ ရာခိုင်နှုန်းကျော်တွင် ကိုကိုးသီးများရရှိနေပြီဖြစ်၍ ဒေသခံတောင်သူများအနေဖြင့် ရော်ဘာပင်နှင့် ကွမ်းသီးပင်များအကြား ကိုကိုးပင်များစိုက်ပျိုးခြင်းကို အထူး စိတ်ဝင်စားလျက်ရှိကြောင်း သိရသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ခမောက်ကြီးမြို့ရှိ ယုဇနဆီအုန်း ကုမ္ပဏီ၏ ဆီအုန်းစိုက်ကွင်း၊ ဆီအုန်းပျိုးပင်များ၊ ဆီအုန်း ဆီကြိမ်းစက်ရုံနှင့် ဆီအုန်းကြိတ်ဖတ်များကို သဘာဝမြေဩဇာအဖြစ် ထုတ်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးပြီး ကုမ္ပဏီတာဝန်ရှိသူများကို ဆီအထွက်နှုန်းကောင်းသည့် ပျိုးပင်များဖြင့် အစားထိုး စိုက်ပျိုးနိုင်ရေး၊ ဆီသီးခိုင်များ အပြည့်အဝ ခူးယူကြိတ်ခွဲနိုင်ရေး၊ ဆီသီးကုန်ကြမ်းရရှိနိုင်သည်နှင့်အမျှ ဆီကြမ်းစက်ရုံများ ပိုမို တိုးချဲ့တည်ထောင်နိုင်ရေး ဆွေးနွေးပြောကြားကာ ဆီသန့်ဆီချောစက်ရုံ တည်ဆောက်မည့်နေရာကို ကြည့်ရှုစစ်ဆေး၍ စက်ရုံနှင့် လုပ်ကွက်ငယ် ဆီအုန်းတောင်သူများအတွက် ဖြည့်ဆည်းပေးရန် လိုအပ်ချက်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ညပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် ကော့သောင်းမြို့ မဥ္ဇူသကခန်းမ၌ တိုင်းဒေသကြီး၊ ခရိုင်နှင့်မြို့နယ်အဆင့် ဝန်ထမ်းများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံ၍ ဝန်ထမ်းများ၏ တင်ပြချက်များကို ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးကာ ဒေသအလိုက် လယ်ယာ၊ သား၊ ငါး ကုန်ထုတ်လုပ်မှု တိုးတက်ရေးနှင့် စားရေရိက္ခာဖူလုံရေးအတွက် နိုင်ငံတော်အစိုးရ၏ လမ်းညွှန်ချက်များကို အောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေး ကြိုးပမ်းကြရန်၊ နိုင်ငံ့ဝန်ထမ်း ဥပဒေ၊ စည်းမျဉ်းစည်းကမ်းများနှင့်အညီ လိုက်နာကျင့်သုံးရန်နှင့် ဝန်ထမ်းများ၏ ကျန်းမာရေး၊ သက်သာချောင်ချိရေးကို တာဝန်ရှိသူ အဆင့်ဆင့်က စနစ်တကျ စီမံဆောင်ရွက်ပေးရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်

## ကျိုင်းတောင်းမြို့၌ ဆောင်းနေကြာစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်း

ကျိုင်းတောင်း အောက်တိုဘာ ၁၇

ရှမ်းပြည်နယ်(တောင်ပိုင်း) မိုးနဲမြို့နယ် ကျိုင်းတောင်းမြို့၌ ဆောင်းနေကြာစိုက်ပျိုးထားရှိမှု အောင်မြင်ဖြစ်ထွန်းလျက်ရှိကြောင်း သိရသည်။

"ကျွန်တော်တို့က စိုက်ပျိုးရေးလုပ်ငန်းနဲ့ အသက်မွေးဝမ်းကျောင်းပြုရသည့်အတွက် ရာသီအလိုက် သီးနှံမျိုးစုံ စိုက်ပျိုးပါတယ်။ အခုမြင်တွေ့နေရတဲ့ ဆောင်းနေကြာစိုက်ခင်းကတော့ အိမ်သုံးအနေနဲ့စမ်းပြီးစိုက်ပျိုးကြည့်တာပါ။ အောင်မြင်တယ်ဆိုရင်တော့ နောက်နှစ်တွေမှာ တိုးချဲ့စိုက်ပျိုးဖို့ရှိပါတယ်။ မျိုးစေ့တွေကို စိုက်ပျိုးရေးဦးစီးဌာနကနေ ဝယ်ယူစိုက်ပျိုးပါတယ်"ဟု ဆောင်းနေကြာစိုက်ပျိုးသည့် တောင်သူတစ်ဦးက ပြောသည်။

သီဟ(ပြန်/ဆက်)



✤ စာမျက်နှာ ၆ မှ

ယောကျ်ားများဆိုရင် ရေအိုးရှေ့မှာ ခါးတောင်းမြှောင်အောင် ကျိုက်ပြီး လက်ဝါးနှစ်ဖက်နဲ့ ရေကိုယူ၊ မျက်နှာသစ်၊ ပခုံး၊ ရင်ဘတ်တို့ကို လက်နဲ့သပ်ချ၊ ပေါင်တွေကို လက်ဝါးရေစိုနဲ့ပွတ်ရတယ်။ ကိုယ်ရေသပ်တယ်လို့ ခေါ်ကြပါတယ်။ ဒီနည်းနဲ့ပဲ ရေနို့ဆီဘူးတစ်လုံးခန့်နဲ့ တစ်နေ့တာအတွက် ရေချိုးခြင်းပြီးကြရတယ်။ မြို့ကြီးသားတွေလို ရေကို ကိုယ်ပေါ်လောင်းချိုးဖို့ဆိုတာ မကြံကောင်းမစည်ရာပါပဲ။

ရေကို ဒီလိုမခြိုးခြံမချွေတာလို့လည်း မရပါဘူး။ ရေတွင်းရှိတဲ့ရွာတွေမှာတောင် ရေတစ်တွင်းကို လူနှစ်ဆယ်အစိတ်လောက် အပြိုင်ငင်လိုက်ကြတာနဲ့ ရေက တဖြည်းဖြည်းနည်းလာပြီ။ တစ်ယောက်က မပြတ်ငင်နေ၊ တစ်ယောက်က အိမ်ပြန်ပို့နေတာတောင် တစ်မနက်မှာ တစ်အိမ်ကို ရေသုံးလေးအိုးစီပဲရတတ်ကြတယ်။ အချို့ရွာတွေဆိုရင် နွေရာသီမှာ သောက်သုံးရေရဖို့ ဝေးလံတဲ့အရပ်အထိ သွားပြီးရေခပ်ကြရတယ်။

ဒီလိုမျိုး အထက်အညာဒေသတွေမှာ နွေရာသီဆို ရေရှားပါးပြီး ရေအခက်အခဲတွေ ကြုံရတယ်ဆိုတာ အစကတော့ ကျွန်မတို့လည်းမသိပါဘူး။ ဘိုးဘွားမိဘတွေက ပြောပြခဲ့လို့ သိခဲ့ရတာပါ။ ဒါကြောင့်မို့လည်း ရန်ကုန်မှာမွေး၊ ရန်ကုန်မှာကြီးပြင်းလာခဲ့ကြတဲ့ သားသမီးတွေ၊ တူ၊ တူမတွေကို သူတို့ရေသုံးကြမ်းတဲ့အခါမျိုးမှာ သတိပေး ဆိုဆုံးမနိုင်တာပေါ့။

တကယ်တော့ တွန့်တိုကပ်စေးနဲခြင်းနဲ့ စည်းစနစ်ကျကျ ခြိုးခြံချွေတာသုံးစွဲခြင်းက မတူပါဘူး။ ကွဲပြားခြားနားပါတယ်။ မြတ်စွာဘုရားရှင်လက်ထက်တော်ကာလမှာ ဆေးဆရာကြီး ဆရာဇီဝက ကုသပေးခဲ့တဲ့ နာတာရှည်ခေါင်းကိုက်ရောဂါ စွဲကပ်နေသူ သာကေတမြို့သူ သူဌေးကတော်ကြီးတစ်ဦးဆိုရင် အင်မတန်စည်းစနစ်ဇယားကျပြီး စည်းကမ်းကြီးလှတယ်လို့ ဆိုတယ်။ တစ်စုံတစ်ခုသောပစ္စည်းကိုမျှ အလဟဿအဖြစ်မခံဘူးတဲ့။ မည်မျှအဖိုးနည်းတဲ့ပစ္စည်းဖြစ်စေ သူ့နေရာနဲ့သူ အသုံးချမှု ကျေနပ်သူဖြစ်တယ်တဲ့။ ခေါင်းကိုက်နာအတွက် ဆေးဝါးအဖုံဖုံနဲ့ ရောစပ်ပြီး နှာခေါင်းမှလောင်းထည့်တဲ့ ထောပတ်တွေ ပါးစပ်က ပြန်ထွက်လာတဲ့အခါမှာ အခိုင်းအစေတွေကို ဝါဂွမ်းတွေနဲ့ သုတ်ယူစေပြီး သိမ်းဆည်းခိုင်းလေ့ရှိတယ်။ အခိုင်းအစေတွေ ခြေထောက်နာရင်လိမ်းကျံဖို့၊ မီးမွှေးရာမှာ အသုံးပြုဖို့လို့ ဆိုတယ်။ အင်မတန်စံနမူနာယူစရာကောင်းတဲ့ စည်းစနစ်ရှိမှုမျိုးပါ။

နေပြည်တော်၊ ရန်ကုန်စတဲ့ မြို့ကြီးပြကြီးမှာ နေထိုင်ကြတဲ့သူတွေ အပါအဝင် နိုင်ငံတစ်ဝန်းက ပြည်သူတွေအနေနဲ့ ပူပြင်းခြောက်သွေ့တဲ့ နွေရာသီကာလမှာ တန်ဖိုးရှိလှတဲ့ရေကို သုံးစွဲရာမှာ အလဟဿအလေအလွင့်မရှိအောင် စနစ်တကျခြိုးခြံချွေတာသုံးစွဲကြဖို့ မေတ္တာရပ်ခံ အကြံပြုတိုက်တွန်းလိုပါတယ်။ မျက်မှောက်ကာလမှာ အယ်လ်နီညို (El Nino) တို့၊ လာနီညာ (La Nina) တို့လို ကမ္ဘာ့ရာသီဥတုပြောင်းလဲ ဖောက်ပြန်မှုဖြစ်စဉ်တွေ ဖြစ်ပွားလာတာနဲ့အမျှ ရေရရှိနိုင်မှုဟာလည်း တစ်နှစ်ထက်တစ်နှစ် လျော့နည်းလာမယ်လို့ ပညာရှင်များက ခန့်မှန်းကြတယ်။ မြေအောက်ရေဆိုတာကလည်း ကုန်ဆုံးနိုင်တဲ့၊ ကုန်ခန်းနိုင်တဲ့ သဘာဝအရင်းအမြစ်တစ်ခုပဲ မဟုတ်ပါလား။ ။

# ပြည်ထောင်စုဝန်ကြီး ဦးလှမိုး ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ်အတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် သမဝါယမလုပ်ငန်းများဆောင်ရွက်နေမှု ကွင်းဆင်းစစ်ဆေး

နေပြည်တော် မတ် ၁၇

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှမိုးသည် တာဝန်ရှိသူများနှင့်အတူ ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ်အတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် သမဝါယမလုပ်ငန်းများ ဆောင်ရွက်နေမှုကို ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် တိုက်ကြီးမြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ တာဝန်ယူဆောင်ရွက်ခဲ့ပြီး ကျေးရွာ ငါးရွာ၊ အိမ်ထောင်စု ၁၀၅၅ စု၊ လူဦးရေ ၂၃၈၉ ဦးကို အကျိုးပြုပေးနိုင်မည့် တိုက်ကြီးမြို့နယ် ဂေါ့ကျေးရွာအဝင်လမ်း အရှည်တစ်မိုင် တစ်ဖာလုံ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းခွင်ကို ကြည့်ရှုစစ်ဆေးပြီး ကျေးရွာယာယီရှင်းလင်းဆောင်၌ ဒေသခံပြည်သူများနှင့် တွေ့ဆုံသည်။




တွေ့ဆုံစဉ် တိုင်းဒေသကြီး ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန ဦးစီးမှူးက လုပ်ငန်းများဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက သတ်မှတ်စံချိန်စံညွှန်း အရည်အသွေးပြည့်မီရေး အလေးထားဆောင်ရွက်ရန်နှင့် ကျေးရွာလမ်းကော်မတီဝင်များ ဒေသခံပြည်သူအားလုံးက လမ်းရေရှည်ကောင်းမွန်စေရေး ဝိုင်းဝန်းထိန်းသိမ်းကြစေလိုကြောင်း၊ မြစိမ်းရောင်ကျေးရွာ စီမံကိန်း အောင်မြင်အောင်ဆောင်ရွက်ကြရန်နှင့် ချေးငွေများ ပုံမှန်ပေးဆပ်ကြရန် လိုအပ်ကြောင်းနှင့် ဒေသဖွံ့ဖြိုးရေးဆိုင်ရာများကို ရှင်းလင်းဆွေးနွေးပြီး ကျေးရွာနေပြည်သူများ၏ တင်ပြချက်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် တိုက်ကြီးမြို့နယ် ကျိုက်စကိုင်းကျေးရွာသို့ ရောက်ရှိပြီး ကျေးရွာယာယီရှင်းလင်းဆောင်၌ စကိုင်းရွှေဝါ လယ်ယာ သမဝါယမအသင်းသား တောင်သူများ၊ တိုက်ကြီးမြို့နယ်အတွင်းရှိ ကျေးရွာသမဝါယမ အသင်း ၁၀ သင်းမှ အသင်းသားတောင်သူများနှင့် တွေ့ဆုံရာ တိုင်းဒေသကြီး သမဝါယမဦးစီးဌာန ဦးစီးမှူးက တိုက်ကြီးမြို့နယ်အတွင်း နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေမှ မိုးစပါးစိုက်ပျိုးခြင်းအတွက် ငွေကျပ် နှစ်သိန်းနှင့်ညီမျှသည့် သွင်းအားစုအတွက် ထောက်ပံ့ပေးခဲ့သော ရန်ပုံငွေများ အပြေအကြေ ပေးဆပ်ပြီးစီးမှုအခြေအနေနှင့် လက်ရှိနွေစပါး စိုက်ပျိုးမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြမှုများအပေါ် ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော်အစိုးရအနေဖြင့် သမဝါယမအသင်းသားတောင်သူများ၊ ဒေသခံတောင်သူများ၏ လူမှုစီးပွားဘဝ တိုးတက်မြင့်မားလာစေရေးအတွက် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေမှ မိုးစပါး၊ နွေစပါး၊ ဆီထွက်သီးနှံ နေကြာအပါအဝင် နှမ်း၊ မြေပဲစိုက် တောင်သူများကို တစ်ဧကလျှင် ငွေကျပ် နှစ်သိန်းနှုန်းနှင့် ညီမျှသော မျိုး၊ ဓာတ်မြေဩဇာ၊ သွင်းအားစုများ ထောက်ပံ့ပေးလျက်ရှိကြောင်း၊ စပါးစိုက်တောင်သူများအနေဖြင့် ပန်းတိုင်အထွက်နှုန်းရရှိရေး လိုအပ်သည့် မျိုးကောင်းမျိုးသန့်ရရှိရေး၊ စိုက်ပျိုးမြေ အရည်အသွေးကောင်းမွန်အောင် စနစ်တကျပြုပြင်ရေး၊ စိုက်ပျိုးရေဖူလုံစွာရရှိရေး၊ စိုက်နည်းစနစ်မှန်ကန်ရေးတို့ အလေးထားဆောင်ရွက် ရန်လိုအပ်ကြောင်း၊ မိမိတို့၏ လယ်ယာများအထွက်တိုးရေး စည်းစည်းလုံးလုံး ညီညီညွတ်ညွတ် ဆောင်ရွက်ကြရန် လိုအပ်ကြောင်း၊ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ချေးငွေများနှင့် သမဝါယမချေးငွေများ၊ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေမှ ထောက်ပံ့ငွေများကို သီးနှံပေါ်ပါက သတ်မှတ်ကာလအတွင်း အပြေအကြေ ပေးသွင်းကြရန် လိုအပ်ကြောင်းပြောကြားပြီး အသင်းသားတောင်သူများ၏ တင်ပြချက်များကို ပေါင်းစပ်ဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက မိုးစပါး ရောင်းချခြင်းမှရရှိသည့် Refund ငွေများနှင့် တိုက်ရိုက်အစေ့ချစက်များကို အသင်းသားတောင်သူများထံ ပေးအပ်ပြီး စကိုင်းရွှေဝါ လယ်ယာသမဝါယမအသင်းမှ နွေစပါး(ထိုင်းရက် ၉၀)မျိုးကို အစေ့ချစနစ်ဖြင့် စမ်းသပ်စိုက်ပျိုးထားမှု အခြေအနေအား ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# တိုင်းဒေသကြီးဝန်ကြီးချုပ် ဆောင်းနေကြာစံပြ ၁၀ ဧက စံကွက်ရိတ်သိမ်းပွဲ တက်ရောက်အားပေး

ပုသိမ် မတ် ၁၇

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် သာပေါင်းမြို့နယ် သဲဖြူကျေးရွာအုပ်စု သန်လျက်စွန်းကျေးရွာရှိ (၆၂)နှစ်မြောက် တောင်သူလယ်သမားနေ့တွင် နေကြာ ၁၀ ဧက မြို့နယ်ထူးချွန်ဆုရရှိခဲ့သည့် တောင်သူဦးမြင့်စိုး၏ စိုက်ဧက ၁၀ ဧကတွင်(Super sun-41 )ဆောင်းနေကြာစံကွက်ရိတ်သိမ်းပွဲကို ယနေ့နံနက်ပိုင်းတွင် ပြုလုပ်ခဲ့ရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်းသည် တာဝန်ရှိသူများနှင့်အတူ ကြည့်ရှုအားပေးခဲ့သည်။



ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အဖွဲ့သည် နေကြာစံကွက်ရိတ်သိမ်းနေမှုများကို ကြည့်ရှုအားပေးပြီး ဌာနဆိုင်ရာများ၊ ဒေသခံတောင်သူများနှင့် ရင်းရင်းနှီးနှီး တွေ့ဆုံ၍ တိုင်းဒေသကြီးဝန်ကြီးချုပ်က ဆီထွက်သီးနှံ နေကြာတိုးချဲ့စိုက်ပျိုးနိုင်ရေး၊ အပွင့်အရေအတွက် အရွယ်အစားအလိုက် အောင်စေ့ထွက်ရှိမှု၊ မျိုးရွေးချယ်မှုများ၊ အထွက်နှုန်းများ၊ နေကြာဆီကြိတ်ခွဲမှုများအား စနစ်တကျမှတ်တမ်းထားရှိရန်၊ အထွက်တိုးမျိုးကောင်းမျိုးသန့်များ တိုးချဲ့စိုက်ပျိုးရန်နှင့် ရိတ်သိမ်းပြီး နေကြာပင်များကို သဘာဝမြေဩဇာများပြုလုပ်၍ အကျိုးရှိစွာ အသုံးပြုရန်မှာကြားခဲ့သည်။ အဆိုပါ(Super sun-41)ဆောင်းနေကြာစံပြကွက် ရိတ်သိမ်းရာမှ တစ်ဧကလျှင် နေကြာ ၅၂ ဒသမ ၄၇ တင်း ထွက်ရှိခဲ့သည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် သာပေါင်းမြို့နယ် ပြည်သူ့ဆေးရုံသို့ သွားရောက်၍ ပုသိမ်ပြည်သူ့ဆေးရုံကြီးမှ အထူးကုဆရာဝန်ကြီးများပါဝင်သော ဆေးကုသရေးအဖွဲ့မှ သွားဘက်ဆိုင်ရာဆရာဝန်၊ ခွဲစိတ်အထူးကု၊ အရိုးအထူးကု၊ ဆေးပညာအထူးကု၊ မျက်စိအထူးကု၊ ကလေးအထူးကု၊ သားဖွားမီးယပ် အထူးကုဆရာဝန်ကြီးများက ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုပေးနေမှုများကို လှည့်လည်ကြည့်ရှုအားပေးခဲ့ပြီး ဆေးလာရောက်ကုသသည့် လူနာများအား ရင်းရင်းနှီးနှီး အားပေးစကားများ ပြောကြားခဲ့သည်။

အထူးကု ဆေးကုသရေးအဖွဲ့သည် သာပေါင်းမြို့နယ်ပြည်သူ့ဆေးရုံ၌ အထွေထွေရောဂါ လူနာ ၁၁၂ ဦး၊ ခွဲစိတ်လူနာ ၂၅ ဦး၊ အရိုးရောဂါလူနာ ၈၆ ဦး၊ သားဖွားမီးယပ်လူနာ ၄၁ ဦး၊ မျက်စိလူနာ ၁၁၂ ဦး၊ ကလေးလူနာ ၁၄ ဦး၊ အကြောအဆစ်ပြန်လည်သန်စွမ်းရေးလူနာ လေးဦး၊ သွားရောဂါလူနာ ၂၉ ဦး စုစုပေါင်းလူနာ ၄၂၃ ဦးတို့ကို ကြည့်ရှုဆေးကုသမှုပေးခဲ့ပြီး တယ်လီဖေးရှင်းဓာတ်မှန်ရိုက်ခြင်း ၆၀၊ ECG နှလုံးစက်ဆွဲခြင်း ၅၇ ဦးတို့ကို ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **တိုင်းဒေသကြီး(ပြန်/ဆက်)**

# ရေးမြို့နယ်၌ ပိုင်ကမာ ချောင်းကူးကွန်ကရစ်တံတား ပြီးစီး

မော်လမြိုင် မတ် ၁၇

မွန်ပြည်နယ် ရေးမြို့နယ် ဖလံချောင်းဝ - ညီဆားလမ်းပေါ်တွင် အရှည် ပေ ၁၃၀ ရှိ ပိုင်ကမာ ချောင်းကူးကွန်ကရစ်တံတား တစ်စင်းကို နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် ခွင့်ပြုရန်ပုံငွေကျပ် သန်း ၃၆၂ ဒသမ ၅၀၀ ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပြီး လုပ်ငန်းများ သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ ရာနှုန်းပြည့်ပြီးစီးခဲ့ပြီးဖြစ်သည်။

ပိုင်ကမာချောင်းသည် မိုးရွာသွန်းမှုများပြားသော ရေးမြို့နယ် ချောင်းဖျားဒေသတွင် တည်ရှိပြီး နှစ်စဉ် မိုးသည်းထန်စွာရွာသွန်းချိန်တွင်ချောင်းဖြတ်ကူး၍မရဘဲ လမ်းပန်းဆက်သွယ်ရေးပြတ်တောက်လေ့ရှိရာ ယခုအခါ ကွန်ကရစ်တံတားသစ်တည်ဆောက်ပြီးစီးသွားသဖြင့် ဒေသခံများ ရာသီမရွေး သွားလာနိုင်တော့မည်ဖြစ်သည်။

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနအနေဖြင့် ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် မွန်ပြည်နယ်အတွင်း လမ်းတံတားလုပ်ငန်း၊ သောက်သုံးရေနှင့် စိုက်ပျိုးရေရရှိရေးလုပ်ငန်း၊ တန်ဖိုးနည်းအိမ်ရာ တည်ဆောက်ရေးလုပ်ငန်း စသည်ဖြင့် ဖွံ့ဖြိုးရေးလုပ်ငန်း ၂၈ ခုကို ခွင့်ပြုရန်ပုံငွေကျပ် ၂၄၈၃ ဒသမ ၂၆၄ သန်းဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ခင်စန်းမြင့်(ပြန်/ဆက်)**




# ဇမ္ဗူသီရိမြို့နယ် ဂုဏ်မင်းအင်းကျေးရွာ၌ ကျေးလက်ရေရရှိရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု စစ်ဆေး

ဇမ္ဗူသီရိ မတ် ၁၇

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဇမ္ဗူသီရိမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ယူနီဆက်ဖြင့် ပူးပေါင်းပြီး တဲကြီးကုန်းကျေးရွာအုပ်စု ဂုဏ်မင်းအင်းကျေးရွာ၌ ရေရရှိရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ယမန်နေ့နံနက်ပိုင်းတွင် တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးခဲ့သည်။

ထိုသို့စစ်ဆေးရာတွင် ပျဉ်းမနားခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ခိုင်ရွှေဝါနှင့် တာဝန်ခံအင်ဂျင်နီယာဝန်ထမ်းများသည် ဂုဏ်မင်းအင်းကျေးရွာ၌ ကျေးလက်ရေရရှိရေးအတွက် Motor +Compressor အသစ်လဲလှယ်ခြင်း၊ စက်ရေတွင်း တွင်းဆေး/တွင်းမှုတ်ပြုလုပ်ခြင်းနှင့် ဆက်စပ်လုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

အဆိုပါ ကျေးလက်ရေရရှိရေးနှင့် ဆက်စပ်လုပ်ငန်းများကို ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် နိုင်ငံတော်ထောက်ပံ့ရန်ပုံငွေကျပ် ၂ ဒသမ ၅ သန်းကို အသုံးပြုကာ ခရိုင်/မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဝန်ထမ်းများ၏ နည်းပညာပံ့ပိုးမှု၊ အနီးကပ်ကွင်းဆင်းကြီးကြပ်မှုတို့ဖြင့် ကျေးရွာသူ ကျေးရွာသားများကိုယ်တိုင် ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီလ တတိယအပတ်က စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများအားလုံး ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပြီဖြစ်၍ အဆိုပါကျေးရွာရှိ အကျိုးပြုအိမ်ခြေ ၂၇၅ အိမ်၊ လူဦးရေ ၁၀၃၈ ဦးတို့အတွက် နွေရာသီရေရှားသော ပြဿနာများ ပြေလည်၍ သန့်ရှင်းသော သောက်ရေ၊ သုံးရေများ ရာသီမရွေး ဖူလုံစွာရရှိမည်ဖြစ်ကြောင်း သိရသည်။

၂၂၂

# ဗုဒ္ဓဘာသာကလျာဏယုဝအသင်း YMBA(ဗဟို)မှ ချီးမြှင့်ပူဇော် ဆက်ကပ်လှူဒါန်းသော ဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်း

တောင်ကြီး မတ် ၁၇

ဗုဒ္ဓဘာသာကလျာဏယုဝအသင်း YMBA(ဗဟို) မှ ချီးမြှင့်ပူဇော်ဆက်ကပ်လှူဒါန်းသော ဘွဲ့တံဆိပ်တော်များ၊ ဂုဏ်ရည်ဘွဲ့များ ဆက်ကပ်ချီးမြှင့်ခြင်းကို မတ် ၁၇ ရက် မွန်းလွဲ ၁ နာရီခွဲက တောင်ကြီးမြို့ မြို့တော်ခန်းမ၌ ကျင်းပသည်။

ဦးစွာ ဆရာတော်၊ သံဃာတော်၊ ရှမ်းပြည်နယ်ဝန်ကြီးချုပ်အမှူးပြုသော ဧည့်ပရိသတ်တို့က နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ ဖွင့်လှစ်ပြီး နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အဖွဲ့ဝင် တောင်ကြီးမြို့ ကံသာရပ်ကွက် မဟာဓမ္မိကာရာမကျောင်းတိုက် ဦးစီးပဓာနနာယက ဆရာတော် အဂ္ဂမဟာ ဂန္ထဝါစကပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ မဟာမင်္ဂလဓမ္မဇောတိကဓဇ ဘဒ္ဒန္တဓမ္မာနန္ဒာဘိဝံသက ဩဝါဒကထာမြွက်ကြားချီးမြှင့်ပေးသည်။

ထို့နောက် ဆရာတော်ကြီးများအား ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်၊ ပြည်နယ်ဝန်ကြီးများနှင့် တာဝန်ရှိသူတို့က လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းပေးကြပြီး ဗုဒ္ဓဘာသာကလျာဏယုဝအသင်းမှ YMBA(ဗဟိုဥက္ကဋ္ဌ) အဂ္ဂမဟာမင်္ဂလဓမ္မဇောတိကဓဇ သီရိသုဓမ္မမဏိဇောတဓရ ဦးရဲထွန်း (ကိုယ်စား) ဗုဒ္ဓဘာသာကလျာဏယုဝအသင်းမှ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်ပူဇော်လှူဒါန်းရခြင်းနှင့် ချီးမြှင့်ရခြင်းအကြောင်း လျှောက်ထားတင်ပြသည်။



ယင်းနောက် ဆရာတော်များထံသို့ ဘွဲ့တံဆိပ်တော်များကို ရှမ်းပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများက ဆက်ကပ်လှူဒါန်းပေးကြပြီး လူပုဂ္ဂိုလ်များအား ဘွဲ့တံဆိပ်များကို ဗုဒ္ဓဘာသာကလျာဏယုဝအသင်း YMBA(ဗဟို)ဥက္ကဋ္ဌ ဦးရဲထွန်းမှ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်၊ ပအိုဝ်းအမျိုးသားခေါင်းဆောင် အဂ္ဂမဟာသီရိသုဓမ္မမဏိဇောတဓရဝဏ္ဏထင် မဟာမင်္ဂလဓမ္မဇောတိကဓဇ ဦးအောင်ခမ်းထီ၊ သီရိသုဓမ္မမဏိဇောတဓရ မဟာမင်္ဂလဇောတိကဓဇ ဦးနေဝင်းထွန်းတို့ကို ချီးမြှင့်အပ်နှင်းပေးပြီး ရှမ်းပြည်နယ်ဝန်ကြီးချုပ်က ဘွဲ့တံဆိပ်တော်ရသူများအား ချီးမြှင့်ပေး၍ ရှမ်းပြည်နယ်သံဃနာယကအဖွဲ့ဥက္ကဋ္ဌ၊ သိမ်တောင်ပရိယတ္တိစာသင်တိုက် ဦးစီးပဓာနနာယက ဆရာတော် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တတေဇဝန္တထံမှ လှူဒါန်းမှုအစုစုအတွက် အနုမောဒနာတရားနာယူ၍ ရေစက်သွန်းချအမျှပေးဝေကြကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)

# (၉၂)ကြိမ်မြောက် ရန်ကုန်တိုင်းဒေသကြီးဆိုင်ရာ ဘုရားဖြူဝိနည်းစာတော်ပြန်ပွဲ စာအောင်ဆုနှင့် ဆုနှင်းသဘင်ကျင်းပ

ရန်ကုန် မတ် ၁၇

ရန်ကုန်တိုင်းဒေသကြီးဆိုင်ရာ ဝိနယာနုဂ္ဂဟအသင်း၏ (၉၂)ကြိမ်မြောက် ဘုရားဖြူဝိနည်း စာတော်ပြန်ပွဲ စာအောင်ဆုနှင်းသဘင် အခမ်းအနားကို ယနေ့နံနက် ၁၀ နာရီက ပုဇွန်တောင်မြို့နယ် အမှတ်(၁၀)ရပ်ကွက် ဘုရားဖြူကျောင်းတိုက်အတွင်းရှိ သံဃသမိတိကျောင်း၌ ကျင်းပသည်။



## ရွတ်ဖတ်ချီးမြှင့်တော်မူ

ဦးစွာ ဘုရားဖြူကျောင်းတိုက် ပဓာနနာယကဆရာတော် ဘဒ္ဒန္တတိလောကသိဝံသထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြကာ သံဃာတော်အရှင်သူမြတ် ၁၈၂ ပါးတို့က ပရိတ်တရားတော်များ ရွတ်ဖတ် ချီးမြှင့်တော်မူကြပြီး ဘုရားဖြူကျောင်းတိုက် နာယကဆရာတော်က ဩဝါဒကထာများ ဟောကြားချီးမြှင့်တော်မူသည်။

ဆက်လက်၍ ရန်ကုန်တိုင်းဒေသကြီးဆိုင်ရာ ဝိနယာနုဂ္ဂဟအသင်း ဝိနည်းစာတော်ပြန်ပွဲဆိုင်ရာများနှင့် စပ်လျဉ်း၍ အသင်းဥက္ကဋ္ဌ ဦးမြင့်ဆွေက ၁၃၈၅ ခုနှစ် နတ်တော်လတွင် ကျင်းပခဲ့သော (၉၂)ကြိမ်မြောက် ရန်ကုန်တိုင်းဒေသကြီးဆိုင်ရာ ဘုရားဖြူဝိနည်း စာတော်ပြန်ပွဲတွင် ဖြေဆို၊ အောင်မြင်ခဲ့မှုတို့ကို ရှင်းလင်းလျှောက်ထားသည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီးဆိုင်ရာ ဝိနယာနုဂ္ဂဟအသင်း၏ နာယကများနှင့် အလှူရှင်များက ဝိနယပါရဂူ-စာချတန်းတွင် နှစ်ကျမ်းစွဲနှင့် တစ်ကျမ်းစွဲ အောင်မြင်တော်မူသော ဗဟန်းမြို့နယ် မဟာဝိသုဒ္ဓါရုံကျောင်းတိုက်မှ သံဃာတော် နှစ်ပါး၊ ဝိနယဝိသာရဒ-အကြီးတန်း အောင်မြင်တော်မူသော သံဃာတော် နှစ်ပါး၊ ဝိနယဆေက-အလတ်တန်း အောင်မြင်တော်မူသော သံဃာတော် ၁၂ ပါး၊ ဝိနယကောသလ္လ-အငယ်တန်း အောင်မြင်တော်မူသော အရှင် ၂၁ ပါး၊ သာမဏေရဝိနယ-မူလတန်း အောင်မြင်တော်မူသော အရှင် ၁၄၅ ပါးတို့ကို အောင်လက်မှတ်များနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

(၉၂)ကြိမ်မြောက် စာတော်ပြန်ပွဲတွင် အတန်းစုံမှ ၄၈၇ ပါး ဖြေဆိုခဲ့ရာ စာချတန်း၊ အကြီးတန်း၊ အလတ်တန်း၊ အငယ်တန်းနှင့် မူလတန်းတို့မှ သံဃာတော်အရှင်သူမြတ် ၁၈၂ ပါးအောင်မြင်တော်မူခဲ့ပြီး အောင်ချက်ရာခိုင်နှုန်း ၃၈ ရာခိုင်နှုန်း အောင်မြင်ခဲ့ကြောင်း သိရသည်။

ညိမ်းသူ(သတင်းစဉ်)

ဓာတ်ပုံ - ကနူး

# ခရမ်းမြို့ သကျမာရဇိန် ကြေးသွန်းဘုရားကြီး၏ နှစ်(၁၀၀)ပြည့် ဗုဒ္ဓပူဇနီယပွဲတော် ဖွင့်ပွဲကျင်းပ

ရန်ကုန် မတ် ၁၇

ရန်ကုန်တိုင်းဒေသကြီး ခရမ်းမြို့တွင် သကျမာရဇိန် ကြေးသွန်းဘုရားကြီး၏ နှစ်( ၁၀၀)ပြည့် ဗုဒ္ဓပူဇနီယပွဲတော် ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၈ နာရီက ဘုရားကြီး၏ မုခ်ဦးရှေ့၌ ကျင်းပသည်။

ဦးစွာ ခရမ်းမြို့နယ် သကျမာရဇိန် ကြေးသွန်းဘုရားကြီး၏ ဘဏ္ဍာတော် ဂေါပကဥက္ကဋ္ဌ ဦးတင်အေးနှင့် အဖွဲ့ဝင်များ၊ မြို့နယ်သာသနာရေးမှူး ဦးမောင်မောင်သန်း၊ မြို့နယ်ဝတ်အသင်းအဖွဲ့များ၊ မြို့နယ်ကြက်ခြေနီအသင်း၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် အလှူရှင်မိသားစုများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ကြောင်း သိရသည်။

မတ် ၁၇ ရက်(တပေါင်းလဆန်း ၈ ရက်နေ့)တွင် ပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲကို ငါးရက်တိုင်ကျင်းပ၍ မတ် ၂၃ ရက်(တပေါင်းလဆန်း ၁၄ ရက်)တွင် မြို့နယ်အတွင်းရှိ ကျောင်းပေါင်း ၃၃ ကျောင်းမှ ပင့်သံဃာတော် အရှင်သူမြတ် ၄၈ ပါးတို့အား ဆွမ်းဆန်တော်လောင်းလှူကြမည်ဖြစ်ကြောင်း သိရသည်။

ကိုမင်း(ခရမ်း)



# ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့၊ မှော်ဘီခရိုင် အလုပ်အမှုဆောင်၊ မှော်ဘီခရိုင် အမျိုးသမီးရေးရာ အထောက်အကူပြုအဖွဲ့နှင့် မှော်ဘီမြို့နယ် အလုပ်အမှုဆောင်အဖွဲ့ ခန့်အပ်လွှာပေးအပ်ပွဲ ကျင်းပ



ရန်ကုန် မတ် ၁၇

ဘာသာပေါင်းစုံ ချစ်ကြည်ညီညွတ်ရေးအဖွဲ့ မှော်ဘီခရိုင်က ကျင်းပသည့် ဘာသာပေါင်းစုံ ချစ်ကြည်ညီညွတ်ရေးအဖွဲ့၊ မှော်ဘီခရိုင် အလုပ်အမှုဆောင်၊ မှော်ဘီခရိုင် အမျိုးသမီးရေးရာ အထောက်အကူပြုအဖွဲ့နှင့် မှော်ဘီမြို့နယ် အလုပ်အမှုဆောင်အဖွဲ့ ခန့်အပ်လွှာပေးအပ်ပွဲကို မတ် ၁၆ ရက် မွန်းလွဲ ၃ နာရီတွင် မှော်ဘီမြို့နယ် မြို့ဂုဏ်ရောင်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဘာသာပေါင်းစုံ ချစ်ကြည်ညီညွတ်ရေးအဖွဲ့ ဗဟိုဥက္ကဋ္ဌ ဦးဝဏ္ဏ၊ ဒုတိယဥက္ကဋ္ဌ ဦးဇော်ဇော်နိုင်၊ ဗဟိုအထွေထွေအတွင်းရေးမှူး ဦးခင်ဝေ၊ ရန်ကုန်တိုင်းဒေသကြီးဥက္ကဋ္ဌ ဦးထွန်းထွန်းဦး၊ ဗဟိုအမျိုးသမီးရေးရာလုပ်ငန်းအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်မြသွေး၊ ဗဟိုဘဏ္ဍာရေးမှူး ဦးလှကြူ၊ တွဲဖက်ဘဏ္ဍာရေးမှူး ဦးတင်ကိုကို၊ ရန်ကုန်တိုင်းဒေသကြီး အတွင်းရေးမှူး ဦးခင်ဝင်း၊ ဗဟိုအလုပ်အမှုဆောင် ဦးဝင်းနိုင်၊ ဦးဇော်မိုးအောင်၊ ဦးဖွဲ့ရန်နိုင်၊ ဦးထိန်လင်း၊ ရန်ကုန်တိုင်းဒေသကြီး အလုပ်အမှုဆောင် ဦးစိုးမိုး၊ သဃ်န်းကျွန်းခရိုင်ဥက္ကဋ္ဌ ဦးသန့်စင်လှိုင်၊ မှော်ဘီမြို့နယ် သတင်းတပ်ဖွဲ့မှ ဦးကိုရဲ၊ မှော်ဘီမြို့နယ် ရဲတပ်ဖွဲ့မှူးရုံးမှ ဦးကိုကိုအောင်၊ မှော်ဘီမြို့မရဲစခန်းမှ ဦးဉာဏ်ဝင်းတို့ တက်ရောက်ကြသည်။

အခမ်းအနားတွင် မှော်ဘီခရိုင်ဥက္ကဋ္ဌ ဦးသန့်ဇော်မင်းထိုက်၊ အထွေထွေအတွင်းရေးမှူး ဦးနေစိုးနှင့် မှော်ဘီခရိုင် အလုပ်အမှုဆောင်အဖွဲ့ဝင် ၁၂ ဦး၊ ခရိုင်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ဖြိုးသီရိစိုးနှင့် အလုပ်အမှုဆောင်အဖွဲ့ဝင် ၁၆ ဦး၊ မှော်ဘီမြို့နယ်ဥက္ကဋ္ဌ ဦးနိုင်ထွန်းဦးနှင့် အလုပ်အမှုဆောင်အဖွဲ့ဝင် ၄၆ ဦး စုစုပေါင်း ၇၄ ဦးတို့အား ခန့်အပ်လွှာများ ပေးအပ်ခဲ့ကြကြောင်း သိရသည်။

ထထဥ

# တပေါင်းနွေဦး ထန်းခိုင်ခူးနှင့် စောင့်ရှောက်သင့်သော မြန်မာ့ထန်းတော

ပေါက်ပေါက်



နွေဦးကာလဖြစ်သော တပေါင်းလသည် မြန်မာတစ်ဆယ့်နှစ်လရာသီတွင် နောက်ဆုံးလ ဖြစ်သည်။ “တ” ဟူသော အဓိပ္ပာယ်မှာ တန်း၊ ထန်း၊ ထန်းပင် ဖြစ်၍၊ “ပေါင်း” ဟူသော အဓိပ္ပာယ်မှာ ချက်သည်၊ ကျိုသည် ဖြစ်သည်။ ထို့ကြောင့် “တပေါင်းလ”၏ အဓိပ္ပာယ်မှာ ထန်းချက်သမားများ ထန်းရည်ကျိုသောလ၊ ထန်းချက်သောလ ဖြစ်ပါသည်။ အချို့က ထန်းပေါင်းလဟုလည်း ခေါ်ကြသည်။ အကြောင်းမှာ ထန်းပင်ဖိုမှရသော ညှပ်ရည်နှင့် ထန်းမပင်မှရသော သီးနုရည်တို့ကို ပေါင်းစပ်ချက်သဖြင့် ထန်းဖိုရည်နှင့် ထန်းမရည် ပေါင်းစပ်ကျိုချက်သောလဖြစ်သဖြင့် “ထန်းပေါင်းလ”ဟု ခေါ်ကြခြင်းဖြစ်သည်။ ထို့ကြောင့် မြန်မာတစ်ဆယ့်နှစ်လရာသီ နောက်ဆုံးလသည် ထန်းပေါင်း၊ ထပေါင်း၊ ထိုမှ တဖြည်းဖြည်း ရွေ့လျောလာရာမှ တပေါင်းလဟု အမည်တွင်လာသည်။

**ထန်းပင်အကြောင်း သိကောင်းစရာ**

Borassus flabellifer Linn ဟု ရုက္ခဗေဒအမည်ရသော ထန်းပင်ကို အင်္ဂလိပ်လို Palmyra palm ဟုခေါ်ပြီး မွန်နှင့် ရှမ်းတိုင်းရင်းသားဘာသာစကားအရ Tan ဟု ခေါ်သည်။ ထန်းပင်သည် မိုးရေချိန် လက်မ ၂၀ မှ ၄၀ အတွင်း ရွာသွန်း၍ ပူပြင်းခြောက်သွေ့သော ရာသီဥတုကိုနှစ်သက်ပြီး မြန်မာနိုင်ငံ၊ အိန္ဒိယနိုင်ငံကဲ့သို့သော ပူပြင်းသည့်နိုင်ငံများတွင် အများအပြားတွေ့နိုင်သည်။ မြန်မာနိုင်ငံတွင် ရေဝပ်ရာဒေသများမှလွဲ၍ နေရာအနှံ့အပြားတွင် ပေါက်ရောက်နိုင်သည်။ အထူးသဖြင့် မြေလတ်ဒေသနှင့် မြန်မာနိုင်ငံ အထက်ပိုင်းရှိ ပူပြင်းခြောက်သွေ့သောဒေသများတွင် အများဆုံးတွေ့ရပြီး တနင်္သာရီတိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင်လည်း အလေ့ကျပေါက်သော ထန်းပင်အချို့ကို တွေ့နိုင်ပါသည်။

အဖိုပင်နှင့် အမပင်ဟူ၍ နှစ်မျိုးရှိကာ ၎င်းအပင်နှစ်မျိုးစလုံးမှ ထန်းရည်ထွက်ရှိသည်။ အမပင်များမှ သီးသောထန်းသီးများကိုသာ မျိုးအဖြစ်ရယူစိုက်ပျိုးနိုင်သည်။ နွေဦးရာသီတွင် ခုနစ်နှစ်သားအရွယ် ထန်းအဖိုပင်များမှ ထန်းနို့ခိုင်များထွက်ရှိပြီး ၎င်းတို့မှ ထန်းရည်ထွက်သည်။ အမပင်များမှာမူ ၁၀ နှစ်သားတွင် ထန်းသီးများထွက်ရှိလာပြီးနောက် ထိုအသီးညှာမှ ထန်းရည်ထွက်သည်။ ထန်းဖို၊ ထန်းမပင်များကို ရာသီအလိုက် ထန်းပင်ပြင်၍ လှီးဖြတ်ကာ ထန်းရည်ချိုများရယူနိုင်ပြီး ထန်းလျက်အဖြစ် ကျိုချက်လေ့ရှိသည်။ ထန်းဖိုပင်မှ ထွက်ရှိသော ထန်းရည်ကို ကြိုချက်ပါက အတန်ငယ်ညိုသော ထန်းလျက်ကိုရရှိပြီး ထန်းမပင်မှ ထွက်ရှိသော ထန်းရည်ကို ကျိုချက်ပါက အဖြူရောင်ထန်းလျက်ကို ရရှိသည်။

ထန်းပင်သည် စိုက်ပျိုးရန် ဓာတ်မြေဩဇာမလို၊ ပိုးသတ်ဆေးမလို၊ ရေပေးသွင်းရန်မလို၊ သဘာဝအလျောက် ရှင်သန်နိုင်သောအပင် ဖြစ်သည်။ ထန်းပင်တစ်ပင်လုံးတွင် အလဟဿဖြစ်သွားသည့် ပစ္စည်း ဟူ၍မရှိ၊ ကျွမ်းကျင်သူများ၏ တွက်ချက်မှုအရ ထန်းပင် တစ်ဧကတွင် ပျမ်းမျှ ထန်းသီးခိုင် ၃၃၀၀ ခန့်ရှိပြီး တစ်နေ့လျှင် ထန်းရည် ၁၂ လီတာ၊ တစ်ရာသီစာ ၄၅ ရက်အတွက် လီတာ ၅၄၀ ထွက်ရှိနိုင်သည်။ ထန်းပင်သည် အစိုဓာတ်ရှိသော မြေ၌ ၁၅ နှစ်အတွင်း အရွယ်ရောက် အသုံးချနိုင်ပြီး ခြောက်သွေ့သောမြေ၌ ၂၅ နှစ်အတွင်း အရွယ်ရောက်ပြီး အသုံးချနိုင်သည်။ ပျမ်းမျှ အမြင့်ပေ ၆၀ မှ ၈၀ အထိ မြင့်မားနိုင်ပြီး သက်တမ်းအားဖြင့် နှစ်ပေါင်း ၁၀၀ ကျော်အထိ ရှင်သန်နိုင်သော အပင်မျိုးဖြစ်သည်။ ထို့ကြောင့် စိုက်ပျိုးရန် ရင်းနှီးမြှုပ်နှံမှု မလိုသော ထန်းပင်သည် လူသားတို့အား အကျိုးကျေးဇူးများစွာကို ဖန်တီးပေးနိုင်သည်။

**ထန်းပင်တက်ခြင်း**

ထန်းတောင်သူအများစုက ထန်းတက်သည့် ပထမဆုံးနေ့ကို စနေနေ့တွင် ပြုလုပ်ကြပြီး ထန်းမှာ စနေနံဖြစ်သဖြင့် စနေနေ့မှစ၍ ထန်းတက်ပါက ထန်းရည်အထွက်နှုန်းကောင်းသည်ဟု ရှေးရိုးစွဲ အစဉ်အလာရှိကြသည်။ ထန်းတက်ရာတွင် ထန်းရာသီစတင်ချိန်မှ အစပြုကာ ထန်းတုံးသည် အထိ ထန်းဖို၊ ထန်းမ၊ သီးယဉ်ဟူ၍ သုံးမျိုးခွဲ၍ အပင်တက်ကြသည်။ ထန်းဖိုကို ပြာသို၊ တပို့တွဲလမှ စတက်ပြီး ထန်းမကို တပေါင်း၊ တန်ခူးလတွင် တက်ကြသည်။ သီးယဉ်ကို ကဆုန်လနောက်ပိုင်းမှ ဝါဆိုလကုန်ပိုင်းအထိ တက်ကြသည်။ ထန်းတက်ခြင်းလုပ်ငန်းသည် တစ်ရက်မှပျက်၍မရသော လုပ်ငန်း ဖြစ်သည်။ နေ့စဉ် ထန်းလှီးပေးရပြီး ရက်ကျော်သွားပါက ထန်းရည်မထွက်တော့ပေ။ ပထမဦးစွာ ထန်းပြင်ထန်းလှီးသည်နှင့် ထန်းရည်အိုးတင်ပေးရသည်။ ထန်းတစ်ပင်လျှင် ထန်းရည်အိုး လေးလုံးမှ ခြောက်လုံးအထိ ထန်းစပေါ်မူတည်ကာ တင်ပေးရသည်။ ထန်းစတစ်ချောင်းမှ တစ်နေ့လျှင် ထန်းရည် တစ်မြူခန့်ထွက်ရှိသည်။ ထန်းကို နံနက်ပိုင်းနှင့် ညနေပိုင်း တစ်နေ့ နှစ်ကြိမ် တက်ပေးရသည်။

**ထန်းတစ်ပင်လုံး အသုံးဝင်**

ထန်းပင်တစ်ပင်ဖြစ်ရန် နှစ် ၂၀ ကျော်အထိ စောင့်ရသည်။ ထန်းပင်တစ်ပင်မှ တစ်နှစ်တာကာလပတ်လုံး ထန်းရွက် ၁၀ ရွက်မှ ၁၂ ရွက်အထိ ထွက်ရှိသည်။ ထန်းသီးရင့်နှင့် ထန်းနို့ကို နွားစာကျွေးခြင်း၊ ထန်းစေ့ပျိုးထောင်ကာ ထန်းပင်မြစ်နုပျိုးထောင်ရောင်းချခြင်း၊ ထန်းလက်နှင့် ထန်းဖက်တို့အား ကုလားထိုင်၊ ထန်းလက်စားပွဲ၊ ထန်းခေါက်ဖာ ပြုလုပ်ခြင်း၊ ထန်းရွက်အား နွားတင်းကုပ်၊ ဆိတ်တင်းကုပ်နှင့် လူနေအိမ်များအတွက် အမိုးအကာ ပြုလုပ်နိုင်ခြင်း၊ ထန်းခေါင်းပိုင်း အမြစ်ဆုံနေရာကို နွားစာကျင်းပြုလုပ်ခြင်း၊ ထန်းဖူးအား ထန်းရွက်ပုတီး၊ ၄က်ရုပ်နှင့် ကလေးကစားစရာ ပြုလုပ်ရောင်းချခြင်း၊ အနှစ်ပါသည့် ထန်းပင်များကို အိမ်ဆောက်ရာတွင် လူကြိုက်များလာခြင်း၊ ထန်းလက်များအား အိမ်ခြံစည်းရိုးကာရံခြင်း၊ ထန်းစစ်ကြောသည် မိုးရာသီ မီးမွှေးရလွယ်ကူခြင်းကြောင့် စုဆောင်းကြခြင်း စသည့်ဖြင့် ထန်းတစ်ပင်လုံး အသုံးဝင်လှသည်။

ထို့ပြင် ထန်းပင်များကိုခွဲသားပြုလုပ်၍ အိမ်ဆောက်သူများလာခြင်း၊ မြေစိုက်တိုက်ဆောက်လုပ်ရာတွင် အတွင်းပိုင်း ဒိုင်း၊ ဆင့်၊ လျောက်၊ မြားတန်းများအဖြစ် အသုံးများလာခြင်းကြောင့် ထန်းပင်ဈေးနှုန်း တဖြည်းဖြည်း မြင့်တက်လာပြီဖြစ်သည်။ ထို့ပြင် ယာထဲ၊ ယာစပ်၊ လယ်တောစပ်များတွင် ပေါက်ရောက်နေသည့် ထန်းပင်များနှင့် ထန်းလှီးသူ မရှိတော့ဘဲ ၄၅ နှစ် အထက်ရှိသော သက်တမ်းအလွန်ရင့်သည့် ထန်းပင်ကြီးများကို ခုတ်လှဲ၍စားပွဲ၊ ကုလားထိုင် စသည့်အိမ်အသုံးအဆောင် ပရိဘောဂများ ပြုလုပ်နိုင်ပြီး တောင်း၊ ဆွဲခြင်း၊ ဖျာ စသည့် လူ့အသုံးအဆောင်ပစ္စည်းများကိုလည်း ပြုလုပ်ကြသည်။

**ထန်းသီး၊ ထန်းရည်နှင့် စားဖွယ်စုံ**

မြန်မာ့ထန်းပင်များသည် အာဟာရရလဒ်များအရ အချိုဓာတ်ပါဝင်မှု အများဆုံးဖြစ်ကြောင်း သိရသည်။ ထန်းရည်နှင့် ထန်းသီးတွင် အာဟာရတန်ဖိုး မြင့်မားစွာပါရှိပြီး ဆီးရောဂါအပါအဝင် သည်းခြေ၊ ပန်းနာ၊ သွေးအန်ခြင်း၊ သွေးပေါင်ကျခြင်း၊ အနာပေါက်ခြင်းအမျိုးမျိုးနှင့် ကိုယ်တွင်းကိုယ်ပအနာများ၊ အရေပြားရောဂါ၊ အဆုတ်နှင့်ပတ်သက်သော ရောဂါများ၊ လည်ချောင်းနာရောဂါများကိုလည်း သက်သာပျောက်ကင်းစေသည်။ အထူးသဖြင့် ထန်းရည်ချိုက ကိုယ်တွင်းအပူငြိမ်းစေသဖြင့် နွေရာသီဓာတ်စာအဖြစ် ဆေးဖက်ဝင်လှသည်။

စားသောက်ကုန်အနေဖြင့် ထန်းသီး၊ ထန်းရည်မှ ထန်းလျက်၊ ကြာရှည်ခံထန်းရည်၊ ရှလကာရည်၊ ဝိုင်၊ အရက်ဆီ၊ ထန်းသီးနုမှ ထန်းသီး၊ ထန်းသီးယို၊ ထန်းသီးအမှည့်မှ ဖျော်ရည်၊ ပူတင်း၊ ဂျယ်လီနှင့် မုန့်အမျိုးမျိုးတို့ကို ထုတ်လုပ်နိုင်သည်။ တာရှည်ခံ ထန်းရည်အဖြစ် ထုတ်လုပ်နိုင်ရန် နံနက်ပိုင်းထွက်ရှိသော ထန်းရည်ကို ခံယူပြီးနောက် သန့်ရှင်းစွာ ဆေးကြော၍ ပိုးသတ်ထားသော မြူအိုး သို့မဟုတ် ပလတ်စတစ်ဘူးများဖြင့် အနည်မပါအောင် စစ်ယူကာ အပူချိန် ၁၂၀ ဒီဂရီတွင် ငါးမိနစ်ခန့် အပူပေးပြီး ပိုးသတ်ထားသော ပုလင်းများတွင်ထည့်၍ လေလုံအောင်ပိတ်ထားခြင်းဖြင့် နှစ်ပေါက်အောင်ထားရှိနိုင်ပါသည်။ ဤသို့ ပြုပြင်ထိန်းသိမ်းပေးခြင်းဖြင့် မူလအတိုင်း အနံ့၊ အရသာမပျက် ကြာရှည်ခံ ထန်းရည်ချိုကိုရရှိပြီး အခြားသောသဘာဝသစ်သီးဖျော်ရည်များနှင့် ရောနှော၍လည်း ဖျော်ရည်အဖြစ် ပြုလုပ်နိုင်ပါသည်။

၂၀၁၇ ခုနှစ် နိုဝင်ဘာလကုန်ပိုင်းလောက်တွင် ဧရာဝတီတိုင်းဒေသကြီး၊ မြန်အောင်မြို့နယ်မှ ထန်းရည်မှ ဓာတုမပါသော သကြားထုတ်လုပ်မှု အောင်မြင်ခဲ့သည်။ ထန်းရည်ဖြင့် ထုတ်လုပ်သော သကြားအရောင်မှာ အညိုရောင် မဟုတ်ပေ။ ထန်းလျက်ခဲများကို ဂျင်းထန်းလျက်ခဲ၊ ဒိန်ချဉ်ထန်းလျက်ခဲ၊ မန်ကျည်းသီးထန်းလျက်ခဲ၊ ဓနိမှုန့်ထန်းလျက်ခဲအဖြစ် နည်းပညာအသစ်ဖြင့် ထုတ်လုပ်လျက်ရှိသည်။ ထန်းတောတွင်နေထိုင်သူများ လူနေမှုဘဝမြှင့်တင်ရန်အတွက် အရည်အသွေးမြင့် သကြားနှင့် ထန်းလျက်ခဲ အရသာမျိုးစုံတို့ကိုလည်း ပြည်ပသို့တင်ပို့ရောင်းချနေပြီ ဖြစ်သည်။

> **“မြန်မာနိုင်ငံ၏ ထူးခြားသော ဝိသေသလက္ခဏာဖြစ်သည်နှင့်အညီ ကမ္ဘာလှည့်ခရီးသွားများကိုလည်း ဆွဲဆောင်မှုရှိသည့် မြန်မာ့အလှဖြစ်ကာ ထန်းပင်မှ ကောင်းကျိုးများစွာရရှိနိုင်သည်။ လက်ရှိတွင် နိုင်ငံတစ်ဝန်း ထန်းပင်ဖြင့် အသက်မွေးဝမ်းကျောင်းပြုနေသည့် အညာဒေသမှ ထန်းပင်ရှင် ထန်းတောင်သူ သုံးသိန်းခန့်နှင့် ၎င်းတို့ကိုမှီခိုနေသည့် မိသားစုအများအပြားရှိရာ ထန်းပင်နှင့် ထန်းတောများ ထိန်းသိမ်းရေးကို အလေးထားလုပ်ဆောင်ရန် လိုအပ်နေ”**

**မြန်မာ့စီးပွားရေးအနာဂတ်နှင့် ထန်းပင်**

မြန်မာနိုင်ငံ၏ အပူပိုင်းဇုန် အညာဒေသဖြစ်သော ပုဂံ၊ ညောင်ဦး၊ ကျောက်ပန်းတောင်း၊ ငါ့သရောက်၊ ရေစကြိုမြို့တို့တွင် ထန်းပင်များကို တွေ့မြင်နိုင်သည်။ ၎င်းဒေသများအနက် ညောင်ဦးခရိုင် ငါ့သရောက်မြို့နယ်ဝန်းကျင်တွင် ထန်းပင်အမြောက်အမြား ပေါက်ရောက်ကာ တစ်နယ်လုံး ထန်းပင်-ထန်းတောများဖြင့် လွှမ်းခြုံလျက်ရှိသည်။ သို့သော် ထန်းတက်လုပ်သားရှားပါးလာခြင်း၊ ထန်းပင်ကြီးများ မြင့်မားလာကာ ထန်းပင်ပေါ်သို့ လူမတက်နိုင်တော့ခြင်း၊ နယ်ခံအမျိုးသားများ ပြည်ပနိုင်ငံများသို့သွားရောက်ကာ အလုပ်လုပ်ကိုင်ကြခြင်း၊ အိမ်ရှိလူကုန်မိုးလင်းမှ မိုးချုပ်သည်အထိ တရစပ်အလုပ်လုပ်ရသော်လည်း ခံစားရရှိသည့် အကျိုးအမြတ် လွန်စွာနည်းပါးခြင်း၊ ထန်းရာသီအတောအတွင်းသာ အလုပ်အကိုင်ရရှိပြီး ကျန်ရာသီများတွင် အလုပ်အကိုင်မရှိဖြစ်နေခြင်း စသည်တို့ကြောင့် ထန်းပင်ကို အားထား၍ အသက်မွေးဝမ်းကျောင်းပြုရသည်မှာ တစ်နေ့တခြား ခက်ခဲလာသည်။ ရှေးယခင်ကလောက် ထန်းပင်ဖြင့် စီးပွားဖြစ်မလုပ်ကြတော့ဘဲ လူ့အသုံးအဆောင်ပစ္စည်းများ ပြုလုပ်ရန်အတွက်သာ ထန်းပင်များကို ခုတ်လှဲ၍ ရောင်းချလျက်ရှိကြသည်။

စင်စစ်တွင် ထန်းပင်မှထွက်ရှိသော ထန်းအသုံးအဆောင်ပစ္စည်းများသည် လူသားတို့အတွက် စားစရာ၊ နေစရာ၊ အသုံးအဆောင်ပစ္စည်းများ ရရှိနိုင်ခြင်း၊ မိုးခေါင်ရေရှားသော အညာဒေသအတွက် အထူးသဖြင့် နွေရာသီတွင် ထန်းသီးများကို နွားစာအဖြစ် ကျွေးမွေးနိုင်ခြင်း၊ ထန်းတောကြီးများ ထူထပ်စွာရှိနေခြင်းက ရေမြေသဘာဝရာသီဥတုကို အထိုက်အလျောက် ထိန်းညှိပေးနိုင်ခြင်း၊ ထို့ပြင် ထန်းပင်ထန်းတောများသည် မြန်မာနိုင်ငံ၏ ထူးခြားသော ဝိသေသလက္ခဏာဖြစ်သည်နှင့်အညီ ကမ္ဘာလှည့်ခရီးသွားများကိုလည်း ဆွဲဆောင်မှုရှိသည့် မြန်မာ့အလှဖြစ်ကာ ထန်းပင်မှ ကောင်းကျိုးများစွာရရှိနိုင်သည်။ လက်ရှိတွင် နိုင်ငံတစ်ဝန်း ထန်းပင်ဖြင့် အသက်မွေးဝမ်းကျောင်းပြုနေသည့် အညာဒေသမှ ထန်းပင်ရှင် ထန်းတောင်သူ သုံးသိန်းခန့်နှင့် ၎င်းတို့ကိုမှီခိုနေသည့် မိသားစုအများအပြားရှိရာ ထန်းပင်နှင့် ထန်းတောများ ထိန်းသိမ်းရေးကို အလေးထားလုပ်ဆောင်ရန် လိုအပ်နေပါသည်။

သို့မှသာ ထန်းပင်၊ ထန်းတောများ ထိန်းသိမ်းရေးနှင့် ထန်းတောင်သူများဘဝ တိုးတက်မြင့်မားစေရေးကို အထောက်အကူပြုနိုင်မည်ဖြစ်ပါကြောင်း ဖော်ပြလိုက်ရပါသည်။ ။

# ထိုင်းနိုင်ငံမှ ရိုက်ကူးရေးအဖွဲ့များ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ဖူးမြော်ကြည်ညို



**နေပြည်တော်   မတ်   ၁၇**

ထိုင်းခရီးသွားဧည့်သည်များအနေဖြင့် ပိုမိုသိရှိလာရောက်လည်ပတ်စေရေးအတွက် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန၏ ကြီးကြပ်မှုဖြင့် ခရီးလှည့်လည်ရေး လုပ်ငန်းလိုင်စင်ရယူထားသော Picturesque Myanmar Group Co;Ltd. ၏ ပူးပေါင်းစီစဉ်ဆောင်ရွက်မှုဖြင့် ထိုင်းနိုင်ငံမှ Mr.Akaluk jarukijpaisal အပါအဝင် ထိုင်းနိုင်ငံသားရိုက်ကူးရေးအဖွဲ့ဝင် ၁၅ ဦးတို့သည် ယနေ့ညနေပိုင်းတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ်ရှိ ဗုဒ္ဓဥယျာဉ်ဝတ္ထုကံတော်တွင် တည်ထားပူဇော်သည့် ကမ္ဘာပေါ်ရှိထိုင်တော်မူ ကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်သည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား လာရောက်ဖူးမြော် ကြည်ညိုကြသည်။

ဦးစွာ ထိုင်းနိုင်ငံမှ ရိုက်ကူးရေးအဖွဲ့များသည် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား သွားရောက်ဖူးမြော်ကြည်ညိုကြပြီး ဘုရားရင်ပြင်တော်ပတ်လည်၌ စကျင်ကျောက်များ အသုံးပြု၍ တည်ဆောက်ထားသည့် ဂန္ဓကုဋီ၊ မော်ကွန်းတိုက်၌ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးနှင့် ဗုဒ္ဓဥယျာဉ်တော် ပုံစံငယ်ပြသထားမှု၊ မှတ်တမ်းဓာတ်ပုံများ၊ အဂ္ဂါမိပတိသာသနဲ့ ဗိမာန်တော်ကြီး၊ ကျောက်စာရုံစေတီတော်များနှင့် အခြားသာသနိက အဆောက်အအုံများကို ဖူးမြော်လေ့လာကြည်ညိုခဲ့ကြပြီး အလှူငွေများ ပေးအပ်လှူဒါန်းကြသည်။

**ရှင်းလင်းပြသ**

ထို့နောက် မော်ကွန်းတိုက်၌ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ဂေါပကအဖွဲ့နှင့် ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခြင်းနှင့် ထိန်းသိမ်းခြင်းလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခဲ့ကြသည့် ကျွမ်းကျင်ပညာရှင်များက မာရဝိဇယဘုရားကြီး တည်ထားကိုးကွယ်ပူဇော်ရခြင်း ရည်ရွယ်ချက်၊ ရုပ်ပွားတော်မြတ်ကြီးအား လုပ်ငန်းစဉ်အဆင့်ဆင့်ဖြင့် အောင်မြင်စွာ တည်ထားပူဇော်နိုင်ခဲ့မှု၊ လက်ရှိထိန်းသိမ်းဆောင်ရွက်နေမှု၊ ခေတ်မီစက်ကိရိယာများအသုံးပြု၍ ကျောက်စာရုံစေတီတော်များ တည်ထားဆောင်ရွက်ခဲ့မှုနှင့် သာသနာရေးဆိုင်ရာ အခမ်းအနားကြီးများ စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ခဲ့မှုအခြေအနေနှင့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး အောင်မြင်စွာတည်ထားပူဇော်နိုင်ရန် အဆင့်ဆင့်ဆောင်ရွက်ခဲ့မှုများကို လိုက်လံရှင်းလင်းပြသသည်။

ထို့အတူ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား အနယ်နယ်အရပ်ရပ်မှ ရဟန်းရှင်လူဘုရားဖူးပြည်သူများ လာရောက်ဖူးမြော်ကြည်ညိုလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**





# (၇၉)နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားတွင် ပါဝင်သည့် စစ်ရေးပြစစ်ကြောင်းများ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအပါအဝင် ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးနှင့် အထင်ကရနေရာများအား သွားရောက်ဖူးမြော်လေ့လာ

**နေပြည်တော်   မတ်   ၁၇**

(၇၉)နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားတွင် ပါဝင်သည့် စစ်ရေးပြစစ်ကြောင်းများမှ တပ်မတော်(ကြည်း၊ ရေ၊ လေ)အရာရှိ၊ စစ်သည်များ၊ တပ်မတော်(ကြည်း) အမျိုးသမီးစစ်ရေးပြတပ်ခွဲ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ အမျိုးသမီးစစ်ရေးပြတပ်ခွဲတို့က နှစ်သုတ်ခွဲ၍ ယနေ့တွင် ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ်ရှိ ဗုဒ္ဓဥယျာဉ်ဝတ္ထုကံတော်တွင် တည်ထားပူဇော်သည့် ကမ္ဘာပေါ်ရှိ ထိုင်တော်မူ ကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်သည့် မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား လာရောက်ဖူးမြော်ကြည်ညိုကြသည်။

အဆိုပါ (၇၉)နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားတွင် ပါဝင်သည့် စစ်ရေးပြစစ်ကြောင်းများမှ ဘုရားဖူးလာစစ်ရေးပြစစ်ကြောင်းများသည် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ဖူးမြော်ကြည်ညိုကြပြီး ဘုရားရင်ပြင်တော်ပတ်လည်၌ စကျင်ကျောက်များ အသုံးပြု၍ တည်ဆောက်ထားသည့် ဂန္ဓကုဋီတိုက်များအတွင်း လေ့လာကြည့်ရှုကြသည်။ ယင်းနောက် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ဘက်စုံပြုပြင်မွမ်းမံရန်အတွက် အလှူငွေများ ပေးအပ်လှူဒါန်းကြသည်။

ထို့နောက် ဗိသုကာလက်ရာများဖြင့် ခမ်းနားထည်ဝါစွာ တည်ထားပူဇော်ထားသည့် အဂ္ဂါမိပတိသာသနဲ့ဗိမာန်တော်ကြီး၊ ကျောက်စာရုံစေတီတော်များ၊ သုဓမ္မာဇရပ်များ၊ မုစလိန္ဒအိုင်နှင့် အခြားသာသနိက အဆောက်အအုံများကို ဆက်လက်ဖူးမြော်လေ့လာကြည်ညိုကြသည်။

ထို့ပြင် အဆိုပါ စစ်ရေးပြစစ်ကြောင်းများသည် ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးအား သွားရောက်ဖူးမြော်ကြည်ညိုခြင်း၊ တပ်မတော်စစ်သမိုင်းပြတိုက်နှင့် သူရဲကောင်းဗိမာန်တို့ကို သွားရောက်လေ့လာခြင်းများ ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# (၇၉)နှစ်မြောက်တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် တန့်ဆည်မြို့နယ် မူးခွကျေးရွာနှင့် ကန့်ဘလူမြို့နယ် ကံရိုးကျေးရွာကြားရှိ ငြိမ်းချမ်းရွှေပြည် မူးမြစ်ကူးတံတားဖွင့်ပွဲ ကျင်းပ




**နေပြည်တော်   မတ်   ၁၇**

(၇၉)နှစ်မြောက် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ရေဦးခရိုင် တန့်ဆည်မြို့နယ် မူးခွကျေးရွာနှင့် ကန့်ဘလူမြို့နယ် ခါးတောက်ရင်းအုပ်စု ကံရိုးကျေးရွာကြားရှိ ငြိမ်းချမ်းရွှေပြည် မူးမြစ်ကူးတံတားဖွင့်ပွဲကို ယနေ့နံနက်ပိုင်းတွင် အဆိုပါတံတား၌ကျင်းပရာ ကန့်ဘလူမြို့နယ်မှ ဆရာတော် ဦးဝါသဝ၊ နယ်မြေခံတပ်မှ တာဝန်ရှိသူများ၊ ကန့်ဘလူခရိုင်/မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့မှ တာဝန်ရှိသူများနှင့် ဒေသခံပြည်သူများ တက်ရောက်ဖွင့်လှစ်ကြသည်။

အဆိုပါ တံတားကြီးသည် တံတားအရှည် ပေ ၆၅၀၊ အရှေ့ဘက် ချဉ်းကပ်လမ်း ပေ ၁၁၅၀၊ အနောက်ဘက်ချဉ်းကပ်လမ်း ပေ ၂၀၀၊ တံတားအခန်း ၅၄ ခန်း တစ်ခန်းလျှင် ၁၂ ပေ၊ ယာဉ်သွားလမ်းအကျယ် ၁၂ ပေခွဲရှိသော သစ်သားတံတား အမျိုးအစားဖြစ်ပြီး တံတားအမြင့်ပေ ရေပြင်မှ ကြမ်းခင်းအထက် ၁၀ ပေခန့်ရှိကြောင်း သိရှိရသည်။

ထိုသို့ ငြိမ်းချမ်းရွှေပြည် မူးမြစ်ကူးတံတား ဖွင့်လှစ်ခြင်းကြောင့် ဒေသအတွင်း ကုန်စည်စီးဆင်းမှုနှင့် သွားလာရေး လွယ်ကူလျင်မြန်ပြီး ဒေသခံပြည်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သည်။ အဆိုပါ တံတားဖွင့်ပွဲသို့ တက်ရောက်လာကြသူများအား စားသောက်ဖွယ်ရာများ ကျွေးမွေးလှူဒါန်းခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ကျောင်းကုန်းမြို့၌ ပြည်သူ့စစ်မှုထမ်းဥပဒေဆိုင်ရာသိကောင်းစရာ ကွင်းဆင်းဆွေးနွေး

ကျောင်းကုန်း မတ် ၁၇

ဧရာဝတီတိုင်းဒေသကြီး ကျောင်းကုန်းမြို့နယ် သံဒင်းအိုင်ကျေးရွာ နိဗ္ဗန္ဒကမ္မဋ္ဌာန်းကျောင်း၌ ပြည်သူ့စစ်မှုထမ်းဥပဒေဆိုင်ရာသိကောင်းစရာ ဆွေးနွေးပွဲကို ယနေ့မွန်းလွဲ ၁ နာရီခန့်က ကျင်းပခဲ့သည်။

ဦးစွာ မြို့နယ်ပြည်သူ့စစ်မှုထမ်း ဆင့်ခေါ်ရေးကော်မတီဥက္ကဋ္ဌ ဦးစိုးဝင်းက ပြည်သူ့စစ်မှုထမ်းဥပဒေနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး မြို့နယ်ပြည်သူ့စစ်မှုထမ်း ဆင့်ခေါ်ရေးကော်မတီအဖွဲ့ဝင် ဗိုလ်မှူး နေဝင်းနောင်က ပြည်သူ့စစ်မှုထမ်းဥပဒေနှင့်ပတ်သက်၍ အွန်လိုင်းမှာ သတင်းမှားများ ပျံ့နှံ့နေကြောင်း၊ ဥပဒေအရ စစ်မှုထမ်းရန် သတ်မှတ်ကာလ၊ အကျုံးဝင်သူများ၊ ကင်းလွတ်ခွင့်ရရှိသူများကိုလည်း ဥပဒေထဲတွင်ပြဋ္ဌာန်းထားပါကြောင်း၊ အကျုံးဝင်သူများကို မှတ်ပုံတင်ထားမည်ဖြစ်ကြောင်း၊ ချက်ခြင်းလက်ငင်း အကျုံးဝင်သူအားလုံးခေါ်ယူမည်မဟုတ်ပါကြောင်း၊ အွန်လိုင်းပေါ်မှာ လှုံ့ဆော်နေသကဲ့သို့ စိုးရိမ်ခြင်းမရှိကြရန် ရှင်းလင်းပြောကြားခဲ့သည်။

ဆက်လက်၍ မြို့နယ်ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးကော်မတီ



အဖွဲ့ဝင် ရဲမှူး အောင်နိုင်ဦးက နိုင်ငံတော်အတွင်းမှာရှိသည့် တိုင်းရင်းသားအားလုံး ပြည်သူ့စစ်မှုထမ်းရန်တာဝန်ရှိကြောင်း၊ နိုင်ငံတော်ကို ကာကွယ်ရန် နိုင်ငံသားတိုင်းမှာ တာဝန်ရှိကြောင်း ရှင်းလင်းပြောကြားပြီး တက်ရောက်လာသူများက သိရှိလိုသည်များ မေးမြန်းရာ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားခဲ့ကြောင်း သိရသည်။

ဝင်းကြိုင်(ပြန်/ဆက်)

# ကန်ကြီးထောင့်မြို့နယ်၌ ပြည်သူ့စစ်မှုထမ်းဥပဒေနှင့် ပတ်သက်၍ အသိပညာပေးဟောပြော

ကန်ကြီးထောင့် မတ် ၁၇

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ကန်ကြီးထောင့်မြို့နယ်၌ ပြည်သူ့စစ်မှုထမ်းဥပဒေနှင့် ပတ်သက်၍ ပြည်သူများ ကျယ်ကျယ်ပြန့်ပြန့် သိရှိစေရန်အတွက် အသိပညာပေးဟောပြောပွဲကို ယနေ့ နံနက် ၁၀ နာရီက လဟာကလူ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး၌ ကျင်းပခဲ့သည်။



ထိုသို့ဟောပြောပွဲဆောင်ရွက်ရာတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးမြင့်အောင်က ပြည်သူများ သိရှိနားလည်နိုင်စေရန်အတွက် ပြည်သူ့စစ်မှုထမ်းဆိုင်ရာ ကိစ္စရပ်များဖြစ်သည့် ပြည်သူ့စစ်မှုထမ်းဥပဒေ၏ ရည်ရွယ်ချက်များ၊ စစ်မှုထမ်းရမည့် အသက်အရွယ်၊ ပြည်သူ့စစ်မှုထမ်းရန် ကာလ၊ အမျိုးသားရေးတာဝန်၊ စိုးရိမ်ရန်မလိုကြောင်း၊ ဘာကြောင့် ပြည်သူ့စစ်မှုထမ်းစနစ် ကျင့်သုံးရတာလဲ၊ ပြည်သူ့စစ်မှုထမ်းတို့၏ ခံစားခွင့်များ၊ ကင်းလွတ်ခွင့်များနှင့် ယာယီရွှေ့ဆိုင်းနိုင်သူများ စသည်တို့ကို ဆွေးနွေး ဟောပြောပို့ချခဲ့သည်။

ထို့နောက် ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများက ပြည်သူ့စစ်မှုထမ်းဥပဒေနှင့် ပတ်သက်၍ သိကောင်းစရာ လက်ကမ်းစာစောင်များအား ပြည်သူများထံသို့ လက်ဝယ်အရောက် ဖြန့်ဝေပေးခဲ့ကြပြီး အဆိုပါ ဟောပြောပွဲ အခမ်းအနားသို့ကျေးရွာနေ ပြည်သူ ၁၅၀ ခန့်တက်ရောက်ခဲ့ကြသည်။ အလားတူ ကန်ကြီးထောင့်မြို့နယ် အတွင်းရှိ ပေါက်ကျွန်းကျေးရွာနှင့် ကုလားကွင်း ကျေးရွာတို့တွင် ကျေးရွာအုပ်ချုပ်ရေးမှူးများက ဦးဆောင်၍ ကျေးရွာနေ ပြည်သူများ ကျယ်ကျယ်ပြန့်ပြန့် သိရှိစေရန်အတွက် ဟောပြောပွဲများ ဆောင်ရွက်ခြင်းနှင့် လက်ကမ်းစာစောင်များအား ဖြန့်ဝေပေးခဲ့ကြကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

# မိုင်းယောင်းမြို့နယ်၌ ပြည်သူ့စစ်မှုထမ်းဥပဒေဆိုင်ရာ အသိပညာပေးဆွေးနွေး

မိုင်းယောင်း မတ် ၁၇

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းယောင်းမြို့နယ်၌ ပြည်သူ့စစ်မှုထမ်းဥပဒေဆိုင်ရာ အသိပညာပေးဆွေးနွေးပွဲကို ယမန်နေ့က နားဖန်းကျေးရွာရှိ ဝမ်ဘိုးကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး၌ ကွင်းဆင်းဆောင်ရွက်ခဲ့သည်။

ထိုသို့ ကွင်းဆင်းဆောင်ရွက်ရာတွင် မြို့နယ်ပြည်သူ့စစ်မှုထမ်း ဆင့်ခေါ်ရေးအဖွဲ့ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးသက်ဆွေနှင့် မြို့နယ်ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ဝင်များက ပြည်သူ့စစ်မှုထမ်းဥပဒေရည်ရွယ်ချက်၊ ဘာကြောင့် ပြည်သူ့စစ်မှုထမ်းစနစ် ကျင့်သုံးရတာလဲ၊ စစ်မှုထမ်းရမည့်အသက်အရွယ်ရောက်သူ၊ ပြည်သူ့စစ်မှုထမ်းရန်ကာလ၊ စိုးရိမ်ရန်မလို၊ ပြည်သူ့စစ်မှုထမ်းတို့၏ ခံစားခွင့်များ၊ ယခုကာလသည် ပြည်သူ့စစ်မှုထမ်းဆိုင်ရာ ဥပဒေ၊ နည်းဥပဒေများနှင့် ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များ ချမှတ်ခြင်း မရှိသေးသည့်အတွက် တရားမဝင်မီဒီယာများ၏ ကောလာဟလ လုပ်ကြံသတင်းများကြောင့် စိုးရိမ်ကြောင့်ကြရန် မလိုကြောင်းတို့ကို ပါမုန်ကျေးရွာ၊ ဝမ်ဘိုးကျေးရွာ၊ ဖကျောက်ကျေးရွာ၊ နားဖန်းကျေးရွာ၊ ဝမ်တွီကျေးရွာ၊ လော့ဟန်ကျေးရွာ၊ ယန်းမွန်းကျေးရွာ၊ ယန်းလဲကျေးရွာ၊ ဝမ်ပုံကျေးရွာနှင့် ယမ်းမကျေးရွာတို့မှ ပြည်သူများအား ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)



# ပူတာအိုမြို့၌ ပြည်သူ့စစ်မှုထမ်းဥပဒေဆိုင်ရာ သိကောင်းစရာ လက်ကမ်းစာစောင်များဖြန့်ဝေ

ပူတာအို မတ် ၁၇

ကချင်ပြည်နယ် ပူတာအိုမြို့၌ မြို့နယ်ရဲတပ်ဖွဲ့မှူး၏ဦးဆောင်မှုဖြင့် ပြည်သူ့စစ်မှုထမ်းဥပဒေဆိုင်ရာ သိကောင်းစရာသတင်းစကားလက်ကမ်းစာစောင်များဖြန့်ဝေခြင်းကို မတ် ၁၆ ရက် မွန်းလွဲ ၃ နာရီက ပူတာအိုလေဆိပ်၌ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

သတင်းစကားလက်ကမ်းစာစောင်ဖြန့်ဝေရာတွင် ပူတာအိုမြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူး မိုးကျော်သူ၏ ဦးဆောင်မှုဖြင့် တပ်ဖွဲ့ဝင်များက ပူတာအို-မြစ်ကြီးနား-မန္တလေး-ရန်ကုန်သို့ လေကြောင်းလိုင်းဖြင့် သွားရောက်မည့် ခရီးသည်များနှင့် ရန်ကုန်-မန္တလေး-မြစ်ကြီးနား-ပူတာအိုသို့ လေကြောင်းလိုင်းဖြင့်ရောက်ရှိလာသည့် ခရီးသည်များအား သတင်းစကားလက်ကမ်းစာစောင် ၁၀၀ ဖြန့်ဝေပေးခဲ့သည်။

အဆိုပါသတင်းစကားလက်ကမ်းစာစောင်တွင် ပြည်သူ့စစ်မှုထမ်းစနစ်ကျင့်သုံးရသည့်အကြောင်းအရင်းများ၊ ပြည်သူ့စစ်မှုထမ်းတို့၏ ခံစားခွင့်များ၊ပြည်သူ့စစ်မှုထမ်းဥပဒေရည်ရွယ်ချက်၊စစ်မှုထမ်းရမည့် အသက်အရွယ်ရောက်သူ၊ပြည်သူ့စစ်မှုထမ်းရန်ကာလ၊ ပြည်သူ့စစ်မှုထမ်းဥပဒေနှင့်စပ်လျဉ်း၍ စုံစမ်းမေးမြန်း နိုင်သည့် ဖုန်းနံပါတ်များ၊ဗိုလ်ချုပ်အောင်ဆန်း ၁၉၄၇ ခုနှစ် ဇူလိုင် ၁၃ ရက်တွင် မြို့တော်ခန်းမကြီး၌ ကျင်းပသည့် ပြည်သူ့အစည်းအဝေးကြီး၌ ပြောကြားသော မိန့်ခွန်းမှကောက်နုတ်ချက်များပါဝင်ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

# ကျောက်မဲမြို့၌ ပြည်သူ့စစ်မှုထမ်းဥပဒေဆိုင်ရာ အသိပညာပေးရှင်းလင်းပွဲပြုလုပ်

ကျောက်မဲ မတ် ၁၇

ရှမ်းပြည်နယ်(မြောက်ပိုင်း) ကျောက်မဲမြို့နယ်၌ ပြည်သူ့စစ်မှုထမ်း ဥပဒေဆိုင်ရာ သိကောင်းစရာ အသိပညာပေးရှင်းလင်းပွဲကို အမှတ် ၁ ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံးတွင် ယနေ့ နံနက် ၇ နာရီခွဲက ပြုလုပ်သည်။

အဆိုပါ ရှင်းလင်းပွဲတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးစိုးညွန့်ရွှေက ပြည်သူ့စစ်မှုထမ်းဥပဒေ၏ ရည်ရွယ်ချက်၊ စစ်မှုထမ်းရမည့် အသက်အရွယ်၊ ပြည်သူ့စစ်မှုထမ်းရန်ကာလ၊ ပြည်သူ့စစ်မှုထမ်းတို့၏ ခံစားခွင့်များ၊ ကင်းလွတ်ခွင့်များနှင့် ယာယီရွှေ့ဆိုင်းနိုင်သူများ၊ ပြည်သူ့စစ်မှုထမ်းဥပဒေနှင့် ပတ်သက်၍ သိကောင်းစရာများကို ရှင်းလင်းဆွေးနွေးခြင်း၊ တက်ရောက်လာသူများ၏ မေးမြန်းမှုများကို ပြန်လည်ဖြေကြားခြင်းများ ဆောင်ရွက်ခဲ့သည်။

ယင်းနောက် အခမ်းအနားသို့ တက်ရောက်လာသူများအား ပြည်သူ့စစ်မှုထမ်းဥပဒေဆိုင်ရာ သိကောင်းစရာ လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

# ဟသ်ီတမြို့နယ်၌ စစ်မှုထမ်းဥပဒေအကြောင်း ရှင်းလင်းဆွေးနွေး၊ အသိပညာပေးလက်ကမ်းစာစောင်များဖြန့်ဝေ

ဟသ်ီတ မတ် ၁၇

ဧရာဝတီတိုင်းဒေသကြီး ဟသ်ီတမြို့နယ်၌ ယနေ့နံနက် ၁၀ နာရီက ဒူးယားမြို့ မြို့အုပ်ချုပ်ရေးမှူးရုံး အစည်းအဝေးခန်းမ၌ ဟသ်ီတမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့မှ အဖွဲ့ဝင်(၁)ဗိုလ်မှူး ကျော်စွာထွန်းနှင့် အဖွဲ့ဝင်(၂)ဦးမြင့်သိန်းတို့ ဦးဆောင်၍ ဒူးယားမြို့ ဒူးယားတိုက်နယ်နှင့် အင်းဓဝယ်တိုက်နယ်အတွင်းရှိ ရပ်ကွက်ကျေးရွာ အုပ်ချုပ်ရေးမှူးများ၊ ရာအိမ်မှူးများ၊ဆယ်အိမ်မှူးများ၊ ရပ်မိရပ်ဖများနှင့် တွေ့ဆုံ၍ ပြည်သူ့စစ်မှုထမ်းဥပဒေနှင့်ပတ်သက်၍ ရှင်းလင်းဟောပြောခဲ့သည်။

အဆိုပါ ရှင်းလင်းဆွေးနွေးပွဲသို့ သက်ဆိုင်ရာရပ်ကွက်ကျေးရွာ အုပ်ချုပ်ရေးအဖွဲ့များ၊ ရပ်မိရပ်ဖများ၊ ပြည်သူများ ၁၅၀ ခန့် တက်ရောက်ခဲ့ကြပြီး တာဝန်ရှိသူများ၏ ဆွေးနွေးရှင်းလင်းမှုများအပေါ် တက်ရောက်လာကြသူများက သိရှိလိုသည်များ ပြန်လည်မေးမြန်းဆွေးနွေးခဲ့ရာ



မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များမှ အကျယ်တဝင့်ပြန်လည်ဖြေကြားခဲ့ကြောင်း သိရသည်။

ဆက်လက်၍ ဒူးယားမြို့ လမ်းမကြီးနှင့်လူစည်ကားရာနေရာများတွင် မြို့အုပ်ချုပ်ရေးအဖွဲ့နှင့်တာဝန်ရှိသူများက ပြည်သူ့စစ်မှုထမ်းဥပဒေအကြောင်းသိကောင်းစရာ အသိပညာပေးလက်ကမ်းစာစောင်များကို ဖြန့်ဝေပေးခဲ့ကြောင်းသိရသည်။

ခရိုင်(ပြန်/ဆက်)

# ဗင်နီဇွဲလားသမ္မတ နီကိုလပ်စ်မာဒူရို ဇူလိုင်လ သမ္မတရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်မည်

**ကာရာကတ် မတ် ၁၇**

ဗင်နီဇွဲလားသမ္မတ နီကိုလပ်စ်မာဒူရိုသည် ဇူလိုင်လတွင်ကျင်းပမည့် သမ္မတရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ကြောင်း သိရသည်။

မာဒူရိုကို ပါတီဝင်များက ၎င်းပါတီ၏ တရားဝင်သမ္မတလောင်းအဖြစ် ဝင်ရောက်ယှဉ်ပြိုင်ရန် မတ် ၁၆ ရက်တွင် အမည်စာရင်းတင်သွင်းခဲ့သည်။

သို့သော် မာဒူရို၏အဓိကအတိုက်အခံအုပ်စုမှ ပြိုင်ဘက်ကို ဝင်ရောက်ယှဉ်ပြိုင်ခွင့် ပိတ်ပင်ထားသောကြောင့် ရွေးကောက်ပွဲနှင့်ပတ်သက်ပြီး တရားမျှတမှုရှိစေရန် ပြည်သူများအကြား မေးခွန်းများ မြင့်တက်လျက်ရှိသည်။

ဗင်နီဇွဲလား အမျိုးသား ရွေးကောက်ပွဲကောင်စီက သမ္မတ ရွေးကောက်ပွဲကို ဇူလိုင် ၂၈ ရက်တွင် ကျင်းပမည်ဟု ယခုလအစောပိုင်းတွင် ကြေညာခဲ့သည်။

ပြည်သူများ၏ အကျိုးစီးပွားကို ဦးစားပေးဆောင်ရွက်မည်ဖြစ်သည့်အတွက် ပြည်သူများ၏ ထောက်ခံမှုလိုအပ်ကြောင်း မာဒူရိုက ပြောကြားသည်။

စီးပွားရေးဆိုင်ရာ လွတ်လပ်ခွင့်များ လုပ်ဆောင်ရန် တောင်းဆိုလျက်ရှိသည့် အစိုးရဆန့်ကျင်ရေး ခေါင်းဆောင် မာရီယာ ကိုရီနာ မာချာဒိုသည် အတိုက်အခံ ညွန့်ပေါင်းအဖွဲ့တွင် ထောက်ခံမှုအများဆုံးရရှိထားသူဖြစ်သည်။

သို့သော် မာဒူရို၏ လက်ဝဲအုပ်ချုပ်ရေး၏ လွှမ်းမိုးမှုအောက်တွင်ရှိသော နိုင်ငံ၏ တရားရုံးချုပ်သည် ယခုနှစ် ရွေးကောက်ပွဲတွင် မာရီယာ ကိုရီနာ မာချာဒိုကို သမ္မတရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ရန် အရည်အချင်းပြည့်မီမှု မရှိကြောင်း ပြီးခဲ့သည့် ဇန်နဝါရီလတွင် ဆုံးဖြတ်ခဲ့သည်။

မာဒူရိုသည် ၂၀၁၈ ခုနှစ် သမ္မတရွေးကောက်ပွဲတွင် ပြန်လည်အရွေးခံခဲ့ရပြီးနောက် အဓိကအတိုက်အခံပါတီများမှ ကိုယ်စားလှယ်လောင်းများကို ယှဉ်ပြိုင်အရွေးခံခြင်းမပြုရန် တားမြစ်ထားသည်။

**ကိုးကား – အင်န်အိတ်ချ်ကေ**
**ဘာသာပြန် – အောင်ကျော်ကျော်**



# ဆီးရီးယားနိုင်ငံ၌ မြေမြှုပ်မိုင်း ပေါက်ကွဲမှုကြောင့် ၁၆ ဦး သေဆုံး



**ဒမတ်စကတ် မတ် ၁၇**

ဆီးရီးယားနိုင်ငံမြောက်ပိုင်း အယ်လ်ရက်ကာပြည်နယ်တွင် မတ် ၁၆ ရက်က မြေမြှုပ်မိုင်းတစ်ခု ပေါက်ကွဲခဲ့ရာ အနည်းဆုံး ၁၆ ဦး သေဆုံးခဲ့ကြောင်း စစ်ပွဲစောင့်ကြည့်သူတစ်ဦးက သတင်းထုတ်ပြန်ခဲ့သည်။

**ပြောကြား**

ဆီးရီးယားနိုင်ငံ အယ်လ်ကာရက်ပြည်နယ် အရှေ့ပိုင်း ကျေးလက်ဒေသတစ်ခုတွင် လူတစ်စုက မှိုများကို ရှာဖွေနေစဉ် ပေါက်ကွဲမှုဖြစ်ပွားခဲ့ကြောင်း ဆီးရီးယားလူ့အခွင့်အရေး စောင့်ကြည့်လေ့လာရေးအဖွဲ့က ပြောကြားသည်။

အဆိုပါ မြေမြှုပ်မိုင်းအား အိုင်အက်စ်အဖွဲ့က ချန်ထားခဲ့သည့် အကြွင်းအကျန်များဟု သံသယရှိခဲ့ကြောင်း သိရသည်။ သေဆုံးသူများထဲတွင် အမျိုးသမီး ကိုးဦး ပါဝင်ပြီး ခြောက်ဦးထက်မနည်း ပြင်းထန်စွာ ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

**သေဆုံးသူ ၇၄ ဦးရှိလာ**

၂၀၂၄ ခုနှစ် ဇန်နဝါရီလနောက်ပိုင်း ဆီးရီးယားနိုင်ငံတစ်ဝန်း မြေမြှုပ်မိုင်းဗုံးပေါက်ကွဲမှုနှင့် အခြားလက်နက်များကြောင့် သေဆုံးသူ စုစုပေါင်း ၇၄ ဦးရှိကြောင်းလည်း သိရသည်။

**ကိုးကား–ဆင်ဟွာ**
**ဘာသာပြန်–အလင်းသစ်**

# ဉာဏ်ရည်တုနည်းပညာကို အသုံးပြုသည့် အွန်လိုင်းအရောင်းအဝယ် ဝက်ဘ်ဆိုက်များ တွေ့ရှိ

**တိုကျို မတ် ၁၇**

ဉာဏ်ရည်တုနည်းပညာကို အသုံးပြုသည့် အွန်လိုင်းအရောင်းအဝယ်ဝက်ဘ်ဆိုက်များ၏ လိမ်လည်လှည့်ဖြားမှုများကို သတိထားရန် ပြည်သူများကို တာဝန်ရှိသူများက သတိပေးထားသည်။

အဆိုပါ အွန်လိုင်းအရောင်းအဝယ် ဝက်ဘ်ဆိုက်အတု ၁၀ ခုကျော်ကို ဂျပန်၊ အမေရိကန်နှင့် အရှေ့တောင်အာရှနိုင်ငံများ၌ တွေ့ရှိရကြောင်း သိရသည်။

ဘာသာစကား ၂၀ အသုံးပြုနိုင်သည့် ဉာဏ်ရည်တု Chatbot ဆော့ဝဲလ်များကို အွန်လိုင်းအရောင်းအဝယ် လိမ်လည်မှု ဝက်ဘ်ဆိုက်အမျိုးအစားသစ်အတွက် အသုံးပြုထားကြောင်း သိရသည်။

အရှေ့တောင်အာရှတွင် အဓိကလုပ်ငန်းလည်ပတ်လျက်ရှိသည့် အွန်လိုင်းအရောင်းအဝယ် ဝက်ဘ်ဆိုက်တစ်ခုဖြစ်သော Carousell ၏ ဗားရှင်းအတုကို အွန်လိုင်းလိမ်လည်သူများက တုပဖန်တီးခဲ့သည်။

ဝက်ဘ်ဆိုက်အစစ်၏ လိုဂိုကို အသုံးပြုထားသည့် အဆိုပါဝက်ဘ်ဆိုက်အတုတွင် ဈေးဝယ်သူများအား အမျိုးအစားအလိုက် ထုတ်ကုန်များကို စိတ်ကြိုက်ရှာဖွေရွေးချယ်ခွင့်ပေးထားသည်။

ဝက်ဘ်ဆိုက်အတုတွင် အသုံးပြုထားသည့် Chatbot ဆော့ဝဲလ်များသည် ငွေကြေးအများအပြားကို လိမ်လည်သူထံသို့ လွှဲပြောင်းပေးရန် ကြိုးပမ်းလျက်ရှိကြောင်း သိရသည်။

ဉာဏ်ရည်တုနည်းပညာကို လိမ်လည်မှုများအတွက် အသုံးပြုခြင်းသည် ပြင်းထန်သော ခြိမ်းခြောက်မှုတစ်ခုဖြစ်ကြောင်း ကျွမ်းကျင်သူတစ်ဦးက ပြောကြားသည်။

AI Chatbot များသည် ဘာသာစကားစွမ်းရည်ကို မြှင့်တင်ပေးသည့်အတွက် အွန်လိုင်းအရောင်းအဝယ်လုပ်ငန်းများလုပ်ဆောင်ရာတွင် ပိုမိုလွယ်ကူမှုရှိသော်လည်း ဝက်ဘ်ဆိုက်အတုများကို ဖော်ထုတ်ရန် ပိုမိုခက်ခဲလာနိုင်ကြောင်း ၎င်းက ထပ်လောင်းပြောကြားသည်။

**ကိုးကား – အင်န်အိတ်ချ်ကေ**
**ဘာသာပြန် – အောင်ကျော်ကျော်**







# ဂါဇာကမ်းမြောင်ဒေသတွင် ပါလက်စတိုင်း သေဆုံးသူ ၃၁၆၄၅ ဦး ရှိလာ

**ဂါဇာ မတ် ၁၇**

ဂါဇာကမ်းမြောင်ဒေသတွင် ပါလက်စတိုင်း သေဆုံးသူဦးရေ ၃၁၆၄၅ ဦး ရှိလာပြီး အခြား ဒဏ်ရာရရှိသူ ၇၃၆၇၆ ဦးရှိကြောင်း ဟားမတ်စ်အဖွဲ့မှ ကျန်းမာရေးဝန်ကြီးဌာနက မတ် ၁၇ ရက်တွင် သတင်းထုတ်ပြန်သည်။

အစ္စရေးစစ်တပ်၏ တိုက်ခိုက်မှုကြောင့် လွန်ခဲ့သည့် ၂၄ နာရီအတွင်း ပါလက်စတိုင်း ၉၂ ဦး သေဆုံးပြီး ၁၃၀ ဒဏ်ရာရရှိကာ စုစုပေါင်းသေဆုံးသူ ၃၁၆၄၅ ဦးနှင့် ဒဏ်ရာရရှိသူ ၇၃၆၇၆ ဦးရှိခဲ့ကြောင်း ယင်းဝန်ကြီးဌာန၏ ထုတ်ပြန်ချက်အရ သိရသည်။

ပြင်းထန်သော ဗုံးကြဲတိုက်ခိုက်မှုများနှင့် အရပ်ဘက် ကာကွယ်ရေးနှင့် လူနာတင်ယာဉ် ဝန်ထမ်းများ ဝင်ရောက်ရန် အခက်အခဲများ ရှိနေခြင်းကြောင့် ထိခိုက်ဒဏ်ရာရသူအချို့မှာ အပျက်အစီးများအောက်တွင် ရှိနေကြောင်း ကြေညာချက်တွင် ဖော်ပြထားသည်။

၂၀၂၃ ခုနှစ် အောက်တိုဘာ ၇ ရက်က ဟားမတ်စ်အဖွဲ့၏ တိုက်ခိုက်မှုပြီးနောက် အစ္စရေးတပ်ဖွဲ့ဝင်များသည် ဂါဇာကမ်းမြောင်ဒေသ၌ ဟားမတ်စ်အဖွဲ့အား ပြင်းပြင်းထန်ထန် ထိုးစစ်ဆင်လျက်ရှိကြောင်း သိရသည်။

**ကိုးကား–ဆင်ဟွာ၊ ဘာသာပြန်–အလင်းသစ်**


## PDF Game ဆော့ကစားခြင်းကြောင့် ဥပဒေအရ အရေးယူခံရနိုင်သည်

အကြမ်းဖက်လုပ်ငန်းများဆောင်ရွက်နေသည့် PDF အဖွဲ့များအား တစ်ဖက်တစ်လမ်းမှ ထောက်ပံ့လှူဒါန်းစေရန်၊ လူငယ်လူရွယ်များ၏ မသိစိတ်များအတွင်း တပ်မတော်အပေါ် အထင်အမြင်လွဲမှားစေရန်နှင့် တော်လှန်လိုစိတ်တိုးပွားလာစေရန် စသည့်ရည်ရွယ်ချက်များဖြင့် NUG၊ CRPH လက်အောက်ခံအကြမ်းဖက် အဖွဲ့အစည်းများက PDF Game Application များ တီထွင်ဖန်တီးအသုံးပြုလျက်ရှိကြောင်း စိစစ်တွေ့ရှိရသည့်အတွက် PDF Game ဆော့ကစားခြင်းသည် အကြမ်းဖက်အဖွဲ့အား ထောက်ပံ့ခြင်းဖြစ်၍ ဥပဒေအရ အရေးယူခံရနိုင်ကြောင်း အသိပေးအပ်ပါသည်။ ■

## တရားမဝင် လူသုံးကုန်ပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ လုပ်ငန်းသုံးပစ္စည်းများနှင့် မော်တော်ယာဉ်များ သိမ်းဆည်းရမိ

နေပြည်တော် မတ် ၁၇

တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ မန္တလေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မတ် ၁၄ ရက်တွင် မြစ်ငယ်-ထုံးဘိုတိုးဂိတ်အနီး၌ ယာဉ်တစ်စီးပေါ်မှ တရားဝင် စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် FUDO လျှပ်စစ်ဒယ်နီအိုး ၁၁၂၆ လုံး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၈၁၂၀၀၀) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Mitsubishi Cantrer Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၆၀၀၀၀၀၀) ကိုလည်း ကောင်း၊ မတ် ၁၅ ရက်တွင် မြစ်ငယ်-ထုံးဘိုတိုးဂိတ်အနီး၌ ယာဉ်တစ်စီးပေါ်မှ တရားဝင် စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် OSAKA လက်ကိုင်မီးအိမ် အလုံး ၄၅၀ အပါအဝင် ကုန်ပစ္စည်းသုံးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၉၁၆၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Isuzu Light Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၅၀၀၀၀၀၀)ကိုလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၆၂၉၇၂၀၀၀ ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။



ရန်ကုန်တိုင်းဒေသကြီး၌ ဖမ်းဆီးရမိမှု။

ထို့အတူ မတ် ၁၅ ရက်တွင် ရန်ကုန်တိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျ ပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ရွှေပြည်သာမြို့နယ် သီရိမင်္ဂလာပတ်လမ်း အမှတ်(၁၀၅၃)ရှိဂိုဒေါင်၌ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် Red Bull အားဖြည့်အချိုရည် ၄၅၆ ဘူး၊ Spy Wine (Black) ၄၃၂ ပုလင်း၊ Maximus Beer ၅၅၂ ဘူး အပါအဝင် ကုန်ပစ္စည်း ၁၃ မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၃၅၄၅၀၀၀)ကိုလည်းကောင်း၊ မင်္ဂလာဒုံမြို့နယ် ဉာဏရပ်ကွက် ခတ္တာလမ်း အမှတ်(၂၁၀)ရှိ ဂိုဒေါင်၌ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် High Commisioner ဝီစကီ ၅၇၆ ပုလင်း၊ Napol၊ စီးကရက်အတောင့် ၅၀၀ အပါအဝင် ကုန်ပစ္စည်း ၁၉ မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၃၈၁၈၀၀၀) ကို လည်းကောင်း၊ မင်္ဂလာဒုံမြို့နယ် ပေါင်းကူးဉာဏရပ်ကွက် စံပယ်လမ်း အမှတ် (7Q/B)ရှိဂိုဒေါင်၌ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် ပုစွန်တစ်ကောင်စားအုန်းဆီ ၁၈ လီတာပါဘူး ၂၀၀၊ Spy Wine ၄၇၇၆ ပုလင်းအပါအဝင် ကုန်ပစ္စည်းငါးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၃၃၁၄၀၀၀) ကို လည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၉၀၆၇၇၀၀၀ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် မတ် ၁၅ ရက်တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မြန်မာ့စက်မှုဆိပ်ကမ်း၌ ကုန်သေတ္တာ တစ်လုံးအတွင်းမှ သွင်းကုန် ကြေညာလွှာတွင် ကြေညာထားသည်နှင့် ကွဲလွဲစွာပါရှိလာသည့် တရုတ်နိုင်ငံထုတ် Shark Top Sun Solar PV Module အခု ၇၂၀ စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၂၁၁၆၈၀၀၀၀ ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့် အညီ အရေးယူ ဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ မတ် ၁၄ ရက်နှင့် ၁၅ ရက်တို့တွင် ဖမ်းဆီးရမိမှု စုစုပေါင်းမှာ အမှုတွဲ ၁၂ မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၆၅၃၂၉၀၀၀) ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။

သတင်းစဉ်

## အမုန်းစကားကို ဆန့်ကျင်ကြ၊ တားဆီးကြရမည်

လူမျိုး၊ ကိုးကွယ်ရာဘာသာ၊ ကျား/မ(သို့မဟုတ်) မည်သူမည်ဝါဖြစ်သည်ဆိုသည့် အကြောင်းအရာတို့အပေါ်အခြေပြု၍ လူပုဂ္ဂိုလ်တစ်ဦး(သို့မဟုတ်) လူအုပ်စုတစ်စုကို မျှတမှုမရှိစွာ ဝေဖန်သည့် (သို့မဟုတ်) မလိုမုန်းထားမှုကို ဖော်ပြသည့် ဆက်ဆံမှုတစ်မျိုးမျိုးကို ရည်ညွှန်းပြီး အကြမ်းဖက်ရန်လှုံ့ဆော်ခြင်းသည် အမုန်းစကားပင်ဖြစ်သည်။

အမုန်းစကားပြန့်ပွားခြင်းသည် လူ့အဖွဲ့အစည်းအတွင်း ခွဲခြားဆက်ဆံမှုနှင့် အကြမ်းဖက်မှုကိုဖြစ်ပေါ်စေပြီး ဂုဏ်သိက္ခာရှိစွာနေထိုင်ရန်နှင့် ငြိမ်းချမ်းပြီး ညီညွတ်သည့် လူ့အဖွဲ့အစည်းတည်ဆောက်ရန် မျှော်မှန်းချက်တို့ကို ထိခိုက်စေသည့်အပြင် အကျင့်စာရိတ္တကိုလည်း ထိပါးစေသည်။

သို့ဖြစ်၍ ပြည်သူများအနေဖြင့် အမုန်းစကားများကို ရှုတ်ချရန်နှင့် တားဆီးရန် စီမံဆောင်ရွက်ရမည်။ အမုန်းစကား ဆန့်ကျင်သည့် လှုပ်ရှားမှုများတွင် အားလုံးပါဝင်ရန်နှင့် ပံ့ပိုးအားပေးရမည်။ ■

## စိုက်ပျိုးထုတ်လုပ်ရေးသမဝါယမအသင်း ကိုးသင်းသို့ အရင်းမပျောက်မတည်ငွေများ ထုတ်ပေး

အင်္ဂပူ မတ် ၁၇

ဧရာဝတီတိုင်းဒေသကြီး အင်္ဂပူမြို့နယ် ကျေးရွာအုပ်စု ကိုးအုပ်စုရှိ စိုက်ပျိုးထုတ်လုပ်ရေးသမဝါယမအသင်း ကိုးသင်းမှ နေကြာစိုက်ပျိုးသည့် အသင်းသား ၂၁၅ ဦး၏ နေကြာစိုက်ဧက ၁၉၅ ဧကအတွက် တစ်ဧကလျှင် ငွေကျပ် ၁ ဒသမ ၃၉ သိန်းနှုန်းဖြင့် ပံ့ပိုးငွေကျပ် ၂၇၁ ဒသမ ၀၅ သိန်း၊ ပဲတီစိမ်းစိုက်ပျိုးသည့် အသင်းသား ၁၄၃ ဦး၏ ပဲတီစိမ်း စိုက်ဧက ၂၂၈ ဧကအတွက် တစ်ဧကလျှင် ပံ့ပိုးငွေကျပ် ၁ ဒသမ ၂ သိန်းနှုန်းဖြင့် ငွေကျပ် ၂၇၃ ဒသမ ၆ သိန်း စုစုပေါင်းစိုက်ပျိုးမြေ ၄၂၃ ဧကအတွက် ပံ့ပိုးငွေကျပ် ၅၄၄ ဒသမ ၆၅ သိန်းအား စတုတ္ထအကြိမ် အရင်းမပျောက်မတည်ရန်ပုံငွေအဖြစ် မြို့နယ်သမဝါယမဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ သက်ဆိုင်ရာအသင်းအမှုဆောင်အဖွဲ့များသို့ ပံ့ပိုးပေးအပ်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

### မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၁၈-၃-၂၀၂၄ တနင်္လာနေ့

**MRTV HD**

- ၀၆:၀၀ မင်းကွန်းဆရာတော်ဘုရားကြီး၏ ပရိတ်တရားတော်(ရတနသုတ်)
- ၀၇:၀၀ နံနက်ခင်းသတင်း
- ၀၈:၃၅ ဝန်းကျင်သာယာလှပဖို့ Clean & Green ကျောင်းများဖန်တီးစို့
- ၀၉:၂၀ ပဲမျိုးစုံတန်ဖိုးကွင်းဆက်ဖွံ့ဖြိုးဖို့ ပိုင်းဝန်းပူးပေါင်းဆောင်ရွက်စို့
- ၀၉:၃၀ (၇၉)နှစ်မြောက်တပ်မတော်နေ့ဂုဏ်ပြုတေး
- ၁၀:၃၅ Economic Review
- ၁၁:၃၀ ဘဝနှင့်အနုပညာ **'ရင်ဘတ်ထဲက အနုပညာ အကယ်ဒမီဒါရိုက်တာညိုမင်းလွင်'** (အပိုင်း-၂)
- ၁၂:၃၅ နိုင်ငံခြားဇာတ်လမ်းတွဲ **'ဆုတောင်းပြည့် ကြယ်တာရာစကြာဝဠာ'** (အပိုင်း-၄၂)
- ၁၃:၃၀ MRTV National News
- ၁၄:၃၅ **'ရာဇဝင်မြေမှ အလှတရားများ'** (အပိုင်း-၁)
- ၁၅:၂၅ ကျန်းမာရေးမဂ္ဂဇင်း (**တိုင်းရင်းဆေး**)
- ၁၆:၃၅ မျိုးဂုဏ်တင့်စေဆိုကရေးတီးအမွေ
- ၁၇:၀၀ သတင်းသမားပြောတဲ့သတင်းစကား
- ၁၇:၂၀ This Week's Special Interest
- ၁၇:၃၅ (၇၉)နှစ်မြောက်တပ်မတော်နေ့ဂုဏ်ပြုတေး
- ၁၈:၃၅ (၇၉)နှစ်မြောက်တပ်မတော်နေ့ ဂုဏ်ပြုအစီအစဉ် **'သမိုင်းကြောင်း အထောက်အထားတပ်မတော်မော်ကွန်းတိုက်'**
- ၁၉:၁၀ နိုင်ငံခြားဇာတ်လမ်းတွဲ **'ချစ်သူအနားကချစ်လိပ်စာ'** (အပိုင်း-၂၀)
- ၂၀:၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
- ၂၁:၀၀ သံစဉ်ဝေဖြာစတီရီယိုတေးကမ္ဘာ
- ၂၁:၃၅ နိုင်ငံခြားဇာတ်လမ်းတွဲ **'တော်ဝင်စားဖွဲ့'** (အပိုင်း-၈)
- ၂၂:၂၀ မြန်မာဇာတ်လမ်းတွဲ **'ဝိန်းကြာဝက်ဦးတင်ငသာရေ'** (အပိုင်း-၇)

**mitv**

- 07:01 Evergreen Classic: Myitta Phyan Mha Lenn Senn Mal (Thida Theint)
- 07:08 A Visit To Ye
- 07:30 Broom Making Business
- 07:42 Myanmar Traditional Thatched Roofs: IN-LEAF
- 08:01 News
- 08:26 Asia Updates; Energy Saving Hour (NHK World)
- 08:29 Pakhan Traditional Nat Festival In Ku Ni Village (Part-2)
- 09:01 His Life and His Art; Myanmarpyi Thein Tan- The Legendary Musician (Epi- 3) 1970~1989
- 09:35 Discovering Tribes: Mon (Their Life and Customs) Part-1
- 10:01 News
- 10:26 Topical Topics (No.43) Avoid negligent acts using fire in the open season

**MRTV NRC**

- **ရခိုင် (၀၆:၀၀ မှ ၀၈:၀၀)** အဆိုတော်ကြီးဖြစ်ချင်သူ(မေသူကျော်)
- **ရှမ်း (၀၈:၀၀ မှ ၁၀:၀၀)** ပင်လောင်းသို့ခရီးသွားခြင်း(အပိုင်း-၁)
- **ဝ (၁၀:၀၀ မှ ၁၂:၀၀)** 'ဝ'ရိုးရာယဉ်ကျေးမှုပြခန်း
- **ကချင် (၁၂:၀၀ မှ ၁၄:၀၀)** ဟင်းသီးဟင်းရွက်စိုက်ခင်းဆီ
- **ကယား (၁၄:၀၀ မှ ၁၆:၀၀)** ဒေါလဲဒွှရွာအကြောင်း
- **စကောကရင် (၁၆:၀၀ မှ ၁၇:၀၀)** တောင်ပေါ်ဒေသ သဘာဝပျားမွေးလုပ်ငန်း
- **အနောက်ပိုးကရင် (၁၇:၀၀ မှ ၁၈:၀၀)** ကရင်စာပေစကားပြောကြရအောင်(အပိုင်း-၁၁)
- **အရှေ့ပိုးကရင် (၁၈:၀၀ မှ ၁၉:၀၀)** ကျွန်တော်တို့ရွာ
- **ချင်း (လိုင်ဇိုး) (၁၉:၀၀ မှ ၂၀:၀၀)** ပြည်ထောင်စုရဲ့ပန်းတစ်ပွင့် ချင်းရိုးရာ 'ခွါနိကြံပွဲတော်'
- **ချင်း (ချိုး) (၂၀:၀၀ မှ ၂၁:၀၀)** အုံ့ပွယ်ရုံပတီသီးအစွမ်း
- **မွန် (၂၁:၀၀ မှ ၂၃:၀၀)** အရပ်ရှစ်မျက်နှာဦးချသူများ

**MRTV NEWS**

- ၀၆:၀၀ အဖွင့်၊ တေးသီချင်း
- ၀၆:၄၀ အားကစားသတင်း
- ၀၈:၃၀ နိုင်ငံတကာသတင်း(LIVE)
- ၀၈:၄၅ Weekly Selected News
- ၀၉:၀၀ ပြည်တွင်းသတင်း (LIVE)
- ၀၉:၁၅ တရားရုံးဦးဆောင်သည့် စေ့စပ်ပြေငြိမ်းရေးစနစ်၏ အောင်မြင်မှုမှတ်တမ်းများ
- ၁၂:၁၅ ထူးခြားစုံလင်အာရုပဗိမ္ဗိတ်အစီအစဉ်
- ၁၄:၀၀ MRTV National News
- ၁၆:၀၀ သတင်းမှန်ကဏ္ဍ(LIVE)
- ၂၀:၀၀ ပြည်တွင်းသတင်း(LIVE)
- ၂၀:၃၀ နိုင်ငံတကာသတင်း(LIVE)
- ၂၁:၄၅ သတင်းသမားပြောတဲ့သတင်းစကား

**MRTV PARLIAMENT**

- ၀၆:၀၀ အဖွင့်၊ အလံ
- ၀၉:၃၀ ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို **'ကျောင်းမှန်မှန်တက်စာမဂတ်'**
- ၁၀:၀၀ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ကြေညာချက်သတင်းများ
- ၁၀:၃၀ PR SYSTEM စကားဝိုင်း
- ၁၁:၀၀ နိုင်ငံတကာရွေးကောက်ပွဲများအကြောင်း (အာဖရိကနိုင်ငံ)(အပိုင်း-၁)
- ၁၁:၃၀ ရှေ့သို့ချီမည်ပန်းတိုင်ဆီ(အပိုင်း-၁၉)
- ၁၈:၀၀ Economic Review (အပိုင်း-၃၉) (၂၀၂၄ခုနှစ်ဆန်စပါး)

**MRTV FARMERS' Channel**

- ၀၆:၀၀ အဖွင့်၊ နိုင်ငံတော်သီချင်း
- ၀၆:၁၅ အာဟာရကြွယ်ဝရောင်းပန်းလှ ကျန်းမာလှပဝင်ငွေရ **'မြန်မာ့ငှက်မျိုးများရဲ့အလှ'**
- ၀၆:၂၀ ဒေသဝင်းစာဖုလုံရေးမှသည် လူမှုဘဝဖွံ့ဖြိုးရေးဆီ
- ၀၇:၀၀ တောင်သူလယ်သမားရေးရာသတင်း
- ၁၈:၀၀ ညို့(ဇာတ်လမ်း)(မြင့်မြတ်၊ စိုးမြတ်သူဇာ)
- ၂၂:၀၀ ရှယ်လီကောသာ(ဇာတ်လမ်း) (နေတိုး၊ အိချောပို)

**MRTV SPORTS**

- ၀၆:၀၀ အဖွင့်
- ၀၆:၂၀ လူငယ်တို့အတွက် လမ်းပြကြယ်
- ၀၆:၄၅ Sports Diary
- ၁၆:၃၀ MNL 2022 Match (Replay)
- ၁၈:၀၀ အားကစားသတင်း
- ၁၉:၄၀ Weekly Sports Info

MRTV Application

Android iOS Huawei

Education Channel ကို နေ့စဉ် နံနက် (၉:၀၀)နာရီမှ တစ်ကြိမ်လျှင် (၄)နာရီ (၆)ကြိမ်နှုန်း ထုတ်လွှင့်ပြသလျက်ရှိပါသည်။

https://mrtv.gov.mm

## ဧရာဝတီတိုင်းဒေသကြီးအတွင်း စစ်မှုထမ်းဆောင်ရန် ဖမ်းဆီးခံရသူများထဲတွင် အသက် မပြည့်သည့်လူငယ် ၁၀၀ ကျော် ပါဝင်နေကြောင်း သတင်းတု၊ သတင်းအမှား မဟုတ်မမှန် ရေးသားဖြန့်ဝေလျက်ရှိ

နေပြည်တော် မတ် ၁၇

ဧရာဝတီတိုင်းဒေသကြီးအတွင်း ဖေဖော်ဝါရီ ၁၁ ရက်မှ မတ် ၁၁ ရက်အထိ တစ်လတာအတွင်း စစ်မှုထမ်းဆောင်ရန်အကြောင်းပြ၍ ဖမ်းဆီးခံရသူများထဲတွင် အသက်မပြည့်သည့်လူငယ် ၁၀၀ ကျော် ပါဝင်နေကြောင်း သတင်းတု၊ သတင်းအမှားများကို တရားမဝင်ပြည်ဖျက်မီဒီယာများက လူမှုကွန်ရက်စာမျက်နှာများပေါ်တွင် ပြည်သူများ အထင်အမြင်လွဲမှားစေရန်အတွက် မဟုတ်မမှန်ရေးသားဖြန့်ဝေနေသည်ကို တွေ့ရှိရသည်။




### လူငယ်လူရွယ်များကို ဖမ်းဆီးခြင်းမရှိ

အဆိုပါသတင်းနှင့်ပတ်သက်၍ ဧရာဝတီတိုင်းဒေသကြီးအတွင်း၌ စစ်မှုထမ်းဆောင်ရန်အကြောင်းပြ၍ လူငယ်လူရွယ်များကို ဖမ်းဆီးခြင်းမရှိကြောင်း လုံခြုံရေးတာဝန်ရှိသူ တစ်ဦး၏ ပြောကြားချက်အရ သိရှိရသည်။ တရားမဝင်ပြည်ဖျက်မီဒီယာများသည် ပြည်သူ့စစ်မှုထမ်းဥပဒေ အာဏာတည်သည့်နေ့မှစ၍ ပြည်သူများ စိုးရိမ်ထိတ်လန့်စေရန်နှင့် လူငယ်လူရွယ်များ လမ်းမှားရောက်စေရန် သတင်းတု၊ သတင်းအမှားများဖြင့် နေ့စဉ်နှင့်အမျှ သွေးထိုးလှုံ့ဆော်လျက်ရှိသည်ကို မိဘပြည်သူများအနေဖြင့်လည်း သိရှိပြီးဖြစ်သည်။

ယခုဖြစ်စဉ်တွင်လည်း စစ်မှုထမ်းဆောင်ရန် ပေါ်တာဆွဲခြင်း၊ လမ်းသွားလမ်းလာများကို ဖမ်းဆီးခြင်းနှင့် အသက်မပြည့်သေးသည့် လူငယ်များကိုပါ စစ်မှုထမ်းဆောင်ရန် ဖမ်းဆီးထားကြောင်း ကောလာဟလသတင်းအမှားများကို ရည်ရွယ်ချက်ရှိရှိ သွေးထိုးလှုံ့ဆော်လျက်ရှိသည့်အတွက် မိဘပြည်သူများအနေဖြင့် သတင်းတု၊ သတင်းအမှားများကို ရှောင်ရှားနိုင်ရန်နှင့် ပြည်သူ့စစ်မှုထမ်းဆိုင်ရာ သတင်းအချက်အလက်များကို သိရှိနားလည်စေရေး နိုင်ငံပိုင်မီဒီယာများ၊ စစ်မှုထမ်းဆိုင်ရာ အသိပညာပေးသတင်းများ၊ ထုတ်လွှင့်ချက်များနှင့် https://mod.gov.mm/node/74 တို့တွင် စဉ်ဆက်မပြတ် ထုတ်လွှင့်အသိပေးလျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

## အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများအား ဖော်ထုတ်အရေးယူ

နေပြည်တော် မတ် ၁၇

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့် ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ် ဆက်သွယ်ဆောင်ရွက်ရေးဥပဒေ ပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့် သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီး ဖြစ်ပါသည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ၂၀၂၄ ခုနှစ် မတ် ၁၆ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့် “Zarni Zarni” Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ရန်ကုန်တိုင်းဒေသကြီး ကျောက်တန်းမြို့နယ် ရွှေပျောက်ကျေးရွာနေ ဇာနည်ဝင်း (ခ)ဝူရှား အား နံနက် ၉ နာရီ မိနစ် ၄၀ တွင်လည်းကောင်း၊ “Xtun Xtun Aung” Facebook အကောင့်ပိုင်ရှင်ဖြစ်သူ တောင်ဥက္ကလာပမြို့နယ် အမှတ်(၁၃)ရပ်ကွက်နေ ထွန်းထွန်းအောင်အား နံနက် ၇ နာရီ မိနစ် ၅၀ တွင်လည်းကောင်း သက်ဆိုင်ရာ ရဲစခန်းများ၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့သည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

## မြောင်းမြမြို့၌ ပန်းခင်းစီမံချက်(၃)ဖြင့် အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်များ ကွင်းဆင်းဆောင်ရွက်

မြောင်းမြ မတ် ၁၇

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြမြို့တွင် ပန်းခင်းစီမံချက်(၃) ဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြား ပျက်စီးပျောက်ဆုံး၊ အသစ်ပြုလုပ်ခြင်းနှင့်အတူ ရုံးလက်ခံ e-ID စက်အတွင်းရှိ အိမ်ထောင်စုများတွင် နိုင်ငံသားစိစစ်ရေးကတ်နံပါတ်များအား ပြန်လည်ဖြည့်သွင်းခြင်း၊ ကွန်ပျူတာဖြင့် e-ID စစ်ဆေးခြင်း၊ နိုင်ငံသားနံပါတ်ရှိ- မရှိ စစ်ဆေးခြင်း၊ အိမ်ထောင်စုရှိ-မရှိ စစ်ဆေးခြင်းလုပ်ငန်းများကို မတ် ၁၆ ရက် နံနက်ပိုင်းမှစတင်၍ ကညင်ချောင်းကျေးရွာအုပ်ချုပ်ရေးရုံး၌ ကွင်းဆင်းဆောင်ရွက်ခဲ့သည်။

မြောင်းမြမြို့ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ ဒုတိယလဝကမှူး ဒေါ်ခင်ထွေးရင်နှင့် ဝန်ထမ်းများက မြောင်းမြမြို့ ကညင်ချောင်းကျေးရွာအုပ်စု မြကန်သာရပ်ကွက်နှင့် မြင်းကကွင်းကျေးရွာအုပ်စုရှိ ပြည်သူများအား နိုင်ငံသားစိစစ်ရေးကတ်ပြားနှင့် အိမ်ထောင်စုလူဦးရေစာရင်း ပျက်စီး၊ ပျောက်ဆုံးခြင်း၊ အသစ်ပြုလုပ်ပေးခြင်း၊ ရုံးလက်ခံ e-ID စက်အတွင်းရှိ အိမ်ထောင်စုများတွင် နိုင်ငံသားစိစစ်ရေးကတ် နံပါတ်အပေါက်များအား ပြန်လည်ဖြည့်သွင်းခြင်းလုပ်ငန်းများကို သတ်မှတ်ချက်နှင့်အညီ ဆောင်ရွက်ပေးခြင်းကို မတ် ၁၆ ရက်နှင့် ၁၇ ရက်တို့တွင် ကွင်းဆင်းဆောင်ရွက်ပေးခဲ့ပြီး ကညင်ချောင်းကျေးရွာအုပ်စု၌ အသက် ၁၀ နှစ်ပြည့် အမျိုးသား သုံးဦး၊ အမျိုးသမီး တစ်ဦး စုစုပေါင်း လေးဦးနှင့် အသက် ၁၈ နှစ်ပြည့် အမျိုးသား ငါးဦး၊ အမျိုးသမီး ၁၁ ဦး စုစုပေါင်း ၁၆ ဦးတို့ကို ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း သိရသည်။



ခရိုင်(ပြန်/ဆက်)

## နမ့်စန်မြို့နယ်၌ မြို့နယ်အဆင့်ရှာဖွေကယ်ဆယ်ရေး (မွမ်းမံ)သင်တန်းဆင်းပွဲ ကျင်းပ

နမ့်စန် မတ် ၁၇

ရှမ်းပြည်နယ်(တောင်ပိုင်း) နမ့်စန်မြို့နယ်တွင် မြို့နယ်အဆင့်ရှာဖွေကယ်ဆယ်ရေး(မွမ်းမံ)သင်တန်း (၁/၂၀၂၄) သင်တန်းဆင်းပွဲ အခမ်းအနားကို ယနေ့နံနက် ၁၀ နာရီတွင် မြို့နယ်မီးသတ်ဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

### သင်တန်းဆင်းလက်မှတ်များ ပေးအပ်

ဦးစွာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးကျော်မိုးက သင်တန်းဆင်းအမှာစကားပြောကြားခဲ့ပြီး သင်တန်းဆင်းလက်မှတ်များ ပေးအပ်ခဲ့ရာ သင်တန်းသားတစ်ဦးက လက်ခံရယူခဲ့သည်။ထို့နောက် လူမှုကူညီရေးအသင်းအဖွဲ့များကိုယ်စား မိုးရိပ်ရှမ်းတောင် လူမှုကူညီရေးအသင်း ဥက္ကဋ္ဌဦးစိုင်းဝင်းထွန်းက ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့သည်။

အဆိုပါသင်တန်းကို မတ် ၄ ရက်တွင် စတင်ဖွင့်လှစ်၍ မီးသတ်တပ်ဖွဲ့၏ အခန်းကဏ္ဍ၊ မီးဘေးအန္တရာယ်အပါအဝင် ဖြစ်ပွားတတ်သောဘေးအန္တရာယ်များအကြောင်း၊ ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများနှင့် ရှာဖွေကယ်ဆယ်ရေးပစ္စည်းများ အသုံးပြုပုံနှင့် ရှေးဦးသူနာပြုစုခြင်းစသည့်ဘာသာရပ်များကို စာတွေ့လက်တွေ့သင်ကြားပို့ချခဲ့ပြီး မြို့နယ်အတွင်းမှ အရန်မီးသတ်တပ်ဖွဲ့ဝင်များနှင့် လူမှုကူညီရေးအသင်းသုံးသင်းမှ အသင်းသားများ စုစုပေါင်း ၅၀ တက်ရောက်ခဲ့ကြောင်း သိရသည်။

သူရအောင်(နမ့်စန်)




## ကလောမြို့နယ်၌ မြို့နယ်အဆင့်ရှာဖွေကယ်ဆယ်ရေး သင်တန်းဆင်းပွဲ ကျင်းပ



ကလော မတ် ၁၇

ရှမ်းပြည်နယ်(တောင်ပိုင်း) ကလောမြို့နယ် အောင်ပန်းမြို့တွင် မြို့နယ်အဆင့်ရှာဖွေကယ်ဆယ်ရေး(မွမ်းမံ) သင်တန်းဆင်းပွဲ အခမ်းအနားကို ယနေ့နံနက် ၁၁ နာရီခွဲက ဟိုတယ်အောင်ပန်းခန်းမ၌ ကျင်းပသည်။

### ပေးအပ်ချီးမြှင့်

ဦးစွာ အောင်ပန်းမြို့အုပ်ချုပ်ရေးမှူး ဦးထက်နိုင်လင်းက သင်တန်းဆင်းအမှာစကားပြောကြားခဲ့ပြီး ရှာဖွေကယ်ဆယ်ရေးသင်တန်းတွင် ထူးချွန်ဆုရရှိသည့် သင်တန်းသားများနှင့် သင်တန်းဆင်းလက်မှတ်များကို ကလောမြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးအရာရှိ ဦးသန်းဇော်နှင့် မြို့နယ်အုပ်ချုပ်ရေးမှူးတို့က ပေးအပ်ချီးမြှင့်သည်။

အဆိုပါသင်တန်းတွင် ကလောမြို့၊ အောင်ပန်းမြို့၊ ဟဲဟိုးမြို့နှင့် ဘော်ဆိုင်းမြို့တို့မှ တပ်ဖွဲ့ဝင်သင်တန်းသား ၅၀ တို့ကို မတ် ၄ ရက် မှ မတ် ၁၇ ရက်အထိ စာတွေ့လက်တွေ့သင်ကြားပေးခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

# ဆန်းသစ်တီထွင်မှုများနှင့် တီထွင်မှုမူပိုင်ခွင့်

ဆန်းသစ်တီထွင်မှုသည် တီထွင်မှုများ၏ အဓိကကျသောအခန်းကဏ္ဍမှ ပါဝင်လျက်ရှိပါသည်။ ယနေ့ခေတ်တွင် နယ်ပယ်ကဏ္ဍအသီးသီးတွင် ဆန်းသစ်တီထွင်မှုများ အများအပြားပေါ်ထွန်းလျက်ရှိပြီး ခေတ်မီနည်းပညာများကြောင့် လူမှုအသိုက်အဝန်းတွင် ဖွံ့ဖြိုးတိုးတက်မှုများ အရှိန်အဟုန်ဖြင့် တိုးတက်လျက်ရှိနေရခြင်းဖြစ်ပေသည်။

ဉာဏ်ရည်တုနည်းပညာ (AI)၊ ဇီဝနည်းပညာနှင့် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ကဲ့သို့သော နယ်ပယ်များသည် ကျွန်ုပ်တို့၏ဘဝများကို ပြောင်းလဲပေးနိုင်သည့် ဆန်းသစ်တီထွင်ဖန်တီးမှုများ၏ အကျိုးကျေးဇူးများပင်ဖြစ်သည်။ အလက်ဇန္ဒားဂရေဟမ်ဘဲလ် တီထွင်ဖန်တီးခဲ့သော တယ်လီဖုန်းအား ဆန်းသစ်တီထွင်ဖန်တီးမှုများကြောင့် ယခုအချိန်တွင် ကျွန်ုပ်တို့သုံးစွဲနေသော Apple မှ ထုတ်လုပ်သည့် IOS ဖုန်းများ၊ SAMSUNG ၏ Android ဖုန်းများကဲ့သို့သော စမတ်ဖုန်းများ ပေါ်ထွန်းလာနိုင်ခြင်းသည် တီထွင်မှုများအား ဆန်းသစ်တီထွင်ဖန်တီးနိုင်ခြင်း၏ အကျိုးကျေးဇူးများပင်ဖြစ်သည်။

**တီထွင်မှုမူပိုင်ခွင့်၏ အခန်းကဏ္ဍ**

နည်းပညာတိုးတက်မှုများကို ကျွန်ုပ်တို့တွေ့မြင်နေရသည်နှင့်အမျှ တီထွင်ဆန်းသစ်မှုများကို တီထွင်မှုမူပိုင်ခွင့်စနစ်ဖြင့် ကာကွယ်ခြင်း၏ အရေးပါမှုမှာလည်း မြင့်မားလျက်ရှိပေသည်။ တီထွင်မှုမူပိုင်ခွင့်များသည် တီထွင်မှုမူပိုင်ခွင့်ပိုင်ရှင်များအား သတ်မှတ်ထားသောကာလတစ်ခုအတွင်း ၎င်းတို့၏ ဖန်တီးမှုထုတ်ကုန်များနှင့် ထုတ်လုပ်မှုနည်းစဉ်များကို သီးသန့်အခွင့်အရေးများပေးခြင်းဖြင့် ဆန်းသစ်တီထွင်မှုကို မြှင့်တင်ရာတွင် အရေးပါသော အခန်းကဏ္ဍမှပါဝင်လျက်ရှိသည်။

တီထွင်မှု မူပိုင်ခွင့်အခွင့်အရေးများသည် တီထွင်သူများအား ၎င်းတို့၏ဆန်းသစ်တီထွင်ဖန်တီးထုတ်လုပ်ထားသော ကုန်ပစ္စည်းများအား အသုံးပြုခြင်း၊ ထုတ်လုပ်ခြင်းနှင့် ရောင်းချခြင်းတို့ကို ထိန်းချုပ်နိုင်စေပြီး သုတေသနနှင့် တီထွင်ဆန်းသစ်မှုတွင် ရင်းနှီးမြှုပ်နှံရန် အားပေးလှုံ့ဆော်လျက်ရှိသည်။ တီထွင်မှုမူပိုင်ခွင့်များသည် မိမိ၏အသိဉာဏ်မှထွက်ပေါ်လာသော တီထွင်ဖန်တီးမှုများကို အခြားသူများက ခွင့်ပြုချက်မရှိဘဲ ရယူအသုံးပြုခြင်းမှ တားဆီးရန်နှင့် သုံးစွဲခွင့်ပြုသည့် လိုင်စင်ချပေးခြင်းဖြင့် တီထွင်သူများအတွက် စီးပွားရေးအကျိုးအမြတ်များရရှိရန် အားပေးလျက်ရှိပါသည်။ တီထွင်မှုမူပိုင်ခွင့်စနစ်သည် တီထွင်သူများအား ကြိုးပမ်းအားထုတ်မှု၏ ဆုလာဘ်များကို ရရှိနိုင်စေရန်နှင့် မိမိ၏ပိုင်နက်နယ်မြေအတွင်းသို့ အခြားသူများ အလွယ်တကူမဝင်ရောက်စေရန် ခြံစည်းရိုးခတ်ထားခြင်းပင်ဖြစ်သည်။

**စီးပွားရေးတိုးတက်မှုကို မြှင့်တင်ခြင်း**

တီထွင်မှုမူပိုင်ခွင့်များသည် စီးပွားရေးလုပ်ငန်းရှင်များကို ၎င်းတို့၏ထုတ်ကုန်များအား အရည်အသွေးမြင့်ထုတ်ကုန်များဖြစ်စေရေးနှင့် စဉ်ဆက်မပြတ် တိုးတက်ဖွံ့ဖြိုးနေစေရေးအတွက် သုတေသနနှင့် တီထွင်ဆန်းသစ်မှုများတွင် ရင်းနှီးမြှုပ်နှံရန် အားကောင်းသောမက်လုံးတစ်ခုအဖြစ် ဆွဲဆောင်လျက်ရှိသည်။ ထိုသို့လုပ်ဆောင်ခြင်းကြောင့် လက်တွေ့စမ်းသပ်မှု၊ တီထွင်ဖန်တီးမှုများ လုပ်ဆောင်နိုင်သော အထောက်အကူပြုပတ်ဝန်းကျင်များ၊ အဖွဲ့အစည်းများ ပေါ်ထွန်းလာစေခြင်းဖြင့် နိုင်ငံ၏စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကဏ္ဍကို များစွာအထောက်အကူပြုလျက်ရှိပါသည်။

တီထွင်မှုမူပိုင်ခွင့်စနစ်သည် စက်မှုလုပ်ငန်းသစ်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးရေးတို့ကို မြှင့်တင်ခြင်းဖြင့်လည်း စီးပွားရေးတိုးတက်မှုကို များစွာအထောက်အကူပြုလျက်ရှိပါသည်။ တီထွင်မှုမူပိုင်ခွင့်ပိုင်ရှင်များနှင့် စီးပွားရေးလုပ်ငန်းရှင်များသည် စျေးကွက်ဝေစုရရှိနိုင်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုများကို ဆွဲဆောင်နိုင်ရေးအတွက် ၎င်းတို့၏တီထွင်မှုမူပိုင်ခွင့်ရရှိထားသောနည်းပညာများကို အသုံးချနိုင်ခြင်းဖြင့် စီးပွားရေးတိုးတက်မှုများကို များစွာမြှင့်တင်ပေးနိုင်ပါသည်။

**အသိပညာမျှဝေခြင်း**

တီထွင်မှုမူပိုင်ခွင့်များအား ထုတ်ပြန်ကြေညာမှုပြုလုပ်ခြင်းဖြင့် ၎င်းတို့၏ တီထွင်ဖန်တီးမှုများအား အခြားသူများသို့သိရှိရန် အသိပညာများကို ဝေမျှပေးလျက်ရှိပါသည်။ ထိုသို့ အသိပညာဝေမျှခြင်းဖြင့် တီထွင်ဖန်တီးမှုနည်းပညာများကို သိရှိနိုင်ပြီး ထိုးထွင်းသိမြင်မှုနှင့် စိတ်ကူးသစ်များကို လှုံ့ဆော်ပေးကာ အသစ်အသစ်သောဆန်းသစ်တီထွင်ဖန်တီးမှုများ ပေါ်ပေါက်လာစေရန် အထောက်အကူပြုလျက်ရှိသည်။ တီထွင်မှုမူပိုင်ခွင့် စာရွက်စာတမ်းများသည် သုတေသီများ၊ သုတေသနဌာနများနှင့် ဆန်းသစ်တီထွင်ဖန်တီးသူများအတွက် လွန်စွာအရေးပါသော အဖိုးတန်အရင်းအမြစ်များဖြစ်ပါသည်။

အချုပ်အားဖြင့်ဆိုရသော် ဆန်းသစ်တီထွင်မှုများသည် တီထွင်ဖန်တီးမှုများ၏ မရှိမဖြစ်လိုအပ်သော ပင်မအသက်သွေးကြောဖြစ်သကဲ့သို့ တီထွင်မှုမူပိုင်ခွင့်စနစ်သည် တီထွင်သူများ၊ တီထွင်မှုမူပိုင်ခွင့်ပိုင်ရှင်များ၊ စီးပွားရေးလုပ်ငန်းများနှင့် လူ့အဖွဲ့အစည်းများ၏ အကျိုးစီးပွားကို တိုးတက်မြင့်မားစေသောစနစ်တစ်ခုလည်း ဖြစ်ပါသည်။ နည်းပညာခေတ်ဖြစ်သော ယနေ့အချိန်အခါတွင် တီထွင်ဆန်းသစ်မှုကို အားပေးသော၊ စီးပွားရေးတိုးတက်မှုကို မြှင့်တင်ပေးနိုင်သော၊ အသိပညာဗဟုသုတမျှဝေနိုင်သော၊ ရင်းနှီးမြှုပ်နှံမှုများကို ဆွဲဆောင်နိုင်သော၊ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများကို လုပ်ဆောင်စေနိုင်သော တီထွင်မှုမူပိုင်ခွင့်စနစ်သည် ကျွန်ုပ်တို့၏ ပတ်ဝန်းကျင်ကမ္ဘာလောကကြီးအား ပိုမိုကောင်းမွန်သာယာသော အနာဂတ်ကြီးဆီသို့ ပို့ဆောင်ပေးနိုင်သည့် အကျိုးကျေးဇူးများရှိရာ ကျွန်ုပ်တို့နိုင်ငံတွင်လည်း ခေတ်မီကောင်းမွန်သော မူပိုင်ခွင့်စနစ် ဖွံ့ဖြိုးတိုးတက်လာစေရန်ဟူသော မျှော်မှန်းချက်နှင့်အညီ တီထွင်မှုမူပိုင်ခွင့်စနစ်အား မကြာမီအချိန်ကာလတွင် အကောင်အထည်ဖော်ဆောင်ရွက်နိုင်တော့မည်ဖြစ်ပါကြောင်း တီထွင်ဖန်တီးသူများအား သတင်းကောင်းပါးအပ်ပါသည်။ ။

မူပိုင်ခွင့်ဦးစီးဌာန
တီထွင်မှုမူပိုင်ခွင့်ဌာနခွဲ

> “တီထွင်မှုမူပိုင်ခွင့်များသည် မိမိ၏အသိဉာဏ်မှ ထွက်ပေါ်လာသော တီထွင်ဖန်တီးမှုများကို အခြားသူများက ခွင့်ပြုချက်မရှိဘဲ ရယူအသုံးပြုခြင်းမှ တားဆီးရန်နှင့် သုံးစွဲခွင့်ပြုသည့်လိုင်စင်ချပေးခြင်းဖြင့် တီထွင်သူများအတွက် စီးပွားရေးအကျိုးအမြတ်များရရှိရန် အားပေးလျက်ရှိပါသည်။ တီထွင်မှုမူပိုင်ခွင့်စနစ်သည် တီထွင်သူများအား ကြိုးပမ်းအားထုတ်မှု၏ဆုလာဘ်များကို ရရှိနိုင်စေရန်နှင့် မိမိ၏ပိုင်နက်နယ်မြေအတွင်းသို့ အခြားသူများ အလွယ်တကူမဝင်ရောက်စေရန် ခြံစည်းရိုးခတ်ထားခြင်းပင်ဖြစ်”

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားစျေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီစျေးနှုန်းများ

၁၈-၃-၂၀၂၄ ကျပ်/လီတာ

| Fuel (လက်လီစျေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၇၃၀ | ၂၇၈၀ | ၂၇၇၅ | ၂၇၄၀ | ၂၇၈၀ | ၂၈၀၅ | ၂၇၈၅ | ၂၇၆၅ | ၂၈၆၅ | ၂၈၈၀ | ၂၇၇၀ | ၂၇၈၀ | ၂၈၁၅ | ၂၈၂၀ | ၂၈၂၀ | ၃၀၅၀ | ၃၁၅၀ |
| 95 Ron | ၂၈၄၅ | ၂၈၉၅ | ၂၈၉၅ | ၂၈၅၅ | ၂၈၉၅ | ၂၉၁၅ | ၂၉၀၀ | ၂၈၈၀ | ၂၉၇၅ | ၂၉၉၅ | ၂၈၈၅ | ၂၉၀၀ | ၂၉၃၀ | ၂၉၃၀ | ၂၉၃၅ | ၃၁၆၅ | ၃၂၅၀ |
| HSD (500 ppm) | ၂၄၃၅ | ၂၄၈၅ | ၂၄၈၀ | ၂၄၄၅ | ၂၄၈၀ | ၂၅၀၅ | ၂၅၀၀ | ၂၄၇၀ | ၂၅၉၀ | ၂၅၈၀ | ၂၄၇၅ | ၂၄၈၅ | ၂၅၂၀ | ၂၅၂၀ | ၂၅၂၅ | ၂၇၅၅ | ၃၅၄၀ |
| HSD (50 ppm) | ၂၄၈၀ | ၂၅၃၀ | ၂၅၂၅ | ၂၄၉၀ | ၂၅၃၀ | ၂၅၅၀ | ၂၅၄၅ | ၂၅၁၅ | ၂၆၃၅ | ၂၆၃၀ | ၂၅၂၀ | ၂၅၃၀ | ၂၅၆၅ | ၂၅၆၅ | ၂၅၇၀ | ၂၈၀၀ | ၃၅၉၅ |
| HSD (10 ppm) | ၂၄၈၀ | ၂၅၃၀ | ၂၅၂၅ | ၂၄၉၀ | ၂၅၃၀ | ၂၅၅၀ | ၂၅၄၅ | ၂၅၁၅ | ၂၆၃၅ | ၂၆၃၀ | ၂၅၂၀ | ၂၅၃၀ | ၂၅၆၅ | ၂၅၆၅ | ၂၅၇၀ | ၂၈၀၀ | ၃၅၉၅ |

ကျပ်/လီတာ

| Fuel (လက်ကားစျေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၆၀၇ | ၂၆၉၂ |
| 95 Ron | ၂၇၁၇ | ၂၈၀၅ |
| HSD (500 ppm) | ၂၃၁၉ | ၂၃၉၅ |
| HSD (50 ppm) | ၂၃၆၄ | ၂၄၄၀ |
| HSD (10 ppm) | ၂၃၆၄ | ၂၄၄၀ |

မှတ်ချက်။ (၁) MOPS စျေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇- ၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၃၂

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ**

✻ ကျောဖုံးမှ

“ ကျွန်တော်တို့ ယခုနှစ် ရွှေစက်တော်ဘုရားပွဲကို ၁၃၈၅ ခု တပို့တွဲလဆန်း ၅ ရက် ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီ ၁၄ ရက်နေ့မှ စတင်ကျင်းပကာ ဝါထပ်သည့်နှစ် ဖြစ်တာကြောင့် ရက်ပေါင်း ၆၄ ရက်သာ ကျင်းပသွားမှာဖြစ်ပါတယ်။ ယနေ့သည် တနင်္လာနေ့ဖြစ်၍ ရုံးပိတ်ရက်လည်းဖြစ် ဥပုသ်နေ့လည်းဖြစ်ပြီး တက္ကသိုလ်ဝင်စာမေးပွဲ (စနစ်သစ်) တွေလည်း ဖြေဆိုပြီးသွားပြီဖြစ်တာကြောင့် အနယ်နယ်အရပ်ရပ်မှ ခရီးသွားပြည်သူတွေက မန်းချောင်းရေချိုးခြင်း၊ ဘုရားစျေးအား ကြည့်ရှုလေ့လာ၍ စျေးတွေဝယ်ခြမ်းခြင်း၊ အထက်စက်တော်ရာ၊ အောက်စက်တော်ရာနှင့် နှစ်ကျိပ်ရှစ်ဆူ ဘုရားတွေအား ဖူးမြော်ကြည်ညိုကြရင်းဖြင့် အထူးစည်ကားများပြားလှပါတယ်။ ပြီးခဲ့တဲ့နှစ်က ပွဲတော်ကာလအတွင်း ဘုရားဖူးပြည်သူ ငါးသိန်းကျော် ဖူးမြော်ခဲ့ပြီး ယခုနှစ် ဘုရားပွဲတော်ကာလတွင်လည်း ဘုရားဖူးပြည်သူ ခြောက်သိန်းခွဲခန့် လာရောက်ဖူးမြော်ကြည်ညိုကြမယ်လို့ ခန့်မှန်းထားပါတယ်” ဟု ရွှေစက်တော်ဂေါပကအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဦးသိန်းလှိုင်က ပြောသည်။

ရွှေစက်တော်ဘုရားတွင် နမ္မဒါ (၁)၊ နမ္မဒါ (၂)၊ ငွေသောင်ယံစသော အဆင့်မြင့် တည်းခိုဆောင် သုံးလုံးနှင့် ရိုးရိုးတည်းခိုဆောင် ၅၄ လုံးရှိပြီး ရဟန်းသံဃာများအတွက် သီးသန့်အခန်းနှင့် သီးသန့် ရေချိုးခန်းများပါ စီစဉ်ထားရှိပြီး တည်းခိုဆောင်များ ပြည့်သည်အထိ ရပ်နီးရပ်ဝေးမှ ဘုရားဖူးဧည့်သည်များဖြင့် အထူးစည်ကားလျက်ရှိကြောင်း ရွှေစက်တော် ဂေါပကအဖွဲ့ထံမှ သိရသည်။ **ဇေယျာထက်(မင်းဘူး)**

**ပြည့်ဝဆီများကို တတ်နိုင်သမျှ လျှော့စား၍ အသွင်ပြောင်းဆီများ စားသုံးခြင်းကို လုံးဝရှောင်ကြဉ်ကြပါစို့**

# တာချီလိတ်နယ်စပ်ဒေသတွင် တင်သွင်း / တင်ပို့လုပ်ငန်းများနှင့်ဆက်စပ်သည့် အကောက်ခွန်ဆိုင်ရာ ကုန်ပစ္စည်းရှင်းလင်းရေး လုပ်ငန်းစဉ်များကို ၂၀၂၄ ခုနှစ်၊ မတ်လ ၂၂ ရက်နေ့မှစ၍ MACCS စနစ်ဖြင့် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာချက်

၁။ အကောက်ခွန်ဦးစီးဌာနသည် ရန်ကုန်ဧရိယာ၊ မြဝတီနယ်စပ်ဒေသ၊ မူဆယ်နယ်စပ်ဒေသနှင့် ချင်းရွှေဟော်နယ်စပ်ဒေသတို့တွင် မြန်မာအလိုအလျောက် ကုန်စည်ရှင်းလင်းရေးစနစ် (Myanmar Automated Cargo Clearance System) ကို အသုံးပြုလျက်ရှိပြီး ယခုအခါ တိုးချဲ့ဒေသအဖြစ် တာချီလိတ်နယ်စပ်ဒေသတွင် ၂၀၂၄ ခုနှစ်၊ မတ်လ ၂၂ ရက်နေ့မှစတင်၍ အသုံးပြုသွားမည်ဖြစ်ပါသည်။

၂။ တာချီလိတ်နယ်စပ်ဒေသတွင် MACCS စနစ် အောင်မြင်စွာအသုံးပြုနိုင်ရေးအတွက် အကောက်ခွန်ဦးစီးဌာနမှ ဝန်ထမ်းများ၊ ကုန်သွယ်မှု ဆက်စပ်ဌာနများ၊ တာချီလိတ်နယ်စပ်ကုန်သည်ကြီးများအသင်း၊ တာချီလိတ်မြို့ရှိ ကုန်ပစ္စည်း တင်သွင်း/ တင်ပို့သည့် ကုမ္ပဏီများနှင့် အကောက်ခွန်ဝန်ဆောင်မှုလုပ်ငန်းရှင်များအသင်းတို့၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ခဲ့ရာ ကုန်သွယ်မှုဆက်စပ်ဌာနများနှင့် လုပ်ငန်းညှိနှိုင်းအစည်းအဝေးပြုလုပ်ခြင်း၊ MACCS User များအတွက် စနစ်အသုံးပြုမှုဆိုင်ရာ စာတွေ့လက်တွေ့သင်တန်းများ ဖွင့်လှစ်ပို့ချခြင်းနှင့် စနစ်စမ်းသပ်အသုံးပြုခြင်း (Running Test) တို့ကို ဆောင်ရွက်ခဲ့ပြီးဖြစ်ပါသည်။

၃။ အကောက်ခွန်ဦးစီးဌာနသည် တာချီလိတ်နယ်စပ်ဒေသနှင့် ဆက်စပ်သည့် ကုန်သွယ်မှုလမ်းကြောင်းတစ်လျှောက်ရှိ စစ်ဆေးရေးစခန်းများတွင် တင်သွင်း/ တင်ပို့လုပ်ငန်းများနှင့် ဆက်စပ်သည့် အကောက်ခွန်ဆိုင်ရာ ကုန်ပစ္စည်းရှင်းလင်းရေးလုပ်ငန်းစဉ်များကို MACCS စနစ်ဖြင့် ဆောင်ရွက်မည်ဖြစ်သဖြင့် တာချီလိတ်နယ်စပ်ဒေသတွင် တင်သွင်း/ တင်ပို့လုပ်ငန်းများ ဆောင်ရွက်နေသည့် ကုမ္ပဏီများနှင့် အကောက်ခွန်ဝန်ဆောင်မှုဆောင်ရွက်သူများအနေဖြင့် အကောက်ခွန်ဆိုင်ရာ ကုန်ပစ္စည်းရှင်းလင်းရေးလုပ်ငန်းစဉ်များကို (၂၂ - ၃ - ၂၀၂၄) ရက်နေ့မှစ၍ MACCS စနစ်ဖြင့် ဆောင်ရွက်နိုင်ပြီဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**အကောက်ခွန်ဦးစီးဌာန**
**စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန**

## ကချင်ပြည်နယ် ဝန်ကြီးချုပ် တိုင်းဒေသကြီးနှင့် ပြည်နယ် ဝူရှူးအားကစားပြိုင်ပွဲတွင် ရွှေ၊ ငွေ၊ ကြေးတံဆိပ်ဆုများနှင့် အကောင်းဆုံး ကစားသမားဆုရ ပြည်နယ်လက်ရွေးစင် ဝူရှူးအသင်းအား ဂုဏ်ပြု

မြစ်ကြီးနား မတ် ၁၇

၂၀၂၄ ခုနှစ် တိုင်းဒေသကြီးနှင့် ပြည်နယ် ဝူရှူးပြိုင်ပွဲသို့ ကချင်ပြည်နယ်က ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပြီး ပြည်နယ်လက်ရွေးစင် ဝူရှူးအသင်းအနေဖြင့် ရွှေတံဆိပ် လေးခု၊ ငွေတံဆိပ် ငါးခု၊ ကြေးတံဆိပ် နှစ်ခုနှင့် ထောက်လှအကောင်းဆုံးအမျိုးသားအား ကစားသမားဆုရရှိခဲ့ရာ မတ် ၁၆ ရက် မွန်းလွဲ ၂ နာရီက ပြည်နယ်ပြည်သူ့အားကစားကွင်းအတွင်းရှိ မိုးလုံလေလုံအားကစားခန်းမ၌ ပြည်နယ်ဝန်ကြီးချုပ်က ဂုဏ်ပြုချီးမြှင့်သည်။



ဂုဏ်ပြုပွဲအခမ်းအနားတွင် ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်က ပြည်နယ်ဝူရှူးအသင်းသည် တိုင်းဒေသကြီးနှင့် ပြည်နယ်ပြိုင်ပွဲတွင် ရွှေတံဆိပ်ဆုများ ဆွတ်ခူးရယူပေးခဲ့ပြီး ပြည်နယ်၏ ဂုဏ်ကိုမြှင့်တင်ပေးနိုင်ခဲ့သလို ပြည်နယ်ဝူရှူးအသင်းသည် ပြိုင်ပွဲများတွင် ထိပ်ဆုံး ငါးသင်းတွင် အမြဲဝင်ရောက်ပြီး ဆုတံဆိပ်များ ရယူပေးနိုင်ခဲ့သည့်အတွက် ဝူရှူးအသင်း၏ အောင်မြင်မှုကို ယခုလိုဂုဏ်ပြုပွဲကျင်းပပေးခြင်းဖြစ်ပါကြောင်း၊ ထို့အပြင် ပြည်နယ်အားကစားဆပ်ကော်မတီအနေဖြင့်လည်း ပြည်နယ်အတွက် တန်ဖိုးရှိသော စွမ်းဆောင်ရည်ပြည့်ဝသော လူငယ်မျိုးဆက်သစ်များ ပေါ်ထွက်လာစေရေးကို အရေးကြီးလုပ်ငန်းစဉ်တစ်ရပ်အဖြစ် အကောင်အထည်ဖော် ဆောင်ရွက်သွားကြရန် တိုက်တွန်းလိုကြောင်း ပြောကြားသည်။

ထို့နောက် အောင်ပွဲရ ကချင်ပြည်နယ်ဝူရှူးအသင်းနည်းပြ ဦးညိုမင်းဦးက ပြိုင်ပွဲအတွေ့အကြုံများကို ရှင်းလင်းတင်ပြပြီး ဂုဏ်ပြုဆုများကို ချီးမြှင့်ရာ ပြည်နယ်ဝန်ကြီးချုပ်က အသင်းအုပ်ချုပ်သူ၊ နည်းပြများအတွက် ဂုဏ်ပြုမှတ်တမ်းလွှာများ၊ ရွှေတံဆိပ် သုံးခုနှင့် အကောင်းဆုံးကစားသမားဆုရရှိသူအား ဂုဏ်ပြုချီးမြှင့်ငွေကျပ် ၂၇ သိန်းကိုလည်းကောင်း၊ ပြည်နယ်ဝန်ကြီးများနှင့် ပြည်နယ်ဥပဒေချုပ်တို့က ဝူရှူးပြိုင်ပွဲအမျိုးအစားအလိုက် ရွှေတံဆိပ် တစ်ခုနှင့် ငွေတံဆိပ် နှစ်ခုရ အားကစားသမားအား ဂုဏ်ပြုချီးမြှင့်ငွေကျပ် ၁၇ သိန်း၊ ရွှေတံဆိပ် တစ်ခုနှင့် ငွေတံဆိပ် တစ်ခုရ အားကစားသမားအား ဂုဏ်ပြုချီးမြှင့်ငွေကျပ် ၁၆ သိန်း၊ ငွေတံဆိပ်ဆုရသူ နှစ်ဦးအား တစ်ဦးလျှင် ငွေကျပ် ခြောက်သိန်းစီနှင့် ကြေးတံဆိပ်ဆုရသူ နှစ်ဦးတို့အား ငွေကျပ် လေးသိန်းစီတို့ဖြင့် လည်းကောင်း စုစုပေါင်း ဂုဏ်ပြုချီးမြှင့်ငွေကျပ်သိန်း ၈၀ ကို ဂုဏ်ပြုချီးမြှင့်ခဲ့ကြရာ အောင်ပွဲရ ဝူရှူးအသင်းကိုယ်စား အားကစားသမားတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့ကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)

## ဒုတိယဝန်ကြီး ဒေါ်နုမြဇံ မန္တလေးနန်းမြို့ရိုး တောင်ဘက်ခြမ်းနှင့် အနောက်ဘက်ခြမ်းရှိ ထင်ရှားပြာသာဒ်ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများနှင့် မြနန်းစံကျော်ရွှေနန်းတော်အတွင်း ကြည့်ရှုစစ်ဆေး

နေပြည်တော် မတ် ၁၇

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်နုမြဇံသည် တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက် ၈ နာရီတွင် မန္တလေးနန်းမြို့ရိုး တောင်ဘက်ခြမ်းနှင့် အနောက်ဘက်ခြမ်းရှိ ထင်ရှားပြာသာဒ်ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။

ထို့နောက် မြနန်းစံကျော်ရွှေနန်းတော်သို့ရောက်ရှိပြီး မန္တလေးနန်းမြို့ရိုးအတွင်းရှိ မြနန်းစံကျော်ရွှေနန်းတော်တွင် ဖော်ထုတ်ရရှိနိုင်သည့် အဆောက်အအုံများကို ပြန်လည်ဖော်ထုတ်ရန် ဆောင်ရွက်ထားသည့် ဗီနိုင်းများနှင့် မြနန်းစံကျော်ရွှေနန်းတော်၏ မြေနန်းပြာသာဒ်ဆောင်တွင် ပြသထားသည့် သုံးဖက်မြင် Panel Board များကို ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ မှာကြားသည်။

ဆက်လက်၍ မြနန်းစံကျော်ရွှေနန်းတော်တွင် သူရဲကြီးအောင်လံခင်းကျင်း ပြသဆောင်ရွက်ထားရှိမှုကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်

## ဘင်္ဂလားပင်လယ်အော် အခြေအနေ

နေပြည်တော် မတ် ၁၇

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အနည်းငယ်မှ တိမ်အသင့်အတင့် ဖြစ်ထွန်းနေသည်။ မိုး/ဇလ

## မြန်မာ့ပင်လယ်ပြင်အခြေအနေ

နေပြည်တော် မတ် ၁၇

လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် လေးပေမှ ခုနစ်ပေခန့် ရှိနိုင်သည်။ မိုး/ဇလ

## ပူပြင်းသည့်နွေရာသီကာလတွင် အပူဒဏ်ကိုကာကွယ်ပေးသည့် သင်ဖြူးဖျာဈေးကွက် အရောင်းအဝယ်သွက်

မန္တလေး မတ် ၁၇

လက်ရှိနွေရာသီကာလတွင် အပူဒဏ်ကိုကာကွယ်နိုင်ရန် လူသုံးကုန်ပစ္စည်းတစ်ခုဖြစ်သော သင်ဖြူးဖျာများကို ဝယ်ယူသုံးစွဲမှုများပြားလာသည့်အတွက် မန္တလေးဈေးကွက်တွင် ဈေးကောင်းရရှိကာ အရောင်းအဝယ်သွက်လျက်ရှိကြောင်း တံတားဦးမြို့နယ်မှ သင်ဖြူးဖျာလုပ်ငန်းလုပ်ကိုင်သူများထံမှ သိရသည်။



“ပူပြင်းတဲ့ နွေရာသီကာလကို ရောက်ရှိလာတဲ့အတွက် သင်ဖြူးဖျာကသူ့အရွယ်အစားအလိုက် ဝယ်ယူနေကြတော့ ရောင်းအားကောင်းပြီး ဈေးကောင်းရနေတယ်။ တပေါင်း၊ တန်ခူးမှာရောင်းအားအကောင်းဆုံးနဲ့ ဈေးအကောင်းဆုံးအချိန်ဖြစ်ပါတယ်။ အရွယ်အစားလိုက် လက်ရှိပေါက်ဈေးထက်ကို ကျပ် ၂၀၀၀ လောက် ဈေးထပ်တက်နေတယ်။ ဒီလုပ်ငန်းက ကိုယ့်အိမ်မှာ အိမ်မှုကိစ္စလုပ်ရင်း သက်သက်သာသာနဲ့ တစ်ပိုင်တစ်နိုင်လုပ်ရတဲ့ လုပ်ငန်းဖြစ်လို့ တစ်ရွာလုံးနီးပါး မိရိုးဖလာလုပ်ငန်းအနေနဲ့ လုပ်ကြတဲ့အတွက် အလုပ်အကိုင်တွေလည်း ရရှိနေကြပါတယ်”ဟု တံတားဦးမြို့နယ် လက်ဆောင်ယူကျေးရွာမှ သင်ဖြူးဖျာလုပ်ငန်းလုပ်ကိုင်သူ ကိုအောင်အောင်က ပြောသည်။

### လက်ကားဈေးနှုန်း

လက်ရှိသင်ဖြူးဖျာ လက်ကားဈေးနှုန်းများအနေဖြင့် မိသားစုအိပ်ဖျာ တစ်ချပ်လျှင် ငွေကျပ် ၄၅၀၀၀၊ နှစ်ယောက်အိပ်ဖျာ(ဆိုက်အကြီး)တစ်ချပ်လျှင် ငွေကျပ် ၃၅၀၀၀၊ နှစ်ယောက်အိပ်ဖျာ(ဆိုက်အသေး)တစ်ချပ်လျှင် ငွေကျပ် ၃၀၀၀၀၊ တစ်ယောက်အိပ်ဖျာ (ဆိုက်အကြီး) တစ်ချပ်လျှင်ငွေကျပ် ၂၃၀၀၀၊ တစ်ယောက်အိပ်ဖျာ(ဆိုက်အသေး) တစ်ချပ်လျှင် ငွေကျပ်၂၀၀၀၀ နှင့် အိပ်ဖန်(အသေးဆုံးဆိုက်)တစ်ချပ်လျှင် ငွေကျပ် ၁၇၀၀၀ ဈေးနှုန်းအထိ ရှိနေသည်။

မန္တလေးတိုင်းဒေသကြီး တံတားဦးမြို့နယ်အတွင်းရှိ လက်ဆောင်ယူကျေးရွာတွင် သင်ဖြူးဖျာရက်လုပ်သောလုပ်ငန်းကို မိရိုးဖလာ လက်မှုလုပ်ငန်းအဖြစ် တစ်ရွာလုံးနီးပါး လုပ်ကိုင်လျက်ရှိရာ ယင်းလုပ်ငန်းကြောင့် မိသားစုစီးပွားရေး အဆင်ပြေလျက်ရှိပြီး ယခုနွေရာသီကာလတွင် အများဆုံးရက်လုပ်သောကာလဖြစ်သည်နှင့်အညီ မန္တလေးဈေးကွက်ရှိ ကုန်သည်များထံသို့ လက်ကားရောင်းချပေးခြင်းနှင့်အတူ လက်လီအနေဖြင့်လည်း ရောင်းချပေးလျက်ရှိကြောင်း သိရသည်။

မောင်အေးချမ်း

# လေးမျက်နှာဟု ခေါ်ပါသည်

မြင့်စိုး(နတလ)



အနော်ရထာမင်းကြီး တည်ထားခဲ့သော သမိုင်းဝင်စတုမုခထူပါရုံစေတီတော်မြတ်ကြီး။

**တစ်ခါတုန်းက လေးမျက်နှာမှာ**

လွန်ခဲ့သော လေးနှစ်ခန့်က လေးမျက်နှာမြို့နယ် ခတ္တာကျေးရွာနှင့် ခုံကြီးကျေးရွာအကြားရှိ ဝါးတံတားလေးပေါ်မှာ ခြေစုံရပ်၍ ပတ်ဝန်းကျင်တစ်ခွင် ငေးမောကြည့်ရှုရင်း နောင်တစ်ချိန်သည်နေရာ၊ သည်တံတားကို ပြုပြင်တည်ဆောက်ပေးခွင့်ရလျှင် ကောင်းလေစွဟု အတွေးဝင်ခဲ့ဖူးသည်။ ဟော..... စေတနာ အကျိုးပေးတာလား၊ ကုသိုလ်ကံတရားကပဲ ဆန်းကြယ်လွန်းလှတာလား မပြောတတ်တော့ပေ။ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနမှာ ပြန်လည်၍ တာဝန်ထမ်းဆောင်ခွင့်ရခဲ့သည်။ လေးမျက်နှာဒေသဖွံ့ဖြိုးရေးလုပ်ငန်းများထဲတွင် တစ်ခုအပါအဝင်ဖြစ်သော ကျေးဇူးတော်ရှင် အောင်ဆန်းဆရာတော်ကြီးကလည်း ဆန္ဒပြုမိန့်ကြားထားသော ခတ္တာနှင့် ခုံကြီးကြားက ပေ ၂၂၀ တံတားတစ်စင်းကို နှစ်ဆက်လုပ်ငန်းအဖြစ် ထည့်သွင်းလျာထား ဆောင်ရွက်ပေးခွင့်ရခဲ့ပါပြီ။ လေးမျက်နှာမြို့နယ်ထဲက ခတ္တာကျေးရွာ၊ ခုံကြီးကျေးရွာဟု ကျွန်တော် သုံးနှုန်းဖော်ပြနေလင့်ကစား လွန်ခဲ့သောနှစ်ပေါင်း ၃၀ ကျော်အချိန်ကာလ၊ တစ်နည်းပြောရလျှင် ငဝန်မြစ်အနောက်ဘက်ခြမ်းမှာ လေးမျက်နှာမြို့ဟောင်းအဖြစ် ရှိနေခဲ့စဉ်ကမူ အဆိုပါ ခတ္တာကျေးရွာနှင့် ခုံကြီးကျေးရွာတို့သည် လေးမျက်နှာမြို့၏ အထင်ကရ ရပ်ကွက်ကြီးများအဖြစ် လူသိများထင်ရှားခဲ့သည်။ ညောင်ပင်စု၊ ခုံကြီးပိုင်း၊ မြို့မရပ်ကွက်၊ ဈေးသစ်ကုန်း၊ အညာတန်း၊ ခတ္တာပိုင်းဟူ၍ ခေါ်ဝေါ်ခဲ့ကြသည်။ ခတ္တာပိုင်းမှာ သမိုင်းဝင်စတုမုခထူပါရုံစေတီတော်မြတ်ကြီး တည်ရှိနေသည့်အတွက် ခတ္တာပိုင်းကို ဘုရားကြီးပိုင်းဟူ၍လည်း ခေါ်ကြသည်။ ငဝန်မြစ်ကမ်းဘေးမှာ သုံးမိုင်ကျော် ရှည်လျားသော မြို့ဖြစ်ပြီး ရပ်ကွက်ကြီးသုံးခု၊ ရပ်ကွက်ငယ် ၁၅ ခု၊ အိမ်ခြေ ၃၀၀၀ ကျော် ရှိခဲ့ဖူးသည်။

> **❝ လမ်းပန်းဆက်သွယ်ရေးမကောင်းဘဲ စက်လှေ၊ သမ္ဗန်များဖြင့် ရေလမ်းတစ်ခုတည်းကိုသာ အားကိုးအားထားပြုနေရသော လေးမျက်နှာမြို့၏ ကံဇာတာသည် ၁၉၉၁ ခုနှစ်မှစ၍ ကံဇာတာအနိမ့်ပိုင်းသို့ ပို၍ပို၍ ရောက်လာခဲ့သည်။ ထိန်ငူတာကျိုးသဖြင့် လေးမျက်နှာမြို့နယ်အပါအဝင် ဧရာဝတီတိုင်း ကိုးမြို့နယ် ရေကြီးရေလျှံဖြစ်ခဲ့သည်။ ၁၉၉၂- ၁၉၉၃ ခုနှစ်များတွင်မူ လေးမျက်နှာမြို့မရပ်ကွက် ရဲစခန်းဝင်းအနီးမှ ငဝန်မြစ်ရေက ထိုးခွဲဝင်ရောက်လာပြီး ကမ်းပြိုမှုများလည်း ဖြစ်ပေါ်ကာ မြို့ကို နှစ်ပိုင်းပြတ်သွားစေခဲ့သည်။ သည့်အတွက် ရေဘေးသင့်ရပ်ကွက်အားလုံး ငဝန်မြစ်အရှေ့ဘက်ကမ်းသို့ ရွှေ့ပြောင်း၍ မြို့သစ်တည်ပေးခဲ့ကြသည်။ မြို့ဟောင်းတွင် ယခင်က ထည်ထည်ဝါဝါရှိနေခဲ့ကြသော ခုံကြီးပိုင်းရပ်ကွက်နှင့် ခတ္တာရပ်ကွက်တို့သည် လေးမျက်နှာမြို့နယ်၏ ခုံကြီးကျေးရွာ၊ ခတ္တာကျေးရွာများအဖြစ် မြစ်အနောက်ဘက်ခြမ်းတွင် ကျန်ရစ်ခဲ့ ❞**

ကျွန်တော့်ရဲ့ ဇာတိရွာက လေးမျက်နှာမြို့၏ အနောက်စူးစူး ခုနစ်မိုင်အကွာမှာရှိသည့် စိန်တောင်ရွာဖြစ်သည်။ ရွာကကျောင်းမှာ ၄ တန်းအောင်သည်၊ ရွာနားက အ.လ.က လှော်ကထားကျောင်းမှာ ၈ တန်းအောင်သည်။ ၈ တန်းအောင်ချိန်မှာ ၉ တန်း၊ ၁၀ တန်း ဆက်တက်ဖို့ အခြားသောမြို့ရွာများသို့ ကျွန်တော်မသွားချင်၊ အစ်ကိုတွေတုန်းကတော့ ရေကြည်မြို့နယ်ထဲက အသုတ် အ.ထ.ကမှာ သွားတက်ခဲ့ကြဖူးသည်။ ကျွန်တော်က လေးမျက်နှာ အ.ထ.ကမှာပဲ တက်မည်။ နေစရာအတွက် အမျိုးအဆွေအိမ်များသို့ သွားစရာမလို၊ ဘကြီးဘုန်းကြီး ဦးဣန္ဒက ကျောင်းထိုင်ခဲ့ဖူးသော ဒက္ခိဏာရုံကျောင်းတိုက်အား ဆရာတော်ကြီး ဦးပညာလောကနှင့် ဦးဇောတိပါလတို့က ဆက်ခံပြီး လူငယ်ဖွံ့ဖြိုးရေး ပရဟိတဂေဟာအဖြစ် ဖွင့်လှစ်ထားရှိပြီးဖြစ်၍ ၉ တန်း၊ ၁၀ တန်း နှစ်နှစ်ကို ထိုကျောင်းတွင် သွားနေခဲ့သည်။ ပရဟိတကျောင်းသည် ခုံကြီးပိုင်းတွင်ရှိ၏။ နေ့စဉ် ခုံကြီးပိုင်းမှ မြို့မရပ်ကွက်ရှိ အ.ထ.ကကျောင်းသို့ လမ်းလျှောက်ပြီးသွားကြသည်။ ရွာတွင် မူလတန်း၊ အလယ်တန်းအောင်ခဲ့သည့် ၁၉၆၀ ပြည့်လွန်နှစ်များမှာ၊ လေးမျက်နှာ အ.ထ.ကကို ရောက်ခဲ့သည့် ၁၉၇၅-၇၆ ခုနှစ် အချိန်ကာလများမှာ ငဝန်မြစ်သည် လေးမျက်နှာမြို့အတွက် လှပသည့် အကျိုးပြုမြစ်တစ်စင်း ဖြစ်နေဆဲပင်။ ကမ်းပြိုတာတွေလည်း သိပ်မရှိသေး၊ မြစ်ကမ်းဘေးတစ်လျှောက်လို့ပဲ ပြောရမလား၊ လေးမျက်နှာမြို့၏ မြို့လယ်လမ်းလို့ပဲ ပြောရမလား တစ်လမ်းတည်းသော လမ်းကလေးမှာ နေ့စဉ် သွား၊ ပြန် လုပ်ခဲ့ကြသည်။ ကာလမ်းမပေါက်သော၊ ကားနှင့်တူသည်ဆို၍ တစ်စီးမျှမရှိသော၊ မြင်းလှည်းလည်းမရှိသော၊ စက်ဘီး၊ ဆိုက်ကားနှင့် ခြေကျင်ကြိတ်နေကြသောမြို့ကို ထိုစဉ်က လေးမျက်နှာမြို့ဟု ခေါ်ပါသည်။

**ထူးချွန်ထင်ရှား လေးမျက်နှာဇာတိဖွားများ**

သို့ကလိုပြောလိုက်၍လည်း ရိုးသားကြိုးစား ဧရာဝတီသားဆိုသည့် ဧရာဝတီတိုင်းဒေသကြီး ၂၆ မြို့နယ်ထဲတွင် ပါဝင်နေသည့် လေးမျက်နှာမြို့နယ်နှင့် လက်ဝါးသာသာမြို့လေးကို အထင်မသေးစေလို၊ ထိုနေရာ ထိုဒေသမှာ နေရာကဏ္ဍအလိုက် တိုင်းသိပြည်သိ၊ နိုင်ငံကျော် သာသနာ့အာဇာနည်များ၊ ပုဂ္ဂိုလ်ကြီးများ၊ ပုဂ္ဂိုလ်လတ်၊ ပုဂ္ဂိုလ်ငယ်များ ပေါ်ထွက်လာခဲ့ဖူးသည်။ ဘာသာသာသနာကဏ္ဍတွင် ဘိုးတော်မင်းတရားလက်ထက် မိဖုရားခေါင်ကြီး ရတနာဒေဝီ ကိုးကွယ်ခဲ့သော ပထမထွတ်ခေါင် ဆရာတော်ကြီးမှအစ ရွှေဟင်္သာဆရာတော်ကြီး၊ အောင်ဆန်းဆရာတော်ကြီးတို့ ပေါ်ထွက်ရာဒေသ၊ နိုင်ငံရေးလောကတွင် သခင်ပညာလောက (ပရဟိတဆရာတော် ဘဒ္ဒန္တပညာလောက ဖြစ်ပါသည်)၊ ဝိဓူရသခင်ချစ်မောင်တို့သည်လည်းကောင်း၊ စာပေကဏ္ဍတွင် ကျောက်စာဝန်ဦးမြနှင့် ကဗျာဆရာကြီး စောရန်နောင်တို့သည်လည်းကောင်း၊ ရုပ်ရှင် ဂီတနှင့် သဘင် အနုပညာလောကတွင် ဝဏ္ဏကျော်ထင် ဦးစိန်အောင်မင်း၊ ဦးစိန်မာဒင်က လေးမျက်နှာသူနှင့် အကြောင်းပါခဲ့၍ သားများဖြစ်ကြသော မိုးဝင်း၊ မိုးမင်း၊ ဦးစိန်မာဒင် ဇာတ်ထဲမှနေ၍ အနုပညာခရီးလမ်းကို စတင်ခဲ့သော လေးမျက်နှာသား အကယ်ဒမီမော့စ်တို့သည်လည်းကောင်း၊ အကယ်ဒမီ အမေ ဒေါ်ကြည်ကြည်ဌေး ဇာတ်ကခဲ့စဉ်က အောက်ချင်းဖို၊ အောက်ချင်းမဇာတ်ဖြင့် ကျော်ကြားခဲ့သော မင်းသား အောင်ဝိဇ္ဇာ ဦးခင်မောင်၊ ဂီတစာဆို အလင်္ကာကျော်စွာ ဟင်္သာတဦးမြင့်ဌေ (လေးမျက်နှာမြို့နယ် အိုင်သပြုကျေးရွာဇာတိ)၊ မြန်မာ့ဘောလုံးရွှေခေတ်က မဟာဒူး(ဦး)၊ ဘပု(ဦး)၊ အောင်ခင်(ဦး) တို့နှင့်အတူ အာရှ၊ အရှေ့တောင်အာရှတွင် နာမည်ကျော်ကြားခဲ့သော ဦးလှဌေး၊ သည်ဘက်ခေတ်တွင် ကိုအောင်စံဖြိုးနှင့် ဂိုး-မေခင်ယမင်း၊ ဆပ်ကပ်အားကစားသို့မဟုတ် ဆပ်ကပ်အနုပညာလောကမှာ ဆိုဗီယက်တွင် ဒီပလိုမာယူခဲ့သော ဆိုဗီယက်ပြန် အာဇာနည်စန်းစန်းတို့သည်လည်းကောင်း လေးမျက်နှာဇာတိဖွားများဖြစ်ကြသည်။ သူ့ခေတ် သူ့အခါ သူ့နေရာ သူ့ဌာနအလိုက် ထူးချွန်ထင်ရှား ကျော်ကြားခဲ့ကြပါသည်။

**သမိုင်းဝင် စတုမုခထူပါရုံစေတီတော်မြတ်ကြီး**

ငဝန်မြစ်သည် ဧရာဝတီမြစ်၏ မြစ်လက်တက်အဖြစ် ဟင်္သာတမြို့အထက်နားဆီက ဆုံကုန်းရွာတွင် အစပြုသည်။ ရှေးပဝေသဏီကပင် ပုဂံ၊ အင်းဝအထက်အညာဒေသမှ လှေများစုံဆင်း၍ ငဝန်မြစ်ကြောင်းအတိုင်း ပင်လယ်ထွက်ပေါက်သို့ ရောက်ရှိကာ အနောက်ဘက် စစ်တွေ၊ အာသံ၊ မဇ္ဈိမပူရသို့လည်းကောင်း၊ အရှေ့ဘက် တနင်္သာရီ၊ ထိုင်း၊ မလေးသို့လည်းကောင်း ကူးသန်းသွားလာ ရောင်းဝယ်ဖောက်ကားခဲ့ကြသည်ဆို၏။ နောင်တစ်ချိန် လေးမျက်နှာမြို့ဟု ဖြစ်လာမည့်နေရာသည်လည်း အချက်အခြာကျသည့် နေရာတစ်ခုဖြစ်တန်ရာ၏။ ကတ္တာလှေကြီးများ ဆိုက်ကပ်ခဲ့သည့်နေရာဖြစ်၍ ကတ္တာမှ ကာလရွေ့လျားလာသော ခတ္တာရပ်ကွက်၊ မင်းနေပြည်တော်မှ စစ်သည်များ စခန်းချခဲ့သည့်နေရာကို အစွဲပြု၍ တပ်ဝ၊ ရိက္ခာများသိုလှောင်ခဲ့ရာ ကြည်တော်စုဆိုသည့်အမည်များ ခေါ်တွင်ခဲ့ကြ၍ ဖြစ်သည်။

ပုဂံပြည့်ရှင် အနော်ရထာမင်းကြီးသည် သက္ကရာဇ် ၄၂၀ ပြည့်နှစ်၌ အောက်ပြည်အောက်ရွာသို့ တိုင်းခန်းလှည့်လည်ရင်း လေးမျက်နှာမြို့ဖြစ်လာမည့်အရပ်သို့ ရောက်ရှိလာခဲ့သည်။ ငဝန်မြစ်နှင့် မဝေးလှသောနေရာ၌ ဉာဏ်တော် ၄၅ တောင်အမြင့်ရှိစေတီတစ်ဆူတည်ထားခဲ့သည်။ တလိုင်းမင်းဆက် ဗညားဒလက စေတီတော်ကြီးကို ထပ်မံမွမ်းမံပြီး မုခ်လေးမုခ် ဆောက်လုပ်လှူဒါန်းခဲ့သည်။

စာမျက်နှာ ၁၉ သို့ ☆




လေးမျက်နှာမြို့သစ်မှ ပုသိမ်-မုံရွာကားလမ်းသို့ ဆက်သွယ်နိုင်သော ငဝန်မြစ်ကူးတံတားကြီး။

☆ စာမျက်နှာ ၁၈ မှ

ထိုမှ အလောင်းမင်းတရား ဦးအောင်ဇေယျသည် ၁၁၁၅ ခုနှစ်တွင် တလိုင်း (၃) ရပ်ကို အောင်တော်မူပြီး လေးမျက်နှာအရပ်၌ အနော်ရထာမင်းကြီး တည်ထားခဲ့သောစေတီကို တွေ့ရှိရ၍ ဥဇာတော် ၇၅ တောင်အမြင့်အထိ တိုးမြှင့်တည်ထားပြီး မုခ်လေးမုခ်တွင် စေတီရံလေးဆူ တည်ခြင်း၊ စေတီရံ လေးဆူအတွင်း ရုပ်ပွားတော်လေးဆူ စံပယ်တော်မူစေခြင်းများ ပြုလုပ်လှူဒါန်းကာ စေတီတော်ကြီးကိုလည်း "စတုမုခ" စေတီဟု ဘွဲ့အမည် မှည့်ခေါ်၍ မော်ကွန်းတင်ခဲ့သည်။ ထိုမှ ၁၁၆၅ ခုနှစ်တွင် မြန်မာဘုရင်၏ ပွဲနင်းကြီးသမန္တသည် စေတီတော်မြတ်ကြီးကို ထပ်မံပြုပြင်မွမ်းမံ၍ အရန်စေတီများ တည်ထားကာ "ထူပါရုံ" ဘွဲ့အမည် တိုးခဲ့သောကြောင့် "စတုမုခထူပါရုံ" စေတီတော်မြတ်ကြီးအဖြစ် ယနေ့တိုင် လူအများ ဖူးမြော်ကြည်ညိုနေကြသည်ကို တွေ့ရမည်ဖြစ်သည်။

**တာ၀တိံသာဘုရားဆင်းပွဲတော် ကျင်းပခဲ့**

ရှေးယခင်က စတုမုခထူပါရုံစေတီတော်မြတ်ကြီးနှင့် ပတ်ဝန်းကျင်တွင် ဦးဘစိုဓမ္မာရုံ၊ ဦးလှဘော်တန်ဆောင်း၊ ဗုဒ္ဓဝိဟာရပြတိုက်၊ တာ၀တိံသာဘုရားဆင်း တန်ဆောင်းတော်ကြီး၊ ပေ ၅၀၀ ကျော်ရှည်လျားသည့် နတ်လမ်းနှင့် နတ်လမ်း ၀ဲ/ယာရှိ ဈေးဆိုင်ခန်းများစွာ၊ ဘေးပတ်လည်တွင် ဇရပ်ပေါင်းများစွာတို့ ရှိနေပါသည်။ စေတီတော်မြတ်ကြီး၏ နှစ်စဉ် ဗုဒ္ဓပူဇနိယပွဲတော်အဖြစ် တာ၀တိံသာဘုရားဆင်းပွဲကို သီတင်းကျွတ်လပြည့်နေ့တွင် ကျင်းပပူဇော်ခဲ့ကြသည်။ မိုးလေကင်းလွတ်သည့် နတ်တော်လဆန်း ၁၀ ရက်နေ့မှ လပြည့်ကျော် ၁ ရက်နေ့အထိ ပျော်ပွဲရွှင်ပွဲများနှင့်အတူ ဓမ္မပူဇာတရားပွဲများ ကျင်းပပေးခဲ့ရာ တိပိဋကမင်းကွန်းဆရာတော်ကြီး၊ တိပိဋကရေစကြိုဆရာတော်ကြီး၊ တိပိဋကယောဆရာတော်ကြီး၊ သပိတ်အိုင်ဆရာတော်ကြီး၊ ကျိုက်ဝိုင်းဆရာတော် ဦးကုဏ္ဍက၊ သထုံဆရာတော်၊ ပရဟိတဆရာတော် ဦးဇောတိပါလ၊ ကိုးဘွဲ့ရဆရာတော် အရှင်အာစာရာလင်္ကာရတို့ ဟောကြားတော်မူခဲ့ဖူးသည်။ ပျော်ပွဲရွှင်ပွဲများတွင်လည်း ရှေးခေတ်က ဦးဖိုးစိန်ကြီး၊ ဦးအောင်မောင်း ဇာတ်အဖွဲ့များလာရောက်ကပြခဲ့ဖူးသလို ကျွန်တော်တို့နှင့် သက်တူရွယ်တူများ မီခဲ့ဖူးသည့် အလင်္ကာကျော်စွာ ရွှေမန်းဦးတင်မောင်၊ ဝဏ္ဏကျော်ထင်ဦးစိန်အောင်မင်း၊ ဦးစိန်မာဒင်၊ ပန်တျာကြည်လင်၊ တိုင်းချစ် ဦးတင်ငွေ၊ စိန်မြသန်း၊ ဘောလုံးစိန် ဇာတ်သဘင်အဖွဲ့များလည်း အပါအဝင်ဖြစ်သည်။ ဦးစိန်အောင်မင်း၏ နောက်ပိုင်းဇာတ်ထုပ်ကြီးဖြစ်သော ရာဟုလာအမွေတောင်းခန်းမှာ သူ၏သမီးဖြစ်သူ မင်းသမီးစီစီစိန်က ယသောဓရာအဖြစ် သရုပ်ဆောင်ခဲ့သည်။ ဘုရားလောင်း သိဒ္ဓတ္ထမင်းသား တောထွက်၍ ဘုရားဖြစ်တော်မူပြီး ကပိလဝတ်ရွှေနန်းတော်သို့ ပြန်ကြွလာချိန်မှာ ယသောဓရာမင်းသမီးက သားတော်ရာဟုလာကို လက်ဆွဲပြီး ငိုချင်းချလျက် ကြိုတော်မူခန်းကို ကျွန်တော် အကြိုက်ဆုံးဖြစ်သည်။ မကြာသေးမီလေးက Facebook ထဲမှာ ယင်းအခန်းပြန်ပေါ်လာ၍ အမှတ်တရ နားထောင်ဖြစ်ခဲ့သေးသည်။

**မြို့ဟောင်းမှ မြို့သစ်သို့ ပြောင်းခဲ့ရသောလေးမျက်နှာ**

လမ်းပန်းဆက်သွယ်ရေးမကောင်းဘဲ စက်လှေ၊ သမ္ဗန်များဖြင့် ရေလမ်းတစ်ခုတည်းကိုသာ အားကိုးအားထားပြုနေရသော လေးမျက်နှာမြို့၏ ကံဇာတာသည် ၁၉၉၁ ခုနှစ်မှစ၍ ကံဇာတာအနိမ့်ပိုင်းသို့ ပို၍ပို၍ ရောက်လာခဲ့သည်။ ထိန်ငူတာကျိုးသဖြင့် လေးမျက်နှာမြို့နယ်အပါအဝင် ဧရာဝတီတိုင်း ကိုးမြို့နယ် ရေကြီးရေလျှံဖြစ်ခဲ့သည်။ ၁၉၉၂-၁၉၉၃ ခုနှစ်များတွင်မူ လေးမျက်နှာမြို့ မရပ်ကွက်



စတုမုခထူပါရုံစေတီတော်မြတ်ကြီး ရေမခစေရေးအတွက် ကမ်းထိန်းလုပ်ငန်းများ ဆောင်ရွက်ပေးနေစဉ်။

ရဲစခန်းဝင်းအနီးမှ ငဝန်မြစ်ရေက ထိုးခွဲဝင်ရောက်လာပြီး ကမ်းပြိုမှုများလည်း ဖြစ်ပေါ်ကာ မြို့ကို နှစ်ပိုင်းပြတ်သွားစေခဲ့သည်။ သည့်အတွက် ရေဘေးသင့်ရပ်ကွက်အားလုံး ငဝန်မြစ်အရှေ့ဘက်ကမ်းသို့ ရွှေ့ပြောင်း၍ မြို့သစ်တည်ပေးခဲ့ကြသည်။ မြို့ဟောင်းတွင် ယခင်က ထည်ထည်ဝါဝါရှိနေခဲ့ကြသော ခုံကြီးပိုင်းရပ်ကွက်နှင့် ခတ္တာရုပ်ကွက်တို့သည် လေးမျက်နှာမြို့နယ်၏ ခုံကြီးကျေးရွာ၊ ခတ္တာကျေးရွာများအဖြစ် မြစ်အနောက်ဘက်ခြမ်းတွင် ကျန်ရစ်ခဲ့သည်။

**ထူပါရုံစေတီတော်အတွက် ကမ်းထိန်းလုပ်ငန်းများ**

ငဝန်မြစ်ရေတိုက်စားမှု၊ ကမ်းပြိုမှုတို့ကြောင့် လေးမျက်နှာမြို့တစ်ဝက်မက ရေအောက်သို့ ရောက်သွားခဲ့ရာ ယခင်က ငဝန်မြစ်နှင့် အတန်ငယ်ဝေးကွာသော သမိုင်းဝင် စတုမုခထူပါရုံစေတီတော်မြတ်ကြီးကိုပင် ကမ်းနဖူးက ဦးတိုက်လာခဲ့သည်။ တဖြည်းဖြည်း စိုးရိမ်ရသည့်အနေအထားသို့ ရောက်လာခဲ့သည်။ ၁၉၉၂ ခုနှစ်တွင် ရွှေဟင်္သာဆရာတော်ဘုရားကြီး၏ ဩဝါဒခံယူ၍ ကမ်းထိန်းကမ်းဆည်လုပ်ငန်းများ စတင်ခဲ့သည်။ ၂၀၁၂ ခုနှစ်မှ ၂၀၁၆ ခုနှစ်များအတွင်းကလည်း ဂေါပကအဖွဲ့သည် သက်ဆိုင်ရာဌာနများသို့သတင်းပို့၍ ဆောင်ရွက်ခဲ့ကြသည်။ ဆက်လက်ပြိုကျမှုများ ဖြစ်ပေါ်လာ၍ ဦးဘစိုဓမ္မာရုံကြီးကို အနောက်ဘက်သို့ နေရာပြောင်း၍ ပြန်လည်ဆောက်လုပ်ခဲ့ရသည်။ ၂၀၁၆ ကမ်းပြိုမှုကြောင့် စေတီရင်ပြင်အနီးက အာရုံခံတန်ဆောင်းကိုပင် ရွှေ့ပြောင်းခဲ့ရသည်။ ၂၀၁၇ မှ ၂၀၁၉ ခုနှစ်အထိကာလများတွင်လည်း နိုင်ငံတော်သို့တင်ပြ၍ အထူးအစီအစဉ်ဖြင့် ကမ်းထိန်းလုပ်ငန်းများ ဆောင်ရွက်ခဲ့သည်။ ၂၀၁၉ ခုနှစ်တွင် Creation Co.,ltd က တာဝန်ယူလျက် ၂၀၁၉-၂၀၂၀ ခွင့်ပြုရန်ပုံငွေဖြင့် ကမ်းထိန်းလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ ၂၀၂၁ ခုနှစ်တွင် စေတီတော်ရှေ့တည့်တည့် ပြိုကျသောနေရာများတွင် ပိုင်များရိုက်ခြင်းတို့ ဆောင်ရွက်ပေးခဲ့သည်။

၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်မှစ၍ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက တာဝန်ယူလျက် ရေရှည်အစီအမံများ ချမှတ်ဆောင်ရွက်လျက်ရှိသည်။ ယင်းသို့ ဆောင်ရွက်ရာတွင် စေတီတော်ကြီးပတ်လည် အောက်ခြေခိုင်ခံ့မှုရှိစေမည့် Bored Pile ကဲ့သို့ Foundation အုတ်မြစ်များဆောင်ရွက်ခြင်း၊ ရေထဲပိုင်းကာကွယ်ခြင်း၊ ကွေ့ကောက်နေသော ရေလမ်းကြောင်းအား ပြုပြင်ထိန်းသိမ်းနိုင်ရန်အတွက် ရေလွှဲရေကာများ တည်ဆောက်ခြင်း၊ ရေလမ်းအား အနှောင့်အယှက်ပြုနေသောသောင်ခုံများ ဖြတ်ထုတ်ခြင်းတို့ ဆောင်ရွက်ရမည်ဖြစ်ကြောင်း သိရသည်။ ဦးစီးဌာနမှ တာဝန်ရှိသူများအနေဖြင့်လည်း ကြိုးပမ်းဆောင်ရွက်နေသည်ကို တွေ့မြင်ခဲ့ရပါသည်။ ကျေးဇူးလည်း တင်မိပါသည်။ လုပ်ငန်းများအောင်မြင်ပြီး သမိုင်းဝင်စေတီတော်မြတ်ကြီး အရှည်တည်တံ့လျက် လေးမျက်နှာဒေသ၏ သာသနာရောင်ဝါ အစဉ်ထွန်းလင်းတောက်ပနေမည်ဟု ယုံကြည်မိပါသည်။

**လေးမျက်နှာလွမ်းချင်း**

ကျွန်တော် လေးမျက်နှာ အ.ထ.ကမှာ ၉ တန်းတက်နေသော ၁၉၇၅ ခုနှစ်၊ ထိုနှစ်တွင် စာရေးဆရာများဖြစ်ကြသော ဆရာမောင်နေဝင်း၊ ဆရာမင်းကျော်၊ ဆရာနတ်နွယ်နှင့် ရုပ်ရှင်မင်းသားကိုသုမောင်တို့ လာရောက်၍ စာပေဟောပြောကြသည်။ ထိုစဉ်က သူတို့လာရသော ခရီးလမ်းအခြေအနေမှာ ရန်ကုန် ကြည့်မြင်တိုင်ဘူတာမှ သာရဝေါသို့ မီးရထားဖြင့်၊ သာရဝေါမှ ကူးတို့သင်္ဘောစီးကာ ဧရာဝတီတစ်ဖက်ကမ်းသို့ ရောက်၊ ထိုမှ ခေါင်းဆေးကျွန်း ခေါ် သဲသောင်ခုံကြီးကို ခြေကျင်ဖြတ်ပြီး ရွှေပြောင်ပြောင်ဘုရားအနီးမှ ဟင်္သာတမြို့သို့ဝင်၊ ရန်ကုန်-သာရဝေါရထားကို စောင့်နေသော၊ တစ်နည်းအားဖြင့် တစ်စီးတည်းသာကျန်တော့သော ချက်ပလက်ခေါင်းတို ကားကြီးပေါ်သို့ စုပြုံတိုးဝှေ့တက်ကြပြီး ဆက်လက်၍ ခရီးနှင်၊ နတ်မှော်၊ နိဗ္ဗာန်၊ ယုံသလင်း၊ ခမောက်စုတို့ကိုဖြတ်ပြီး အိုင်သပြုဆိုသော ငဝန်မြစ်ကမ်းနံဘေးက ရွာကြီးသို့ ရောက်၊ ဤမှာ ကားလမ်းကဆုံးပြီ။ နေလည်း အတော်စောင်းသွားပြီ။ ခရီးကားမဆုံးသေး၊ ငဝန်မြစ်ထဲမှာ စောင့်နေသော မော်တော်ဘုတ်ပေါ်တက်၍ လေးမျက်နှာသို့ ဆက်ထွက်ရသည်။ လေးမျက်နှာမြို့ဟောင်းလေးသို့ ရောက်ချိန်သည် ညီအစ်ကိုမသိတသိအချိန်ဟု ပြောရတော့မည်။ ဤကဲ့သို့ ရထားတစ်တန်၊ သင်္ဘောတစ်တန်၊ ကားတစ်လှည့်၊ မော်တော်ဘုတ်တစ်လှည့်ဖြင့် သွားပါမှ ဒုတ်ဒုတ်ထိရောက်ခဲ့သော လေးမျက်နှာရွှေမြို့တော်ဟောင်းကို လွမ်းရှာရှာ့ထင့်၊ ဆရာမင်းကျော်က ၁၉၈၃ ခုနှစ်ထုတ် လေးမျက်နှာမြို့နယ် စာတတ်မြောက်ရေး အထိမ်းအမှတ် မဂ္ဂဇင်းတွင် အမှတ်တရရေးထားခဲ့သော ဆောင်းပါးတစ်ပုဒ်၏ ခေါင်းစဉ်မှာ **"လေးမျက်နှာလွမ်းချင်း"** ဟူသတဲ့လေ။

ထိုနည်းတူစွာပင် ကျွန်တော် ရွာကကျောင်းမှာ ၈ တန်းတက်နေသော ၁၉၇၄ ခုနှစ်၌ ဆရာကြီး တက္ကသိုလ်ဘုန်းနိုင် လေးမျက်နှာမြို့သို့လာပြီး စာပေဟောပြောသည်ကိုလည်း ဦးလေးများနှင့်အတူ လိုက်၍ နားထောင်ဖူးခဲ့သည်။ ဆရာကြီးကတော့ လေးမျက်နှာက အပြန်မှာ **"သာ၍ဝေးရာဆီကိုပါ"** ခေါင်းစဉ်ဖြင့် ဝတ္ထုစာအုပ်တစ်အုပ် ရေးသားထုတ်ဝေခဲ့သည်။ ဝတ္ထုထဲက အဓိကဇာတ်လိုက်များကတော့ ရန်ကုန်မြို့မှာ အရေးအခင်းတစ်ခုဖြစ်ပြီးကာလနှင့် တိုက်ဆိုင်စွာ ဦးခေါင်း၌ ထိခိုက်မိသောဒဏ်ရာတစ်ခုကြောင့် စိတ်ဒဏ်ရာရထားသူ (Trauma) ထရောမားရောဂါရှင် တရားရုံးချုပ်ဝတ်လုံတော်ရကြီး ဦးသက်လွင်၊ သူ၏ဇနီးဖြစ်သူ ဒေါ်လဲ့လဲ့၊ လေးမျက်နှာမြို့ဟောင်းသူ မသင်းနု၊ သူ၏ဖခင်ဘကြီးထွန်းသာ၊ မသင်းနု၏ သူငယ်ချင်းများဖြစ်ကြသည့် အောင်ငြိမ်း၊ ထွေးမောင်နှင့် မလှစိန်၊ လေးမျက်နှာတွင် တာဝန်ကျနေသော ရဲမှူး ဦးတင့်လွင်၊ အင်းစိန်ထောင်ပြေး လူသတ်တရားခံ သိန်းအောင်၊ လေးမျက်နှာမြို့က စိတ်ဝေဒနာရှင် မင်းတရားဘအေး၊ ရန်ကုန်ဝိဇ္ဇာနှင့်သိပ္ပံတက္ကသိုလ် စိတ်ပညာဌာနမှ ကထိက ဒေါက်တာဦးမြင့်နွယ်တို့ဖြစ်ကြသည်။ ဦးသက်လွင်က စိတ်ဝေဒနာရပြီး ရန်ကုန်မှ ပုသိမ်သို့ ရောက်ရှိလာ၊ ပုသိမ်-ဟင်္သာတရထားကိုစီးပြီး ခမောက်စုဘူတာမှာ ဆင်း၊ ထိုမှ ဆရာမင်းကျော်တို့ စာရေးဆရာအဖွဲ့လာသလို ကားတစ်တန်၊ စက်လှေတစ်တန်ဖြင့် လေးမျက်နှာသို့ရောက်ရှိ၊ လေးမျက်နှာရောက်တော့ ကိုယ့်နာမည် ကိုယ်မေ့နေ၍ သာစုခေါ်သံကြားရာမှ သူ့ကိုယ်သူကိုသာစုဟု အမည်ပေးခဲ့၊ ဇနီးဖြစ်သူ ဒေါ်လဲ့လဲ့က အိမ်ထောင်ရေးဖောက်ပြန်နေသူဖြစ်သောကြောင့် ဦးသက်လွင် နေကောင်းပြီး ဘဝမှန်အသိမှန်ကို ပြန်ရသွားချိန်မှာ လေးမျက်နှာမြို့သို့ ပြန်လာပြီး မသင်းနုနှင့်ပေါင်းဖက်ထားသည့် ဇာတ်လမ်းဖြစ်ပါသည်။ ဆရာက သီချင်းကြီး သီချင်းခန့်များကိုလည်း ပိုင်နိုင်ကျွမ်းကျင်သူဖြစ်သောကြောင့် ဝတ္ထု၏ ဇာတ်ဝင်ခန်းတော်တော်များများမှာ သီချင်းကြီးများ ပတ်ပျိုးများကို ဖော်ပြပေးထားသည့် မြမြမောင်းမောင်းပတ်ပျိုးထဲက ယွင်းစေ့ဝသုန် x x x လစန်းသော်တာယုန်သို့ x x x ကမ္ဘာကုန်ကျယ်သရွေ့ဝယ် x x x ဘယ်မေ့လိမ့်မလဲ x x x ကဲ့သို့သော တေးစာသားများ။

ဆရာကြီးတက္ကသိုလ်ဘုန်းနိုင်၊ ဆရာမင်းကျော်တို့က လေးမျက်နှာမြို့လေးအကြောင်း အမှတ်တရများ ရေးဖွဲ့သွားသကဲ့သို့ပင် ကျွန်တော်တို့သည်လည်းပဲ လေးမျက်နှာမြို့ဟောင်းလေးကို ကမ္ဘာကုန်ကျယ်သရွေ့ သတိရတမ်းတ အမှတ်ရနေဦးမည်သာ....။ ။

**❝ စေတီတော်ကြီးပတ်လည် အောက်ခြေခိုင်ခံ့မှုရှိစေမည့် Bored Pile ကဲ့သို့ Foundation အုတ်မြစ်များ ဆောင်ရွက်ခြင်း၊ ရေထဲပိုင်းကာကွယ်ခြင်း၊ ကွေ့ကောက်နေသော ရေလမ်းကြောင်းအား ပြုပြင်ထိန်းသိမ်းနိုင်ရန်အတွက် ရေလွှဲရေကာများ တည်ဆောက်ခြင်း၊ ရေလမ်းအား အနှောင့်အယှက်ပြုနေသော သောင်ခုံများ ဖြတ်ထုတ်ခြင်းတို့ကို ဦးစီးဌာနမှ တာဝန်ရှိသူများအနေဖြင့်လည်း ကြိုးပမ်းဆောင်ရွက်နေသည်ကို တွေ့မြင်ခဲ့ရ ❞**

မြန်မာနိုင်ငံတစ်ဝန်းရှိ ကျောင်းသား ကျောင်းသူများ အင်္ဂလိပ်စာအရည်အသွေး တိုးတက်ကောင်းမွန်စေရန် ရည်ရွယ်ပြီး ၂၀၂၄-၂၀၂၅ ပညာသင်နှစ်အတွက် ပညာရေးဝန်ကြီးဌာန၏ ပြဋ္ဌာန်းထားသော အခြေခံပညာသင်ရိုးညွှန်းတမ်းအပေါ် အခြေခံရေးသားထားသည့် အင်္ဂလိပ်ဘာသာရပ်ဆိုင်ရာ သင်ခန်းစာအထောက်အကူပြုလေ့ကျင့်ခန်းများကို ကျောင်းသား ကျောင်းသူများ လေ့လာမှတ်သား လေ့ကျင့်နိုင်ရန် အပတ်စဉ် တနင်္လာနေ့တိုင်း ဖော်ပြပေးလျက်ရှိပါသည်။ ကြေးမုံစာတည်းအဖွဲ့

## Grammar & Writing

(ယခင်တစ်ပတ်က အခြေခံသဒ္ဒါအခေါ်အဝေါ်များကို ဖော်ပြခဲ့ပါတယ်။ ဒီတစ်ပတ်မှာတော့ Noun အမျိုးအစားများကို ဖော်ပြသွားမှာဖြစ်ပါတယ်။)

Lesson 1

## Noun

Noun (နာမ်)

"နာမ်" ဟူသော စကားလုံးသည် လက်တင်ဘာသာစကား "အမည်" မှ ဆင်းသက်လာပြီး "နာမ" ဟု အဓိပ္ပာယ်ရသည်။ နာမ်သည် အရာတစ်ခု၏ အမည်ဖြစ်သည်။ တည်ရှိနေသမျှ အရာအားလုံးကို မြင်နိုင်သည်ဖြစ်စေ မမြင်နိုင်သည်ဖြစ်စေ၊ ထိတွေ့ကိုင်တွယ်၍ရသည်ဖြစ်စေ မရသည်ဖြစ်စေ ၎င်းတွင် နာမည်တစ်ခုတော့ ပါရှိစမြဲပင်ဖြစ်သည်။ မျှော်လင့်ချက်၊ အလှတရား စသည်တို့သည် စိတ်ထဲတွင်သာ ခံစားရနိုင်သည်။ ထိတွေ့ကိုင်တွယ်၍မရ။ သို့သော် ၎င်းတို့သည် အမည်နာမရှိပြီး အဓိပ္ပာယ်ပြည့်စုံသည့်အတွက် "နာမ်" ဟု ခေါ်ဆိုနိုင်သည်။ မည်သည့်စကားလုံးပင်ဖြစ်စေ အဓိပ္ပာယ်မရှိပါက ယင်းစကားလုံးကို "နာမ်" လို့ မခေါ်နိုင်ပေ။

### The Different types of nouns (နာမ်အမျိုးအစားများ)

အဓိကအားဖြင့် နာမ်အမျိုးအစား နှစ်မျိုးရှိသည်။ အများဆိုင်နာမ်နှင့် တစ်ဦးဆိုင်နာမ်တို့ ဖြစ်သည်။

- Common Nouns (အများဆိုင်နာမ်)
  - Abstract nouns (စိတ္တဇနာမ်)
  - Collective nouns (အစုပြနာမ်)
  - Compound nouns (ပေါင်းစပ်နာမ်)
  - Concrete nouns (ဒြပ်ရှိနာမ်)
  - Uncountable nouns (ရေတွက်မရနာမ်)
  - Gender-specific nouns (အထီး၊ အစ်မခွဲခြားပြနာမ်)
  - Verbal nouns (ကြိယာနာမ်)
- Proper Nouns (တစ်ဦးဆိုင်နာမ်)

### Common Nouns (အများဆိုင်နာမ်)

အများဆိုင်နာမ် ဆိုသည်မှာ ကျွန်ုပ်တို့ မြင်နိုင်၊ ကြားနိုင် သို့မဟုတ် ထိတွေ့နိုင်သော နေ့စဉ်အရာများ၏ အမည်များဖြစ်သည်။

ဥပမာ။ ။ ကား၊ လူ၊ တံတား၊ မြို့၊ ရေ၊ သတ္တု၊ စားပွဲ၊ ငှက်ပျောသီး၊ မီးတောင်၊ သီချင်း

### Abstract nouns (စိတ္တဇနာမ်)

စိတ္တဇနာမ် ဆိုသည်မှာ ထိတွေ့၊ ကိုင်တွယ်လို့ မရဘဲ စိတ်နှင့်သာ ခံစားနိုင်သော နာမ်ဖြစ်သည်။ ဥပမာ။ ရဲရင့်မှု၊ ပျော်ရွှင်မှု၊ ချစ်ခြင်းမေတ္တာ၊ လွတ်လပ်မှု

### Collective nouns (အစုပြနာမ်)

အစုပြနာမ် ဆိုသည်မှာ မျိုးတူများကို စုပေါင်းပြီး အစုလိုက်၊ အဖွဲ့လိုက် ဖော်ပြထားသောနာမ်ဖြစ်သည်။ ဥပမာ။ အသင်း၊ အုပ်စု၊ လူအုပ် (လူစုလူဝေး)၊ လူဆိုးဂိုဏ်း

### Compound nouns (ပေါင်းစပ်နာမ်)

ပေါင်းစပ်နာမ် ဆိုသည်မှာ စကားလုံးတစ်လုံး (သို့မဟုတ်) ၎င်းထက်ပိုသော စကားလုံးများ ပေါင်းစပ်ပြီး အခြား အဓိပ္ပာယ်တစ်မျိုး ထွက်ပေါ်လာစေရန် စုဖွဲ့ရေးထားသော နာမ် ဖြစ်သည်။ ဥပမာ။ court-martial (စစ်ခုံရုံး)၊ pickpocket (ခါးပိုက်နှိုက်)၊ water bottle (ရေပုလင်း)

### Concrete nouns (ဒြပ်ရှိနာမ်)

ဒြပ်ရှိနာမ် ဆိုသည်မှာ မြင်နိုင်၊ ကြားနိုင်၊ ထိတွေ့ ကိုင်တွယ် နိုင်သည့် နာမ်ဖြစ်သည်။

ဥပမာ။ သစ်ပင်၊ မိုးတိမ်၊ ရေခဲ၊ မီး

### Uncountable nouns (ရေတွက်မရနာမ်)

ရေတွက်မရနာမ် ဆိုသည်မှာ ရေတွက်လို့မရဘဲ ပမာဏကိုသာ ပြသော ဒြပ်ထုနာမ်ဖြစ်သည်။

ဥပမာ။ အစားအစာ၊ တေးဂီတ

### Gender-specific nouns (အထီး၊ အမခွဲခြားပြနာမ်)

အထီးသဘော၊ အမသဘော ခွဲခြားပြသောနာမ် ဖြစ်သည်။ ဥပမာ။ မြေခွေးထီး၊ မြေခွေးမ၊ ကောင်ကလေး၊ မိန်းကလေး၊ မိန်းမကြီး

### Verbal nouns (ကြိယာနာမ်)

ကြိယာနာမ် ဆိုသည်မှာ ကြိယာတစ်လုံးမှ ဆင်းသက်လာသည့် နာမ်ဖြစ်သည်။ ဥပမာ။ building (အဆောက်အဦ)၊ attack (တိုက်ခိုက်မှု)

(Gerund သည် verbal noun ဖြစ်ပြီး "ing" ဖြင့်အဆုံးသတ်သည်။ ဥပမာ။ ပြေးခြင်း၊ စားခြင်း၊ သွားခြင်း)

***********

### Common nouns for things (အရာဝတ္ထုပစ္စည်းများ)

ruler chair hammer bicycle truth pen table saw ship
crayons sofa axe truck television pencil loyalty drill ferry
fridge book lamp ladder train cooker dictionary carpet bus
computer courage telephone rope laziness printer calculator

### Common nouns for animals (တိရစ္ဆာန်များ)

| animal | its young | animal | its young |
|---|---|---|---|
| dog | puppy | fox | cub |
| cat | kitten | frog | tadpole |
| cow | calf | elephant | calf |
| horse | foal | kangaroo | joey |
| sheep | lamb | bear | cub |
| goat | kid | lion | cub |
| tiger | cub | whale | calf |

### Common nouns for places (နေရာများ)

| | | | | |
|---|---|---|---|---|
| bank | airport | hotel | gas station | library |
| museum | farm | mall | zoo | theater |
| factory | hospital | nursery | school | post office |
| university | police station | office | restaurant | mosque |
| supermarket | park | temple | stadium | shop |
| gym | church | monastery | | pagoda |

### Common nouns for people who do certain things (အလုပ်အကိုင်များ)

| | | | |
|---|---|---|---|
| singer | manager | sailor | gardener |
| dancer | secretary | pilot | police |
| officer | artist | teacher | driver |
| plumber | photographer | doctor | writer |
| farmer | magician | dentist | friend |
| clerk | athlete | lawyer | brother |
| technician | engineer | mechanic | translator |

### Proper Nouns (တစ်ဦးဆိုင်နာမ်)

"Proper" ဟူသော စကားလုံးသည် ပြင်သစ်စကားလုံး "Propre" မှ ဆင်းသက်လာပြီး လူတစ်ဦးတစ်ယောက် (သို့မဟုတ်) အရာဝတ္ထုတစ်ခု၏ ပိုင်ဆိုင်ခြင်းဟု အဓိပ္ပာယ်ရသည်။ တစ်ဦးဆိုင်နာမ်များသည် လူ၊ နေရာနှင့် ရက်သတ္တတစ်ပတ်တာ၏ နေ့ရက်များ၊ လများ၊ စာအုပ်များ (သို့မဟုတ်) တီဗီရှိုးများ၏ ခေါင်းစဉ်များကဲ့သို့သော အထူးအမည်များ ဖြစ်သည်။ တစ်ဦးဆိုင်နာမ်ကို အကြီးစာလုံးဖြင့်သာ ရေးရသည်။

ဥပမာ။ ဦးကျော်၊ ဒေါ်လှ၊ ကုလသမဂ္ဂ၊ မြန်မာနိုင်ငံ၊ ရွှေတိဂုံစေတီတော်၊ ဦးပိန်တံတား

#### လူနာမည်များ

| | | |
|---|---|---|
| Bogyoke Aung San | Mahatma Gandhi | Mr. Joe Biden |
| Harry Potter | David Beckham | Khin Khin |
| Johny Depp | Nelson Mandela | U Kyaw |

#### နေ့ရက်များနှင့် လများ

| days of the week | months of the year | |
|---|---|---|
| Monday | January | July |
| Tuesday | February | August |
| Wednesday | March | September |
| Thursday | April | October |
| Friday | May | November |
| Saturday | June | December |
| Sunday | | |

#### အထူးနေ့ရက်အခါသမယများ

| | |
|---|---|
| New Year's Day | Veterans' Day |
| Mother's Day | Thanksgiving |
| Independence Day | Memorial Day |
| Valentine's Day | May Day |
| Union Day | Peasant Day |
| Martyr's Day | National Day |
| Teachers' Day | Christmas |

#### ကျော်ကြားသော အထင်ကရနေရာများ

| | |
|---|---|
| the Eiffel Tower | the Shwedagon Pagoda |
| the Statue of Liberty | the Golden Gate Bridge |
| the Taj Mahal | the Great Wall of China |

### The difference between common nouns and proper nouns

အများဆိုင်နာမ် နှင့် တစ်ဦးဆိုင်နာမ်များကို အောက်ပါအတိုင်း ခွဲခြားသိမြင်နိုင်ပါသည်။

| Common Nouns (အများဆိုင်နာမ်) | Proper Nouns (တစ်ဦးဆိုင်နာမ်) |
|---|---|
| lady | Helen |
| month | January |
| day | Tuesday |
| country | Japan |
| ocean | the Pacific Ocean |

စာမျက်နှာ ၂၂ သို့ ❖

❖စာမျက်နှာ ၂၀ မှ

**Exercises on common nouns and proper nouns**

**(A) Write each common noun under the correct heading.**

| | | | |
|---|---|---|---|
| theater | lion | father | brother |
| doctor | restaurant | builder | stove |
| elephant | kangaroo | museum | library |

| things | animals | places | people |
|---|---|---|---|
| _____ | _____ | _____ | _____ |
| _____ | _____ | _____ | _____ |
| _____ | _____ | _____ | _____ |

**(B) Underline the common nouns and circle the proper nouns in these sentences.**

1. I told Uncle Zaw about my accident.
2. Kim and Tun Tun wore masks on Halloween.
3. The lawnmower is broken.
4. We're going to the movies tomorrow.
5. The lion is playing with one of its cubs.
6. My sister's favorite soccer player is Messi.
7. I'm watching a videotape about the Sahara Desert.
8. The tourists visited Rome and saw the Colosseum (ပွဲကြည့်စင်).
9. Does this bus go to the stadium?
10. We're reading a story about a boy called Harry Potter.

**(C)Read the following passage containing common nouns and proper nouns. Put a (C) in the box after a common noun and a (P) in the box after a proper noun.**

Mr. Peters _____ lives in Maine _____ in a big house _____ by the sea _____ . He has three cats _____ and a dog _____ . He likes to travel to different countries _____. Last Christmas _____, he went to Paris _____ and saw the Eiffel Tower _____ . He enjoyed eating French food _____in nice restaurants _____.

+++++++++++++++++

Answers: (A)

| things | animals | places | people |
|---|---|---|---|
| stove | elephant | theater | doctor |
| library | lion | restaurant | father |
| | kangaroo | museum | builder |
| | | | brother |

(B) 1. I told (Uncle Zaw) about my accident. 2. (Kim) and (Tun Tun) wore masks on (Halloween). 3. The lawnmower is broken. 4. We're going to the cinema tomorrow. 5. The lion is playing with one of its cubs. 6. My sister's favorite soccer player is (Messi). 7. I'm watching a videotape about (the Sahara Desert). 8. The tourists visited (Rome) and saw (the Colosseum). 9. Does this bus go to the stadium? 10. We're reading a story about a boy called (Harry Potter).

(C) Mr. Peters (P), Maine (P), house (C), sea (C), cats (C), dog (C), countries (C), Christmas (P), Paris (P), the Eiffel Tower (P), French food (P), restaurants (C)

*****************

## Writing

(ယခင်တစ်ပတ်က Sub + Verb to be + Noun (ဖြစ်သည်) ဝါကျရေးနည်းကို ဖော်ပြခဲ့ပါတယ်။ ဒီတစ်ပတ်မှာ Sub + Verb to be + (not) Noun (အငြင်းဝါကျ) ရေးဖွဲ့နည်းကို ဖော်ပြသွားမှာဖြစ်ပါတယ်။)

**Negative sentence (အငြင်းဝါကျရေးဖွဲ့နည်း)**

| | |
|---|---|
| **Sub +** | **Verb to be + (not) + noun** |

I am not/ I 'm not
We are not/ aren't
You are not/ aren't
They are not/ aren't
He is not/ isn't
She is not/ isn't
It is not/ isn't
Ko Ko is not/ isn't
Ma Ma is not/ isn't
Ko Ko and Ma Ma are not/ aren't

e.g. (1) Ko Ko is a student. (ကိုကို ကျောင်းသားတစ်ယောက် ဖြစ်သည်။)
Ko Ko is not/ isn't a student. (ကိုကို ကျောင်းသားတစ်ယောက် မဟုတ်ပါ။)
e.g. (2) They are students. (သူတို့သည် ကျောင်းသားများ ဖြစ်ကြသည်။)
They are not/ aren't students. (သူတို့သည် ကျောင်းသားများ မဟုတ်ကြပါ။)
e.g. (3) Su Su is a nurse. (စုစုသည် သူနာပြုတစ်ယောက် ဖြစ်သည်။)
Su Su is not/ isn't a nurse. (စုစုသည် သူနာပြုတစ်ယောက် မဟုတ်ပါ။)

**Exercise:**

**(A) Change the following sentences into Negative ones.**

1. Ko Ko is a doctor. ________________________.
2. They are pilots. ________________________.
3. Zaw Zaw is a dentist. ________________________.
4. Ko Maung is a gardener. ________________________.
5. Zaw Maung is a translator. ________________________.

**(B) Translate the following sentences into English.**

1. ကိုဇော်သည် အရောင်းစာရေးတစ်ယောက် မဟုတ်ပါ။ (sales clerk)
2. ကိုလင်း စက်ပြင်ဆရာတစ်ယောက် မဟုတ်ပါ။ (mechanic)
3. ဦးလှ ဈေးသည်တစ်ယောက် မဟုတ်ပါ။ (a vendor)
4. သူတို့တွေ ကျွန်တော့်သူငယ်ချင်းတွေ မဟုတ်ပါ။ (my friends)
5. ကျွန်တော်တို့သည် ဆေးလိပ်သောက်သူတွေ မဟုတ်ပါ။ (smokers)
6. သင်တို့သည် ရေကူးသမားများ မဟုတ်ကြပါ။ (swimmers)

Answer:

(A) 1. Ko Ko isn't a doctor. 2. They are not pilots. 3. Zaw Zaw is not a dentist. 4. Ko Maung isn't a gardener. 5. Zaw Maung isn't a translator.

(B) 1. Ko Zaw isn't a sales clerk. 2. Ko Lin is not a mechanic. 3. U Hla is not a vendor. 4. They are not my friends. 5. We are not smokers. 6. You aren't swimmers.

**********************

## Grammar Patterns

(ယခင်တစ်ပတ်က Grade 10 ပြဋ္ဌာန်းစာအုပ်မှ Nouns in Apposition အကြောင်းကို ဖော်ပြခဲ့ပါတယ်။ ဒီတစ်ပတ်မှာတော့ Grade 11 မှ Both…and ဖြင့် ရေးသားနည်းအကြောင်းကို ဖော်ပြသွားမှာ ဖြစ်ပါတယ်။)

### Grade 11 Grammar

**Unit 1: Both ….and / Neither ….nor**

**Both …. and (နှစ်ခုစလုံး)**

- ဝါကျနှစ်ကြောင်းတွင် မတူညီသောပုဒ်များကို both…and ဖြင့်ဆက်ပါ။
- Subject များကို both…and ဖြင့်ဆက်ပါက Verb ကြိယာကို အများကိန်းပုံစံပြောင်းရေးပါ။
- သက်ဆိုင်ရာ Nounနာမ်တို့ကိုလည်း အများကိန်းပုံစံပြောင်းရေးပါ။ မလိုအပ်ပါက မပြောင်းရပါ။

e.g. U Ba is a doctor. U Mya is a doctor.
Both U Ba and U Mya <u>are</u> doctors.
e.g. Ko Lay drives a car. Nyi Lay drives a car.
Both Ko Lay and Nyi Lay <u>drive</u> (two) cars.
e.g. Ma Ma studies her lessons. Ko Ko studies his lessons.
Both Ma Ma and Ko Ko <u>study</u> <u>their</u> lessons.

**Exercise: Join the sentences, using "both … and".**

1. Ko Lay enjoys hiking in the mountains and so does Zaw Gyi.
2. Mi Mi is intelligent. She is also hardworking.
3. The cake is delicious and so is moist.
4. My new phone is not only sleek but also powerful.
5. Father speaks English as well as Chinese fluently.
6. The museum features paintings and sculptures.
7. The restaurant serves vegetarian dishes. It also serves non-vegetarian dishes.
8. The weather was sunny and so is warm.
9. Myanmar is an agro-based country. Vietnam is an agro-based country.
10. Chaungtha is a beautiful beach. Ngwesaung is a beautiful beach.
11. Not only Zaw Zaw but also Moe Moe attends her classes regularly.
12. Ko Ko does his homework and so does Nyi Nyi.
13. The computer makes our life convenient. The telephone also makes our life convenient.
14. Ni Ni is a dutiful daughter, and so is Win Win.
15. He has good table manners. His sister has good table manners.

Ans:

1. Both Ko Lay and Zaw Gyi enjoy hiking in the mountains.
2. Mi Mi is both intelligent and hardworking.
3. The cake is both delicious and moist.
4. My new phone is both sleek and powerful.
5. Father speaks both English and Chinese fluently.
6. The museum features both paintings and sculptures.
7. The restaurant serves both vegetarian and non-vegetarian dishes.
8. The weather was both sunny and warm.
9. Both Myanmar and Vietnam are agro-based countries.
10. Both Chaungtha and Ngwesaung are beautiful beaches.
11. Both Zaw Zaw and Moe Moe attend their classes regularly.
12. Both Ko Ko and Nyi Nyi do their homework.
13. Both the computer and the telephone make our life convenient.
14. Both Ni Ni and Win Win are dutiful daughters.
15. Both he and his sister have good table manners.

(မှတ်ချက်။ အငြင်းဝါကျများဆိုလျှင် Both…and ဖြင့်ဆက်လို့မရပါ။ Neither … nor ဖြင့် ဆက်ရသည်။)

(လာမည့်တစ်ပတ်တွင် Neither … nor ကိုဆက်လက်ဖော်ပြသွားမှာ ဖြစ်ပါတယ်။)

*****************************

အင်္ဂလိပ်ဘာသာရပ်ဆိုင်ရာ ရှင်းလင်းချက်များနှင့် လေ့ကျင့်ခန်းများအပေါ် နားလည်မှုတစ်စုံတစ်ရာမရှိပါက သို့မဟုတ် ယခုထက်ပိုမိုကောင်းမွန်စေရန် အကြံပြုလိုပါက ဆရာဦးအောင်ကျော်ကျော် (၀၉-၄၃၁၅၇၀၇၁)ထံ ဆက်သွယ်မေးမြန်းအကြံပြုနိုင်ပါသည်။

# ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် စံကွက်ရိပ်သိမ်းခြင်းအခမ်းအနား တက်ရောက်ပြီး စိုက်ပျိုးရေးလုပ်ငန်းများနှင့် ရေထိန်းတံခါးတို့အား ကြည့်ရှုစစ်ဆေး

ရန်ကုန် မတ် ၁၇

ရန်ကုန်တိုင်းဒေသကြီး ကွမ်းခြံကုန်းမြို့နယ် အင်္ဂလုံးကျေးရွာတွင် တောင်သူဦးမြင့်ဦး၏ ၂ ဒသမ ၆၄ ဧကတွင် မျိုးစေ့ချကိရိယာဖြင့် ၂၀၂၃ ခုနှစ် ဒီဇင်ဘာ ၁ ရက်က စိုက်ပျိုးခဲ့သည့် မျိုးအမည် GW-11 ရိတ်သိမ်းခြင်းအခမ်းအနားကို ယနေ့နံနက်ပိုင်းက အဆိုပါနေရာတွင် ကျင်းပသည်။

ဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် အစိုးရအဖွဲ့ဝင်များ၊ ဒေသခံတောင်သူများသည် စပါးရိတ်သိမ်းနေမှုကို ကြည့်ရှုအားပေးကြသည်။ ထို့နောက် ရေတိမ်ကျေးရွာ၊ မှော်ဘီကျေးရွာ၊ တော်ကူးအနောက်ကျေးရွာတို့မှ တောင်သူများနှင့် စံကွက်စိုက်ပျိုးသူ တောင်သူဦးမြင့်ဦးတို့က ယခင်ကြဲပက်စိုက်ပျိုးကြရာ တစ်ဧကအထွက်နှုန်း ၇၀ / ၈၀ သာရှိရာ ယခု မျိုးစေ့ချကိရိယာဖြင့် စိုက်ပျိုးခြင်းကြောင့် တစ်ဧကအထွက်နှုန်း ၁၂၄ ဒသမ ၄၉ တင်းထွက်ရှိကြောင်း၊ မျိုးစေ့ချကိရိယာဖြင့် စိုက်ပျိုးစေပြီး လိုအပ်သည်များ ကူညီဆောင်ရွက်ပေးကာ စိုက်ပျိုးစဉ်နှင့် ယခုရိတ်သိမ်းချိန်တွင် လာရောက်ကြည့်ရှုအားပေးသည့် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့ကို အထူးကျေးဇူးတင်ရှိပါကြောင်း ပြောကြားသည်။



ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်က နွေစပါးပြီးပါက မြေကိုအလွတ်မထားဘဲ သီးနှံများ စိုက်ပျိုးရန်၊ မိုးစပါးရာသီတွင်လည်း မျိုးစေ့ချကိရိယာဖြင့် စိုက်ရန်၊ ယခုလို မျိုးစေ့ချကိရိယာဖြင့် စိုက်ခြင်းကြောင့် ရရှိသည့်အကျိုးကျေးဇူးများကို အခြားတောင်သူများအား လက်ဆင့်ကမ်းပြောကြားပေးကြရန်ပြောကြားပြီး တောင်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ဝါးကောက်တောကျေးရွာ တောင်သူဦးခင်မောင်အေး၏ စပါးအခြောက်ခံစက်၊ နွားမွေးမြူထားရှိမှုနှင့် လယ်မြေ ၁၀ ဧကတွင် ရက် ၉၀ မျိုး စပါးစိုက်ပျိုးထားရှိမှုများကို ကြည့်ရှုစစ်ဆေးကြသည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ကွမ်းခြံကုန်းရေထိန်းတံခါးအား လှည့်လည်ကြည့်ရှုစစ်ဆေးရာ တိုင်းဒေသကြီးဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးကျော်နိုင်ဦးက ကော့မှူးမြို့နယ်နှင့် ကွမ်းခြံကုန်းမြို့နယ်ရှိ လယ်မြေဧက ၂၁၄၀၀ ကို ရေထုတ်နုတ်ခြင်း၊ အောင်ရေပေးသွင်းခြင်း၊ ရေထိန်းသိုလှောင်ခြင်းတို့အား ရေထိန်းတံခါးမှအကျိုးပြု ဆောင်ရွက်လျက်ရှိနေမှုများနှင့် ရေထိန်းတံခါးဆိုင်ရာအချက်အလက်များကို ရှင်းလင်းတင်ပြသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ရေပေးမြောင်းမှစိုက်ကွင်းများဆီသို့ ရေစုပ်တင်နေမှုကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို မှာကြားသည်။

ယင်းနောက် ကမာပါကျေးရွာ တောင်သူဦးစိန်မြင့်ပါသုံးဦးတို့၏ စိုက်ဧကေါ်းဧကတွင် ရေဆင်း (၁) နေကြာစပ်မျိုးစိုက်ပျိုးထားရှိမှုများကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး (ပြန်/ဆက်)**

# ကျန်းမာရေးဝန်ကြီးဌာန အထူးကုဆေးကုသရေးအဖွဲ့ ရှမ်းပြည်နယ် ကျိုင်းတုံမြို့သို့ ဒုတိယအကြိမ် ကွင်းဆင်းဆေးကုသမှုများဆောင်ရွက်

နေပြည်တော် မတ် ၁၇

ကျန်းမာရေးဝန်ကြီးဌာနသည် နိုင်ငံသားများ၏ အခြေခံလူမှုစီးပွားဘဝများတိုးတက်စေရန် လူတိုင်းသက်ရှည်ကျန်းမာစွာ နေထိုင်နိုင်စေရေးအတွက် ကျန်းမာရေးစောင့်ရှောက်မှုများ တိုးတက်အောင် ဆောင်ရွက်လျက်ရှိရာ လုပ်ငန်းစဉ်တစ်ရပ်အဖြစ် အထူးကုဘာသာရပ်ဆိုင်ရာကုသမှုများကို ပြည်သူများ လက်လှမ်းမီရရှိနိုင်ရေးအတွက် ရန်ကုန်/ မန္တလေး/ နေပြည်တော်မှ ပါမောက္ခ/အထူးကုဆရာဝန်ကြီးများ ပါဝင်သည့် အထူးကုဆေးကုသရေးအဖွဲ့များဖြင့် တိုင်းဒေသကြီး/ ပြည်နယ်အသီးသီးသို့ ကွင်းဆင်းကုသမှုအစီအစဉ်များ ဆောင်ရွက်လျက်ရှိသည်။

**ဆေးကုသမှုများ ဆောင်ရွက်ပေး**

၂၀၂၄ ခုနှစ် မတ် ၁၅ ရက်မှ ၁၆ ရက်အထိ မန္တလေးပြည်သူ့ဆေးရုံကြီး၊ နေပြည်တော်ပြည်သူ့ဆေးရုံကြီး(ခုတင်-၁၀၀၀)၊ ခုတင်(၅၅၀)ဆံ့ ကလေးဆေးရုံကြီး(မန္တလေး)၊ မျက်စိရောဂါအထူးကုဆေးရုံကြီး(ရန်ကုန်) နှင့် မျက်စိ၊ နား၊ နှာခေါင်း၊ လည်ချောင်း၊ ဦးခေါင်းနှင့် လည်ပင်းခွဲစိတ်အထူးကု ဆေးရုံကြီး (မန္တလေး)တို့မှ ပါမောက္ခ/အထူးကုဆရာဝန်ကြီးများ ပါဝင်သည့် အထူးကုဆေးကုသရေးအဖွဲ့သည် ကျန်းမာရေးဝန်ကြီးဌာန အစီအစဉ်ဖြင့် ရှမ်းပြည်နယ် ကျိုင်းတုံမြို့သို့ သွားရောက်ကာ ပြည်သူ့ဆေးရုံကြီး ကျိုင်းတုံမြို့မှ အထူးကုဆရာဝန်ကြီးများ၊ ကျန်းမာရေးဝန်ထမ်းများနှင့်အတူ ဒေသခံပြည်သူများအား ဆေးကုသမှုများ ဆောင်ရွက်ပေးခဲ့သည်။

အဆိုပါအထူးကုဆေးကုသရေး အစီအစဉ်တွင် ကျိုင်းတုံမြို့ပေါ်သာမက အနီးတစ်ဝိုက်ရှိ မြို့နယ် ၁၃ မြို့နယ်မှ ပြည်သူများ လာရောက်ပြသခဲ့ပြီး နှလုံးရောဂါဆိုင်ရာလူနာ ၈၇ ဦး၊ အစာအိမ်နှင့် အူလမ်းကြောင်းဆိုင်ရာလူနာ ၄၉ ဦး၊ အသည်းဆေးကုသမှုဆိုင်ရာလူနာ ၂၂ ဦး၊ ဆီးချိုနှင့် ဟော်မုန်းဆိုင်ရာ လူနာ ၆၀၊ ဦးနှောက်နှင့် အာရုံကြောဆေးကုသမှုဆိုင်ရာ လူနာ ၂၄ ဦး၊ ဦးနှောက်နှင့် အာရုံကြောခွဲစိတ်ကုသမှုဆိုင်ရာလူနာ ကိုးဦး၊ အထွေထွေရောဂါဆေးပညာ လူနာ ၉၅ ဦး၊ ကင်ဆာရောဂါဆိုင်ရာ လူနာ ရှစ်ဦး၊ အရိုးအကြောအဆစ်ရောဂါဆိုင်ရာ လူနာ ၁၀၂ ဦး၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါဆိုင်ရာ လူနာ ၄၇ ဦး၊ မျက်စိရောဂါဆိုင်ရာလူနာ ၂၂၅ ဦး၊ ကလေးဦးနှောက်နှင့် အာရုံကြောရောဂါ လူနာ ကိုးဦး၊ အခြားကလေးလူနာ ၂၂ ဦး၊ ခွဲစိတ်ရောဂါဆိုင်ရာ လူနာ ၃၆ ဦး၊ အရိုးရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ စိတ်ကျန်းမာရေးဆိုင်ရာနှင့် ကိုယ်အင်္ဂါပြန်လည်သန်စွမ်းရေးဆိုင်ရာလူနာ ၄၃ ဦး စုစုပေါင်းဒေသခံပြည်သူ ၈၃၈ ဦးတို့ကို ကြည့်ရှုကုသမှုပေးခဲ့သည်။



**ဆက်လက်ဆောင်ရွက်မည်**

အဆိုပါလူနာများအနက် နှလုံးပုံရိပ်ဖော်စက်ဖြင့် ကြည့်ရှုခြင်း ၆၂ ဦး၊ အစာအိမ်နှင့် အူလမ်းကြောင်း မှန်ပြောင်းကြည့်ရှုခြင်း ခြောက်ဦး၊ အူမကြီး မှန်ပြောင်းကြည့်ရှုခြင်း နှစ်ဦး၊ နား၊ နှာခေါင်း၊ လည်ချောင်း မှန်ပြောင်းကြည့်ရှုခြင်း ရှစ်ဦး၊ ကွန်ပျူတာဓာတ်မှန်ဖြင့် စစ်ဆေးခြင်း ငါးဦး၊ ဓာတ်မှန်ဖြင့် ရောဂါရှာဖွေခြင်း ၈၇ ဦး၊ ဓာတ်ခွဲစမ်းသပ်ခြင်း ၁၈၄ ဦး၊ သွေးချိုဓာတ် တိုင်းတာခြင်း ၃၄ ဦး၊ Ultrasound ရိုက်ကူးခြင်း ၂၇ ဦး၊ နှလုံးစက်ဖြင့် စစ်ဆေးခြင်း ၁၂၈ ဦးတို့ကို စမ်းသပ်စစ်ဆေးပေးခဲ့ပြီး မျက်စိအတွင်း တိမ်ခွဲစိတ်ကုသမှု ၁၈ ဦး၊ အရိုးရောဂါဆိုင်ရာ ခွဲစိတ်ကုသမှု သုံးဦး၊ အထွေထွေခွဲစိတ်ကုသမှု ငါးဦး၊ သားဖွားမီးယပ်လူနာခွဲစိတ်ကုသမှု သုံးဦးတို့ကို ဆောင်ရွက်ပေးခဲ့သည်။ ထို့ပြင် ဦးနှောက်နှင့် အာရုံကြောခွဲစိတ်ကုသမှုဆိုင်ရာ လူနာ နှစ်ဦး၊ အရိုးအကြောအဆစ်ရောဂါဆိုင်ရာ လူနာ တစ်ဦး၊ မျက်စိရောဂါဆိုင်ရာ လူနာ ခုနစ်ဦးတို့ကို လိုအပ်သော စစ်ဆေးကုသမှုများ ဆက်လက်ဆောင်ရွက်နိုင်ရန် ရန်ကုန်၊ မန္တလေး၊ နေပြည်တော်ရှိ သက်ဆိုင်ရာ ပြည်သူ့ဆေးရုံကြီးများသို့ လွှဲပြောင်းကုသမှု ဆောင်ရွက်ပေးခဲ့သည်။ မျက်စိအတွင်းတိမ်ခွဲစိတ်ကုသမှု အားဖြည့်ဆောင်ရွက်ရန်အတွက် စေလွှတ်ထားသည့် မျက်စိအထူးကု ကွင်းဆင်းဆေးအဖွဲ့သည် မတ် ၂၃ ရက်အထိ ပြည်သူ့ဆေးရုံကြီး-ကျိုင်းတုံမြို့၌ မျက်စိရောဂါလူနာများ ကြည့်ရှုကုသခြင်းနှင့် မျက်စိခွဲစိတ်ကုသမှုများ ဆက်လက်ဆောင်ရွက်မည် ဖြစ်သည်။

အဆိုပါအစီအစဉ်နှင့်အတူ ကျိုင်းတုံမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ Pfizer ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံခြင်းကို ဆောင်ရွက်ခဲ့ရာ စုစုပေါင်းဒေသခံပြည်သူ ၉၁ ဦးတို့ကို ကာကွယ်ဆေးထိုးနှံပေးနိုင်ခဲ့သည်။

ကျိုင်းတုံခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများသည် မတ် ၁၆ ရက်တွင် အထူးကုဆေးကုသရေး အစီအစဉ်ဆောင်ရွက်ရာနေရာသို့ လာရောက်ပြီး ပြသကုသမှုခံယူကြသော လူနာများကို အားပေးစကားပြောကြားကာ မျက်စိခွဲစိတ်ထားသည့်လူနာများကို နေကာမျက်မှန်များ တပ်ဆင်ပေးအပ်ခြင်း၊ ကာကွယ်ဆေးထိုးနှံမှုကို ကြည့်ရှုအားပေးခြင်းနှင့် လာရောက်ပြသသည့် လူနာများကို နေ့လယ်စာအာဟာရများ လှူဒါန်းခြင်းတို့ကို ဆောင်ရွက်ခဲ့ကြသည်။

ရန်ကုန်/မန္တလေး/နေပြည်တော်မှ အထူးကုသမှု (Super specialty) ပါမောက္ခ/ အထူးကု ဆရာဝန်ကြီးများ၏ အထူးကုဆေးကုသရေးအစီအစဉ်များကို ၂၀၂၄ ခုနှစ်အတွင်း အပတ်စဉ် စနေ၊ တနင်္ဂနွေနေ့များ၌ ဆောင်ရွက်လျက်ရှိပြီး ကျိုင်းတုံမြို့ အပါအဝင် (၁၂) ကြိမ် ဆောင်ရွက်ခဲ့ပြီးဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

☆ **ရေဝတီတိုင်းဒေသကြီးမှ**

မြတ်ကြီး၏ရင်ပြင်တော်နှင့် အနီးဝန်းကျင်ရှိ တည်းခိုဆောင်များတွင် အနားယူအပန်းဖြေကြကာ ညနေအေးအေးနှင့် ညချမ်းအချိန်တွင် စေတီတော်ကြီးအားဖူးမြော်ပြီး အဓိဋ္ဌာန်ဝင်ခြင်း၊ ပရိတ်/ပဋ္ဌာန်းဒေသနာတော်များ ရွတ်ဖတ်ပူဇော်ခြင်း၊ ဆီမီး၊ ပန်း၊ ရေချမ်း ကပ်လှူပူဇော်ခြင်း၊ တရားဘာဝနာအားထုတ်ခြင်းနှင့် နံနက်အရုဏ်တက်ချိန်တွင် အရုဏ်ဆွမ်းကပ်၍ ဘုရားဝတ်ပြုခြင်းတို့ကို ပြုလုပ်ကြသည်။

ဆက်လက်ပြီး ဘုရားဖူးဧည့်သည်များသည် ပင်လယ်ကမ်းခြေဒေသ၏ လှပသောသဘာဝတရားကိုကြည့်ရှုခံစားပြီး ကျောက်ဆောင်များပေါ်တွင် အလှဓာတ်ပုံများရိုက်ကူးခြင်း၊ ဟိုင်းကြီးကျွန်းပေါ်ရှိ သမိုင်းဝင်နေရာများနှင့် ဘုရားစေတီပုထိုးများအား သွားရောက်ဖူးမြော်ကြပြီး ငွေတောင်ရေချိုးဆိပ်သို့ သွားရောက်ကာ ရေကူးအပန်းဖြေအနားယူကြကြောင်း သိရသည်။

**လှိုင်မျိုးအောင်(ပြန်/ဆက်)**

■

# နှစ်(၅၀)ပြည့် ရွှေရတု မွန်ပြည်နယ်နေ့အထိမ်းအမှတ် ပြခန်းများ၊ ဒေသထွက်ကုန်နှင့် ရိုးရာအစားအစာအရောင်းပြခန်းများ ဖွင့်ပွဲအခမ်းအနားကျင်းပ

**မော်လမြိုင် မတ် ၁၇**

နှစ်(၅၀)ပြည့် ရွှေရတု မွန်ပြည်နယ်နေ့အထိမ်းအမှတ် ပြခန်းများ၊ ဒေသထွက်ကုန်နှင့် ရိုးရာအစားအစာ အရောင်းပြခန်းများ ဖွင့်ပွဲအခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် မော်လမြိုင်မြို့ သမိန်ဗရမ်းဘက်စုံသုံးကွင်း၌ ကျင်းပရာ မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်း၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ အခြေခံပညာအထက်တန်းကျောင်းများမှ ဘင်ခရာနှင့် ပန်းဖွားအဖွဲ့နှင့် တိုင်းရင်းသားယဉ်ကျေးမှုအကအဖွဲ့များက အကအလှများဖြင့် ဂုဏ်ပြုဖျော်ဖြေတင်ဆက်ခဲ့ကြပြီး ပြည်နယ်ဝန်ကြီးချုပ်က မွန်ပြည်နယ်၏ ဒေသဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းဆောင်ရွက်ချက်များကို တိုင်းရင်းသားပြည်သူများ လေ့လာသိရှိနိုင်စေရန်နှင့် ပြည်နယ်အတွင်းရှိ တိုင်းရင်းသားတို့၏ ရိုးရာဓလေ့ဆိုင်ရာများ၊ တိုင်းရင်းသားရိုးရာအစားအစာများကို ကျယ်ကျယ်ပြန့်ပြန့်သိရှိနိုင်စေရေး ရည်ရွယ်ပြီး နှစ်(၅၀)ပြည့် ရွှေရတု မွန်ပြည်နယ်နေ့အထိမ်းအမှတ် ပြခန်းများ၊ ဒေသထွက်ကုန်နှင့် ရိုးရာအစားအစာအရောင်းပြခန်းများကို ဖွင့်လှစ်ပြသရခြင်းဖြစ်ကြောင်း၊ ပြည်နယ်အနေဖြင့်လည်း ကုန်ထုတ်လုပ်ငန်းများကို တိုးတက်စေရေး အဓိကထား ဆောင်ရွက်လျက်ရှိသည့်အပြင် အသေးစား၊ အငယ်စားနှင့် အလတ်စားလုပ်ငန်း၊ MSME လုပ်ငန်းများကို အားပေးဆောင်ရွက်လျက်ရှိပြီး ကုန်ကြမ်းမှ ကုန်ချောများထုတ်လုပ်ခြင်းဖြင့် ထုတ်ကုန်များရရှိပြီး ပြည်တွင်းစီးပွားရေးတိုးတက်မှုကို အထောက်အကူပြုနိုင်စေရေး ကြိုးပမ်းအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း ပြောကြားသည်။



ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်နှင့် ပြည်နယ်ဝန်ကြီးများက နှစ်(၅၀)ပြည့် ရွှေရတု မွန်ပြည်နယ်နေ့ အထိမ်းအမှတ် ပြခန်းများ၊ ဒေသထွက်ကုန်နှင့် ရိုးရာအစားအစာ အရောင်းပြခန်းများအား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး ပြည်နယ်ဝန်ကြီးချုပ်က ဖွင့်ပွဲအခမ်းအနားတွင် ဂုဏ်ပြုဖျော်ဖြေတင်ဆက်ပေးခဲ့ကြသည့် တိုင်းရင်းသား ယဉ်ကျေးမှုအကအဖွဲ့၊ ဘင်ခရာနှင့် ပန်းဖွားအဖွဲ့တို့အား ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်ကာ အမှတ်တရ စုပေါင်းမှတ်တမ်းဓာတ်ပုံရိုက်ကူး၍ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက လယ်ယာကဏ္ဍကြီးပြခန်း၊ စက်မှုကဏ္ဍကြီးပြခန်း၊ ဝန်ဆောင်မှုကဏ္ဍကြီးပြခန်း၊ ပညာရေးပြခန်း၊ ကျန်းမာရေးပြခန်း၊ အသေးစား၊ အငယ်စား၊ အလတ်စား ထုတ်ကုန်အရောင်းပြခန်း၊ ဒေသထွက်ကုန်နှင့် ရိုးရာအစားအစာအရောင်းပြခန်းများအား လှည့်လည်ကြည့်ရှုအားပေးခဲ့ကြသည်။

နှစ်(၅၀)ပြည့် ရွှေရတု မွန်ပြည်နယ်နေ့ အထိမ်းအမှတ်ပြခန်းများအနေဖြင့် လယ်ယာကဏ္ဍကြီး ၁၁ ခန်း၊ စက်မှုကဏ္ဍကြီး ၁၀ ခန်း၊ ဝန်ဆောင်မှုကဏ္ဍကြီး ၁၀ ခန်း၊ ပညာရေးပြခန်း ရှစ်ခန်း၊ ကျန်းမာရေးပြခန်း ရှစ်ခန်း၊ အသေးစား၊ အငယ်စား၊ အလတ်စား ထုတ်ကုန်အရောင်းပြခန်း ၁၁ ခန်း စုစုပေါင်း ၅၈ ခန်းအပြင် ဒေသတိုင်းရင်းသားရိုးရာအစားအစာ အရောင်းပြခန်းများကို ဒေသခံပြည်သူများ၊ ပုဂ္ဂလိကလုပ်ငန်းရှင်များ ကျယ်ကျယ်ပြန့်ပြန့်သိရှိစေရေး ပြသထားရှိကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

# သန်လျင်မြို့နယ် ဒေးဇတ်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေများ အငှမအကြိမ်မြောက် ထုတ်ချေး

**သန်လျင် မတ် ၁၇**

ရန်ကုန် တိုင်းဒေသကြီး သန်လျင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ အလုပ်အကိုင် အခွင့်အလမ်းရရှိပြီး မိသားစုဝင်ငွေ တိုးပွားလာစေရန်၊ တစ်နိုင်တစ်ပိုင် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ တိုးချဲ့လုပ်ကိုင်နိုင်ရန် ရည်ရွယ်၍ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေများ အငှမအကြိမ်မြောက် ထုတ်ချေးခြင်း အခမ်းအနားကို မတ် ၁၅ ရက် နံနက်ပိုင်းတွင် တာဝန်ရှိသူများက ဒေးဇတ်ကျေးရွာ၌ ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။



ဦးစွာ သန်လျင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မြတ်မြတ်မော်က ဒေးဇတ်ကျေးရွာရှိ ရပ်မိရပ်ဖများ၊ မြစိမ်းရောင် ကျေးရွာစီမံကိန်း အသင်းသူ အသင်းသားများနှင့် တွေ့ဆုံကာ လည်ပတ်ရန်ပုံငွေများ ထုတ်ချေးရခြင်း၏ ရည်ရွယ်ချက်များနှင့် အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံနှင့် ဝန်ထမ်းများက စီမံကိန်း အကြောင်းအရာများ၊ အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးက ကျေးရွာ မြစိမ်းရောင်ကျေးရွာ စီမံကိန်း လုပ်ငန်း အဖွဲ့ဝင်များထံသို့ အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ကျပ် ၄၂ ဒသမ ၅၃ သန်းကို လွှဲပြောင်းပေးအပ်ခဲ့သည်။

**ထုတ်ချေး**

ထို့နောက် မြို့နယ်ဦးစီးမှူးနှင့် မြစိမ်းရောင်ကျေးရွာ စီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက ဒေးဇတ်ကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်း၊ အရောင်းအဝယ်လုပ်ငန်းနှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်း လုပ်ကိုင်မည့် စုစုပေါင်း အသင်းသား အသင်းသူ ၂၂၀ အား အရင်းမပျောက် လည်ပတ်ရန်ပုံငွေ ကျပ် ၄၂ ဒသမ ၅၃ သန်းကို တစ်ဦးချင်းလက်ဝယ် အရောက် အတိုးနှုန်းသက်သာစွာဖြင့် ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

၂၂၂



# တာချီလိတ်မြို့၌ နယ်စပ်ဖြတ်ကျော် မီးခိုးငွေ့များကြောင့် လေထုညစ်ညမ်းမှုဖြစ်ပေါ်

**တာချီလိတ် မတ် ၁၇**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့၌ နယ်စပ်ဖြတ်ကျော် မီးခိုးငွေ့များကြောင့် လေထုညစ်ညမ်းမှုများ ဖြစ်ပေါ်လျက်ရှိရာ သက်ဆိုင်ရာဌာနများပူးပေါင်း၍ ယနေ့မွန်းလွဲ ၃ နာရီတွင် အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်သည်။

တာချီလိတ်မြို့တွင် လေထုညစ်ညမ်းမှုနှင့်ပတ်သက်ပြီး သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှ ကျွမ်းကျင်ပညာရှင်များ၏ ယနေ့နံနက်တိုင်းတာချက်အရ တာချီလိတ်မြို့၏ ဝန်းကျင်လေထု အရည်အသွေးမှာ ခရမ်းရောင်အဆင့်ဖြစ်ပြီး လေထုထဲတွင် လူကို အန္တရာယ်ဖြစ်စေတတ်သော ကာဗွန်မိုနောက်ဆိုက်၊ နိုက်ထရိုဂျင်ဒိုင်အောက်ဆိုက်နှင့် ဆာလဖာဒိုင်အောက်ဆိုက်များ အနည်းငယ်ရောနှောပါဝင်နေ၍ လေထုညစ်ညမ်းမှုဖြစ်ပေါ်နေကြောင်း သိရသည်။

သို့ဖြစ်ပါ၍ သက်ကြီးရွယ်အိုများ၊ ကလေးသူငယ်များ၊ ကိုယ်ဝန်ဆောင်များ၊ အသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါရှိသူများ၊ နှလုံးရောဂါရှိသူများ မလိုအပ်ဘဲ နေအိမ်ပြင်ပသို့ မထွက်ရန်၊ မဖြစ်မနေ အပြင်ထွက်ရန်လိုအပ်ပါက နှာခေါင်းစည်းများ တပ်ဆင်ကြရန်နှင့် မျက်စိစပ်ခြင်း၊ယားယံခြင်းများ ဖြစ်ပေါ်လာပါက လက်ဖြင့်ပွတ်ခြင်းများမပြုလုပ်ဘဲ သန့်စင်သောရေစိုဝတ်ဖြင့် သုတ်ခြင်း၊ သန့်ရှင်းသောရေဖြင့် ဆေးကြောခြင်းပြုလုပ်ရန်၊ အသက်ရှူလမ်းကြောင်းဆိုင်ရာ ဝေဒနာများ ခံစားလာရပါက နီးစပ်ရာဆေးရုံ/ကျန်းမာရေးဌာနများသို့ အမြန်ဆုံးသွားရောက်ကြရန် အကြံပြုအသိပေးနှိုးဆော်ခဲ့သည်။

ယင်းသို့ဆောင်ရွက်ရာတွင် တာချီလိတ်မြို့၏ လူစည်ကားရာ ဗိုလ်ချုပ်လမ်းမကြီးတစ်လျှောက် မီးသတ်ကားများဖြင့် ရေဖျန်းခြင်း၊ မဖြစ်မနေ နှာခေါင်းစည်းများတပ်ဆင်ရန် အသိပညာပေးနှိုးဆော်ခြင်း၊ နှာခေါင်းစည်းများ အခမဲ့ဖြန့်ဝေခြင်း၊ မီးခိုးမြူငွေ့အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းများကို ပူးပေါင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

# မြဝတီမြို့နယ်၌ ယာယီတိုက်ပွဲရှောင်ပြည်သူများအတွက် အခြေခံစားသောက်ကုန်ပစ္စည်း ၃၄ မျိုး ထောက်ပံ့ပေးအပ်

**မြဝတီ မတ် ၁၇**

ကရင်ပြည်နယ် မြဝတီမြို့နယ်အတွင်းရှိ ယာယီတိုက်ပွဲရှောင်ပြည်သူများအတွက် အခြေခံစားသောက်ကုန်ပစ္စည်းများ ထောက်ပံ့ပေးအပ်ပွဲကို ယနေ့နံနက်ပိုင်းတွင် ယာယီစုရပ်စခန်း သုံးခုဖြစ်သည့် အမှတ်(၃)ရပ်ကွက် ဓမ္မရန်အောင်ကျောင်းတိုက်၊ အမှတ်(၄)ရပ်ကွက် မဟာစည်ကျောင်းတိုက်နှင့် အမှတ်(၅)ရပ်ကွက် စနေဆွမ်းလောင်းဓမ္မာရုံတို့၌ ဆောင်ရွက်ခဲ့ကြသည်။

**ထောက်ပံ့ပေးအပ်**

အဆိုပါစုရပ်များရှိ ပြည်သူများအတွက် အခြေခံစားသောက်ကုန်ပစ္စည်းများ ထောက်ပံ့ပေးအပ်ရာတွင် မြဝတီခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးကောင်းစံလင်းနှင့် ခရိုင်စီမံအဖွဲ့ဝင်များ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသက်လွင်၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးကျော်ကျော်ဦးနှင့် အမှတ်(၄)ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးစည်လှိုင်တို့က အိမ်ထောင်စုတစ်စုချင်းအလိုက် အသား၊ ငါး၊ ကြက်ဥ၊ ဟင်းသီးဟင်းရွက်နှင့် အခြေခံ



စားသောက်ကုန်ပစ္စည်းစုစုပေါင်း ၃၄ မျိုးတို့ကို ထောက်ပံ့ပေးအပ်ခဲ့ပြီး အားပေးစကားများ ပြောကြားခဲ့ကြောင်း သိရသည်။

ဇာဖြူဝင်း(ပြန်/ဆက်)

# သဘာဝမှထွက်ရှိသော ကုန်ကြမ်းများကိုအသုံးပြု၍ တစ်ပိုင်တစ်နိုင်စီးပွားရေးလုပ်ငန်းဖြင့် အလုပ်အကိုင်အခွင့်အလမ်းများ ဖော်ဆောင်ပေးလျက်ရှိသည့် "မမွန်မ" ဘလောက်အုတ်လုပ်ငန်း

**တွေ့ဆုံမေးမြန်း-ရွှေမြဝတီ၊ သတင်းဓာတ်ပုံ/ရေးသား - ဇာဖြူဝင်း (ခရိုင်ပြန်/ဆက်)**

ဒေသထွက်ကုန်ကြမ်းများကိုအသုံးပြုကာ တစ်ပိုင်တစ်နိုင်ကိုယ်ပိုင်စီးပွားရေးလုပ်ငန်းဖြင့် အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်း (MSME) များကို အားပေးကူညီပြီး အလုပ်အကိုင်အခွင့်အလမ်းများကို အဓိကထားဖန်တီးဖော်ဆောင်ပေးလျက်ရှိသည့် ကရင်ပြည်နယ် မြဝတီမြို့မှ "မမွန်မ" ဘလောက်အုတ်လုပ်ငန်းမှ ထုတ်လုပ်ဖြန့်ဖြူးနေမှုအခြေအနေကို ပြည်သူများသိရှိစေရန် ဘလောက်အုတ်လုပ်ငန်းရှင် မသင်းသင်းအိနှင့် တွေ့ဆုံမေးမြန်းထားမှုကို တင်ပြလိုက်ပါသည်-

**မေး။** ။ "မမွန်မ" ဘလောက်အုတ်လုပ်ငန်းကို ဘယ်အချိန်ကတည်းက စတင်တည်ထောင်ခဲ့ပါသလဲ။

**ဖြေ။** ။ "မမွန်မ" ဘလောက်အုတ်လုပ်ငန်းကို ၂၀၁၂ ခုနှစ်ကစတင်တည်ထောင်ခဲ့ပါတယ်။

**မေး။** ။ ဘလောက်အုတ်လုပ်ငန်းကို မိဘလက်ထက်ကစတင်ပြီး လက်ဆင့်ကမ်းတည်ထောင်ခဲ့တာလား။

**ဖြေ။** ။ ဘလောက်အုတ်လုပ်ငန်းကို ကိုယ်တိုင်တည်ထောင်ခဲ့တာပါ။ မိသားစုစီးပွားရေးလုပ်ငန်းလည်းဖြစ်ပါတယ်။

**မေး။** ။ ဘလောက်အုတ် ထုတ်လုပ်ထားတဲ့ အမျိုးအစားနဲ့ အရေအတွက်ကိုသိပါရစေ။

**ဖြေ။** ။ ဘလောက်အုတ် ထုတ်လုပ်မှုအနေနဲ့ အမျိုးအစားသုံးမျိုး ထုတ်လုပ်ပါတယ်။ ဘလောက်အုတ်ငယ်ကတော့ အလျား ကိုးလက်မ၊ အနံ လေးလက်မ၊ အမြင့် နှစ်လက်မခွဲ၊ ဘလောက်အုတ်လတ် အလျား ၁၇ လက်မ၊ အနံ ရှစ်လက်မ၊ အမြင့်နှစ်လက်မခွဲနှင့် ဘလောက်အုတ်ကြီး အလျား ၁၇ လက်မ၊ အနံ ရှစ်လက်မ၊ အမြင့် သုံးလက်မခွဲ ရှိပါတယ်။

**မေး။** ။ "မမွန်မ" ဘလောက်အုတ်လုပ်ငန်းမှ တစ်နေ့ ထုတ်လုပ်ထွက်ရှိမှုပမာဏကို ပြောပြပေးပါ။



**ဖြေ။** ။ ဘလောက်အုတ်လုပ်ငန်း တစ်နေ့ ထုတ်လုပ်မှု ပမာဏကတော့ ဘလောက်အုတ်ငယ် အုတ်ချပ်ရေ ၁၀၀၀၀၊ ဘလောက်အုတ်လတ် ၁၅၀၀ နှင့် ဘလောက်အုတ်ကြီး ၁၅၀၀ ထုတ်လုပ်ပါတယ်။

**မေး။** ။ ဘလောက်အုတ်လုပ်ငန်း လည်ပတ်မှုအတွက် ဝန်ထမ်းဦးရေ ဘယ်လောက်ရှိပါသလဲ။ ဝန်ထမ်းတွေရဲ့ နေထိုင်မှု၊ ကျန်းမာရေး ဘယ်လိုစီစဉ်ဆောင်ရွက်ပေးပါသလဲ။

**ဖြေ။** ။ ဝန်ထမ်းဦးရေ အမျိုးသား၊ အမျိုးသမီး စုစုပေါင်း ၃၀ ရှိပါတယ်။ ဝန်ထမ်းတွေရဲ့ နေထိုင်မှုအတွက် တန်းလျားခြောက်ခန်းတွဲ တစ်လုံးနဲ့ လုံးချင်းအိမ် သုံးလုံး၊ ရေ၊ မီးအစုံ စီစဉ်ပေးထား



ပါတယ်။ ကျန်းမာရေး အစစအရာရာစီစဉ်ဆောင်ရွက်ပေးပါတယ်။ နယ်ဝေးက လာရောက်လုပ်ကိုင်တဲ့သူတွေအတွက် ပညာလည်းရ၊ ဝင်ငွေလည်းရတဲ့ Cash for Work ဖြစ်အောင် စီစဉ်ဆောင်ရွက်ပေးပါတယ်။

**မေး။** ။ အလုပ်သမားတွေရဲ့ အခြေခံလစာနဲ့ အမြင့်ဆုံးလစာသတ်မှတ်ချက် ဘယ်လိုဆောင်ရွက်ပေးပါသလဲ၊ အုတ်လုပ်ငန်း နေ့စဉ်ဆောင်ရွက်မှုရှိပါသလား။

**ဖြေ။** ။ အလုပ်သမားတစ်ဦးရဲ့ လုပ်အား တစ်နေ့ အုတ် ၂၀၀၀ ရိုက်နိုင်ရင် အုတ် ၁၀၀၀ ကို ငွေကျပ် ၁၄၀၀၀ ပေးပါတယ်။ အုတ်ချပ်ရေ ၂၀၀၀ အတွက် ငွေကျပ် ၂၈၀၀၀ ပေးရပါတယ်။ အခြေခံလစာကို ပုတ်ပြတ်အနေနဲ့ တစ်လ ရှစ်သိန်းခွဲပေးပါတယ်။ အုတ်ရိုက်လုပ်ငန်း နေ့စဉ်ဆောင်ရွက်ရပါတယ်။ မိုးတွင်းကာလမှာတော့ ရာသီဥတုအခြေအနေအပေါ်မူတည်ပြီး ဆောင်ရွက်ပါတယ်။

**မေး။** ။ ဘလောက်အုတ်လုပ်ငန်း လုပ်ကိုင်ဖြန့်ဖြူးပေးမှုအခြေအနေနဲ့ ရောင်းချပေးမှု ဈေးနှုန်းတွေကိုလည်း သိပါရစေ။

**ဖြေ။** ။ ဖြန့်ဖြူးပေးမှုအနေနဲ့ကတော့ ကရင်ပြည်နယ်နဲ့ မြဝတီမြို့နယ်တွင်း/ပြင် အိမ်တိုင်ရာရောက် လိုက်လံပို့ဆောင်ပေးပါတယ်။ ဘလောက်အုတ်ငယ်တစ်ချပ်ကို ငွေကျပ် ၁၄၀၊ ၁၅၀ နဲ့ ပို့ဆောင်မှု အနီး၊ အဝေးပေါ် မူတည်ပြီး ဈေးနှုန်း အပြောင်းအလဲရှိပါတယ်။ ဘလောက်အုတ်ကြီးတစ်ချပ်ကို ငွေကျပ် ၆၅၀ တန်ဖိုးရှိပါတယ်။ မြို့ပြင်ပို့ဆောင်မှု ဈေးနှုန်း ငွေကျပ် ၆၈၀ ယူပါတယ်။ ဘလောက်အုတ်လတ်ကတော့ မြို့တွင်းရောင်းဈေး ငွေကျပ် ၅၅၀ ဖြစ်ပြီး မြို့ပြင်ပို့ဆောင်မှု ငွေကျပ် ၅၈၀ နဲ့ လက်လီလက်ကား ဖြန့်ဖြူးရောင်းချပေးပါတယ်။

**မေး။** ။ ဘလောက်အုတ်ထုတ်လုပ်ရာမှာ ပါဝင်တဲ့ပစ္စည်းအမျိုးအစား၊ မှာယူရရှိမှုအခြေအနေကိုပြောပြပေးပါဦး။

**ဖြေ။** ။ ဘလောက်အုတ် ထုတ်လုပ်ရာမှာ ဘိလပ်မြေတစ်အိတ်ကို သဲ ၂၄ ပုံး၊ ကျောက်မှုန့် ခြောက်ပုံးနဲ့ ရေတို့ကို သင့်လျော်သော အချိုးအစားအတိုင်း ဖျော်စပ်ပြီး အသုံးပြုရပါတယ်။ သောင်းရင်းမြစ်မှထွက်ရှိတဲ့ သဲကို သဲစက်က မှာယူပါတယ်။ ဘိလပ်မြေကိုတော့ အောင်မင်းသန်း (ဘိလပ်မြေနှင့် အိမ်ဆောက်ပစ္စည်း) ဆိုင်က ဝယ်ယူပါတယ်။ ကျောက်မှုန့်ကို (၂၇၅) ကျောက်စက်မှ ဝယ်ယူအသုံးပြုပါတယ်။

**မေး။** ။ ဘလောက်အုတ် မှာယူအသုံးပြုမှုအခြေအနေသိပါရစေ။ နောက်ထပ် ဘလောက်အုတ်လုပ်ငန်း တိုးချဲ့ဆောင်ရွက်ဖို့ အစီအစဉ်ရှိပါသလား။

**ဖြေ။** ။ လုပ်ငန်းရှင်တွေအနေနဲ့ ဂိုဒေါင်တည်ဆောက် အသုံးပြုဖို့အတွက် ဘလောက်အုတ်သေး၊ ဘလောက်အုတ်လတ် မှာယူတာ များပါတယ်။ အိမ်ဆောက်အသုံးပြုသူတွေကတော့ ဘလောက်အုတ်ငယ်၊ ဘလောက်အုတ်ကြီး မှာယူပါတယ်။ ဆိုင်ခွဲတိုးချဲ့ဖွင့်လှစ်ဖို့ အစီအစဉ်ရှိပါတယ်။ ဝန်ထမ်းဦးရေထပ်တိုးဖို့လည်း စီစဉ်နေပါတယ်။

**မေး။** ။ နိုင်ငံတော်က အသေးစား၊အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်း (MSME) တစ်ပိုင်တစ်နိုင် လုပ်ငန်းဖွံ့ဖြိုးတိုးတက်စေဖို့ ဆောင်ရွက်ပေးလျက်ရှိသလို မိမိဒေသခံပြည်သူတွေ လူမှုစီးပွားဘဝမြင့်မားဖို့အတွက် ဆောင်ရွက်ပေးဖို့ အစီအစဉ်နဲ့ ယနေ့ခေတ်လူငယ်လေးတွေ အားကျအတုယူဖွယ် မိမိကိုယ်တိုင် စီးပွားရေးဖန်တီးဖော်ဆောင်နိုင်မယ့် အားပေးစကားပြောပေးပါဦး။

**ဖြေ။** ။ ကျွန်မကတော့ လူငယ်တွေအနေနဲ့ မိမိလုပ်ကိုင်ဆောင်ရွက်တဲ့ အလုပ်ပေါ်မှာ စေတနာထားလုပ်ကိုင်ဆောင်ရွက်ရင် စေတနာအကျိုး ပြန်လည်ခံစားရမှာဖြစ်ပါတယ်။ ဘယ်လိုလုပ်ငန်းမှာမဆို လုပ်ကိုင်နေတဲ့ဝန်ထမ်းတွေ အားလုံး ကြိုးစားအားထုတ်လုပ်ကိုင်ရင် အလုပ်လက်မဲ့သူ မရှိနိုင်ပါဘူး။ မိသားစုဝင်ငွေတစ်ဖက်တစ်လမ်းမှ ကူညီနိုင်မှာဖြစ်ပါတယ်။ စားဝတ်နေရေး အဆင်ပြေလာရင် လူမှုစီးပွားဘဝလှပသာယာလာမှာဖြစ်ပါတယ်လို့ အားပေးစကားပြောချင်ပါတယ်ရှင်။

နိုင်ငံတော်က ပြည်သူလူထု၏ အလုပ်အကိုင်အခွင့်အလမ်းများ၊ လူမှုစီးပွားဘဝမြှင့်တင်နိုင်ရန် စီးပွားရေးကဏ္ဍဖြင့် အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးဖော်ဆောင်ပေးခြင်းသည် တစ်ဦးချင်းဝင်ငွေမြင့်မားတိုးတက်အောင် အဘက်ဘက်မှဆောင်ရွက်ပေးသကဲ့သို့ ကရင်ပြည်နယ် မြဝတီခရိုင်အတွင်း ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီလအထိ MSME အသင်းဝင်ကတ်ထုတ်ပေးပြီး အသေးစားစီးပွားရေးလုပ်ငန်း ၁၂၄ ခုနှင့် အလတ်စားစီးပွားရေးလုပ်ငန်း ၁၅ ခု စုစုပေါင်း ၁၃၉ ခုရှိကြောင်း ခရိုင်စက်မှုကြီးကြပ်ရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်အေးအေးမာထံမှ သိရသည်။ ။



# အိုဆာဆူနာကိုအနိုင်ရပြီး လာလီဂါဇယားထိပ်မှာ ၁၀ မှတ်ဖြတ် ဦးဆောင်နိုင်ခဲ့တဲ့ ရီးယဲလ်မက်ဒရစ်



ရီးယဲလ်မက်ဒရစ်အသင်းဟာ စပိန်လာလီဂါပွဲစဉ်(၂၉) အဖြစ် မတ် ၁၆ ရက်ညပိုင်းက ယှဉ်ပြိုင်ကစားခဲ့တဲ့ အိုဆာဆူနာအသင်းနဲ့ ပွဲစဉ်မှာ လေးဂိုး-နှစ်ဂိုးနဲ့ အနိုင်ရရှိခဲ့တာကြောင့် အမှတ်ပေးဇယားထိပ်ဆုံးမှာ ၁၀ မှတ်ဖြတ်ကာ ဆက်လက်ဦးဆောင်ခွင့် ရရှိခဲ့ပါတယ်။

**သွင်းယူပေးခဲ့**

အဲဒီပွဲစဉ်မှာ ရီးယဲလ်မက်ဒရစ်အသင်းအတွက် သွင်းဂိုးတွေကို ပွဲကစားချိန် လေးမိနစ်နဲ့ ၆၄ မိနစ်တို့မှာ ဗီနီစီးယပ်ဂျူနီယာက နှစ်ဂိုး၊ ၁၈ မိနစ်မှာ ကာဗာဂျယ်က တစ်ဂိုးနဲ့ ၆၁ မိနစ်မှာ ဒိုင်ယက်ဇ်က တစ်ဂိုးသွင်းယူပေးခဲ့ပြီး အိုဆာဆူနာအသင်းအတွက် သွင်းဂိုးတွေကိုတော့ ခုနစ်မိနစ်မှာ ဘူဒီမာက တစ်ဂိုးနဲ့ သာမန်ပွဲကစားချိန် မိနစ် ၉၀ ပြည့်ပြီး နာကျင်အချိန်ပို တစ်မိနစ်မှာ မူနေ့ဇ်က တစ်ဂိုးသွင်းယူပေးခဲ့တာဖြစ်ပါတယ်။

အခုပွဲစဉ်မှာ ရီးယဲလ်မက်ဒရစ်အသင်းနဲ့အတူ သွင်းဂိုး နှစ်ဂိုးသွင်းယူပေးခဲ့တဲ့ ဗီနီစီးယပ်ဂျူနီယာဟာ အိုဆာဆူနာအသင်းနဲ့ ယှဉ်ပြိုင်ကစားခဲ့တဲ့ လာလီဂါပွဲစဉ် ကိုးပွဲမှာ ရီးယဲလ်မက်ဒရစ်အသင်းအတွက် သွင်းဂိုး ငါးဂိုးထိ သွင်းယူနိုင်ခဲ့ပြီလည်းဖြစ်ပါတယ်။

**နီးစပ်လာ**

လက်ရှိအချိန်မှာ ရီးယဲလ်မက်ဒရစ် အသင်းအနေနဲ့ အမှတ်ပေးဇယားဒုတိယနေရာက ဂျီရိုနာအသင်းကို ၁၀ မှတ်ဖြတ်ကာ ဦးဆောင်နိုင်ခဲ့ပြီဖြစ်တာမို့ နည်းပြ အန်ဆယ်လော့တီ လက်ထက် ဒုတိယမြောက် လာလီဂါ ချန်ပီယံဆုဖလားကို ရရှိမည့်အခွင့်အရေးနဲ့ နီးစပ်လာခဲ့ပြီး အခုနိုင်ပွဲဟာလည်း နည်းပြ အန်ဆယ်လော့တီ လက်ထက် ပြိုင်ပွဲအရပ်ရပ် နိုင်ပွဲ ၂၀၀ ပြည့်မြောက်တဲ့ ပွဲစဉ်လည်းဖြစ်ပါတယ်။

ရီးယဲလ်မက်ဒရစ်အသင်းဟာ စပိန်လာလီဂါ အမှတ်ပေးဇယားမှာ ထိပ်ဆုံးက ဦးဆောင်နေတဲ့အပြင် ချန်ပီယံလိဂ်ပြိုင်ပွဲမှာလည်း ကွာတားဖိုင်နယ်အဆင့်အထိ တက်လှမ်းခွင့်ရရှိထားတာဖြစ်ပြီး ကွာတားဖိုင်နယ်မှာ လက်ရှိချန်ပီယံ မန်စီးတီးအသင်းနဲ့ ယှဉ်ပြိုင်ကစားရမှာလည်းဖြစ်ပါတယ်။

## ဘောလုံးလောက သတင်းတိုများ

- မန်စီးတီးအသင်းဟာ အသက် ၃၀ အရွယ်ရှိ ဘရာဇီးဂိုးသမား အီဒါဆန်အား စာချုပ်သစ်တစ်ရပ်ထပ်တိုးချုပ်ဆိုရန် ဆွေးနွေးမှုတွေပြုလုပ်ဖို့ ဆန္ဒရှိနေတယ်လို့ သိရပါတယ်။
- နယူးကာဆယ်အသင်းနဲ့ ချယ်လ်ဆီးအသင်းတို့ဟာ နွေရာသီဈေးကွက်အတွင်း လိုင်ယွန်အသင်းမှ အသက် ၂၀ အရွယ်ရှိ ပြင်သစ်တောင်ပံကစားသမား ရာယန်ချာကီအား စာချုပ်ချုပ်ဆိုခေါ်ယူရေး အပြိုင်ကြိုးပမ်းလျက်ရှိတယ်လို့ သိရပါတယ်။
- လီဗာပူးအသင်းက ဂျာမနီကွင်းလယ်ကစားသမား ဂျာမယ်မူစီယာလာကို ခေါ်ယူရေး ချိတ်ဆက်မှုတွေ ပြုလုပ်လျက်ရှိပေမယ့် ဘိုင်ယန်မြူးနစ်အသင်းကတော့ မူစီယာလာအား ရောင်းချသွားဖို့ မရှိဘူးလို့ သိရပါတယ်။
- မန်စီးတီးအသင်းဟာ နယူးကာဆယ်အသင်းမှ အသက် ၂၆ နှစ်အရွယ်ရှိ ဘရာဇီးကွင်းလယ်ကစားသမား ဘရူနိုဂွီမာရေ့စ်အား ခေါ်ယူရန် ပြင်ဆင်လျက်ရှိတယ်လို့ သိရပါတယ်။
- ချယ်လ်ဆီးအသင်းဟာ ပီအက်စ်ဂျီအသင်းနဲ့ ရီးယဲလ်မက်ဒရစ်အသင်းတို့က ခေါ်ယူဖို့ ပစ်မှတ်ထားနေတဲ့ လိုင်လီအသင်းမှ အသက် ၁၈ နှစ်အရွယ်ရှိ ပြင်သစ်နောက်တန်းကစားသမား လီနိုင်းယိုရိုအား ခေါ်ယူရန် စိတ်ဝင်စားလျက်ရှိတယ်လို့ သိရပါတယ်။
- မန်စီးတီးအသင်းဟာ အသက် ၁၉ နှစ်အရွယ်ရှိ ဘရာဇီးတောင်ပံကစားသမား ဆာဗီယိုအား စာချုပ်ချုပ်ဆိုခေါ်ယူရန် သဘောတူညီမှုရရှိထားပြီဖြစ်ကြောင်း သိရပါတယ်။
- မန်ယူအသင်းဟာ အသက် ၂၃ နှစ်အရွယ်ရှိ အင်္ဂလန်တောင်ပံကစားသမား ဂျာဒန်ဆန်ချိုအား ရောင်းချဖြစ်ခဲ့ပါက ပေါင်သန်း ၄၀ မှ သန်း ၅၀ အထိရရှိရန် မျှော်လင့်ထားတယ်လို့ ပြောကြားခဲ့ပါတယ်။



# ဘာနာဒိုဆေးလ်ဗားရဲ့ သွင်းဂိုးနှစ်ဂိုးနဲ့ နယူးကာဆယ်ကို အနိုင်ရပြီး မန်စီးတီးအသင်း အက်ဖ်အေဖလားဆီမီးဖိုင်နယ်အဆင့် တက်လှမ်း

မန်စီးတီးအသင်းနဲ့ နယူးကာဆယ်အသင်းတို့ မတ် ၁၇ ရက်နံနက်ပိုင်းက ယှဉ်ပြိုင်ကစားခဲ့တဲ့ အက်ဖ်အေဖလားကွာတားဖိုင်နယ်အဆင့်ပွဲစဉ်မှာ မန်စီးတီးအသင်းက နယူးကာဆယ်အသင်းကို ဘာနာဒိုဆေးလ်ဗားရဲ့သွင်းဂိုးနှစ်ဂိုးနဲ့ အနိုင်ရရှိခဲ့တာကြောင့် အက်ဖ်အေဖလားဆီမီးဖိုင်နယ်အဆင့်ကို တက်လှမ်းခွင့်ရရှိခဲ့ပြီဖြစ်ပါတယ်။

**သွင်းယူပေးခဲ့**

အဲဒီပွဲစဉ်မှာ မန်စီးတီးအသင်းအတွက် သွင်းဂိုးတွေကို ပထမပိုင်းပွဲကစားချိန် ၁၃ မိနစ်နဲ့ ၃၁ မိနစ်တို့မှာ ဘာနာဒိုဆေးလ်ဗားက သွင်းယူပေးခဲ့တာဖြစ်ပါတယ်။

နည်းပြဂွာဒီယိုလာရဲ့ မန်စီးတီးအသင်းဟာ ပြီးခဲ့တဲ့ ဘောလုံးရာသီက ချန်ပီယံလိဂ်ဖလား၊ ပရီမီယာလိဂ်ဖလားနဲ့ အက်ဖ်အေဖလားတို့ကို ရယူဆွတ်ခူးနိုင်ခဲ့တာကြောင့် အသင်းရဲ့သမိုင်းတစ်လျှောက် တစ်ရာသီအတွင်း ဆုဖလားသုံးလုံးကို ရယူဆွတ်ခူးနိုင်ခဲ့တဲ့ မှတ်တမ်းကောင်းတစ်ရပ်ကိုလည်း ပိုင်ဆိုင်ခဲ့တာဖြစ်ပါတယ်။

လက်ရှိအချိန်မှာလည်း ချန်ပီယံလိဂ်ဖလား၊ ပရီမီယာလိဂ်ဖလားနဲ့ အက်ဖ်အေဖလားတို့ကို ရယူဆွတ်ခူးနိုင်မယ့် လမ်းကြောင်းပေါ်မှာပဲ ရှိနေဆဲဖြစ်ပါတယ်။ မန်စီးတီးအသင်းဟာ နယူးကာဆယ်အသင်းကို အနိုင်ရရှိကာ အက်ဖ်အေဖလားဆီမီးဖိုင်နယ်အဆင့်ကို တက်လှမ်းခွင့်ရရှိခဲ့ပြီဖြစ်တာကြောင့် အက်ဖ်အေဖလား ဆီမီးဖိုင်နယ်အဆင့်ကို ခြောက်ရာသီဆက်တိုက် တက်လှမ်းခွင့်ရရှိခဲ့တဲ့ ပထမဆုံးအသင်းအဖြစ်လည်း မှတ်တမ်းဝင်ခဲ့တာဖြစ်ပါတယ်။

နယူးကာဆယ်အသင်းကတော့ အက်ဖ်အေဖလားကွာတားဖိုင်နယ်အဆင့်မှာ မန်စီးတီးအသင်းကို ရှုံးနိမ့်ခဲ့တာကြောင့် ပြိုင်ပွဲကနေ ထွက်ခဲ့ရတဲ့အပြင် ပရီမီယာလိဂ်ပြိုင်ပွဲမှာလည်း အမှတ်ပေးဇယားအဆင့်(၁၀)နေရာမှာ ရပ်တည်နေတာကြောင့် လာမယ့်ဘောလုံးရာသီ ဥရောပဝင်ခွင့်ရရှိရေးအတွက် ရုန်းကန်နေရတာလည်းဖြစ်ပါတယ်။

# လက်စတာအသင်းကိုအနိုင်ရပြီး အက်ဖ်အေဖလား ဆီမီးဖိုင်နယ် တက်လှမ်းခွင့်ရရှိခဲ့ပြီဖြစ်တဲ့ ချယ်လ်ဆီး

ချယ်လ်ဆီးအသင်းနဲ့ လက်စတာစီးတီးအသင်းတို့ မတ် ၁၇ ရက်ညပိုင်းက ယှဉ်ပြိုင်ကစားခဲ့တဲ့ အက်ဖ်အေဖလားကွာတားဖိုင်နယ်အဆင့်ပွဲစဉ်မှာ ချယ်လ်ဆီးအသင်းက လက်စတာစီးတီးအသင်းကို လေးဂိုး-နှစ်ဂိုးနဲ့ အနိုင်ရရှိခဲ့တာကြောင့် အက်ဖ်အေဖလားဆီမီးဖိုင်နယ်အဆင့်ကို တက်လှမ်းခွင့်ရရှိခဲ့ပြီဖြစ်ပါတယ်။

အဲဒီပွဲစဉ်မှာ ချယ်လ်ဆီးအသင်းအတွက်သွင်းဂိုးတွေကို ပွဲကစားချိန် ၁၃ မိနစ်မှာ ကူကူရယ်လာ၊ ၄၅ မိနစ်မှာ ပယ်လ်မာ၊ သာမန်ပွဲကစားချိန် မိနစ် ၉၀ အပြီး နာကျင်အချိန်ပို နှစ်မိနစ်မှာ ချူကွေမီကာနဲ့ ၉၈ မိနစ်မှာ မာဒူကီတို့က သွင်းယူပေးခဲ့တာဖြစ်ပြီး လက်စတာစီးတီးအသင်းအတွက် သွင်းဂိုးတွေကိုတော့ ၅၁ မိနစ်မှာ ဒီဆာဆီရဲ့ ကိုယ့်ဂိုးကိုယ်သွင်းမိသလိုဖြစ်ခဲ့တဲ့သွင်းဂိုးနဲ့ ၆၂ မိနစ်မှာ မာဗီဒီဒီတို့က သွင်းယူပေးခဲ့တာဖြစ်ပါတယ်။

ချယ်လ်ဆီးအသင်းဟာ အခုပွဲစဉ်မှာ လက်စတာစီးတီးအသင်းကို ငါးဂိုးအထိ ရရှိနိုင်မယ့်အခွင့်အရေးရရှိခဲ့ပေမယ့် ပွဲကစားချိန် ၂၆ မိနစ်မှာ ရရှိခဲ့တဲ့ ပင်နယ်တီသွင်းဂိုးကို စတာလင်က ဂိုးအဖြစ်မပြောင်းလဲနိုင်ခဲ့တာကြောင့် အခွင့်အရေးတစ်ရပ် ဆုံးရှုံးခဲ့ရတာဖြစ်ပါတယ်။ လာမယ့်ဘောလုံးရာသီမှာ ပရီမီယာလိဂ်ကို တန်းတက်လာဖို့ ရာခိုင်နှုန်းများနေတဲ့ လက်စတာစီးတီးအသင်းဟာ ချယ်လ်ဆီးအသင်းကို ရှုံးနိမ့်ခဲ့တာကြောင့် အက်ဖ်အေဖလားပြိုင်ပွဲကို လက်ပြနှုတ်ဆက်ခဲ့ရပြီး ချယ်လ်ဆီးအသင်းကတော့ ၂၀၁၈ ခုနှစ်နောက်ပိုင်း အက်ဖ်အေဖလားကို ပထမဆုံးအကြိမ် ပြန်လည်ဆွတ်ခူးနိုင်ဖို့ မျှော်လင့်ချက်ရှင်သန်လာခဲ့ပြီလည်းဖြစ်ပါတယ်။



ငွေကြေယ် - ရေးသားသည်

ကြေးမုံသတင်းစာ စာဖတ်ပရိသတ်များ စာပေရသစုံ ခံစားဖတ်ရှုနိုင်ရန်အတွက် အခန်းဆက်ဝတ္ထုရှည်ကဏ္ဍကို ဖော်ပြပေးလျက်ရှိရာ စာရေးဆရာ နွမ်ဂျာသိုင်း၏ "တစ်ခါတုန်းက တက္ကသိုလ်မှာ" အခန်းဆက်ဝတ္ထုရှည်ကို အပတ်စဉ် တနင်္လာနေ့၊ ဗုဒ္ဓဟူးနေ့နှင့် သောကြာနေ့တို့တွင် ဖော်ပြပေးသွားမည်ဖြစ်ပါသည်။




၁၃-၃-၂၀၂၄ ရက်မှအဆက်

ပေါ်ဦးက ပြောပြောဆိုဆို သူ့ခေါင်းအုံးအောက်မှ တစ်ဆယ်တန်တစ်ရွက်နှင့် ငါးကျပ်တန်တစ်ရွက် ထုတ်ပေး၏။ ကျွန်တော်ကလည်း ရယ်ရင်းနှင့် တစ်ဆယ့်ငါးကျပ် လှမ်းပေးလိုက်၏။

"ဒါဖြင့် ငါသွားမယ်၊ စီစဉ်စရာလေးတွေ ရှိသေးတယ်"

ကျွန်တော်တို့နှစ်ယောက် ခေါင်းညိတ်ပြလိုက်သည်။ ကျော်ညွန့် ကုလားထိုင်ပေါ်ကထ၍ အခန်းဝသို့ အလှည့်လိုက်၊ ပေါ်ဦးက အသံပြဲကြီးဖြင့် ထအော်၏။

"ပေါ်ဦးတို့ အိုရချည်သေးရဲ့ . . . ဟေ့"

ချက်ချင်းပင် ဘေးခန်းမှ အသံတစ်သံ ပေါ်လာသည်။

"အေးဟေ့ . . . ပြီးရင် နာရဦးမယ်၊ သေရ ဦးမယ်"

ပေါ်ဦးမျက်နှာ ရှုံ့မဲ့သွား၏။

သို့သော် သည်တုန်းက အမှတ်မထင်မှုသာ . . .။

* * *

( ၂ )

ဂျိုင်းခနဲ ချိုင့်ထဲ ကားကျသံနှင့်အတူ ဖုန်လုံးများ ကားအတွင်းသို့ လုံး၍ဝင်လာသည်။

"ဟင်း ... ဟဲ..." နှင့် တစ်ကားလုံး ဆူညံသွားပြီး နှာခေါင်းကို လက်ကိုင်ပဝါနှင့် ပိတ်သူပိတ်၊ လက်ဖြင့် ကာသူကာနှင့် ရှုပ်ကုန်၏။

"ရှေ့ကားနဲ့ နည်းနည်းခွာမောင်းဗျို့"

ကားထဲမှ အသံများထွက်လာသည်။ ကားဆရာက အရှိန်သတ်လိုက်မှ လုံးဝင်လာသောဖုန်များ နည်းသွား၏။

"အမေရေ . . . ကယ်ပါဦးဗျို့၊ ဟောဒီကိုကျော်ညွန့်က ဓာတုဗေဒက ဓာတုကလျာလေးတွေနဲ့ တွေ့ရမယ်ဆိုလို့ လိုက်လာတာ။ ခုတော့ ဒီ . . . ဖ အဲ . . . ဖုန်တွေနဲ့ လာတိုးနေပြီဗျ"

ပေါ်ဦးက ထအော်သည်။ ဖုန်ကို ဖုတ်ဟု မှားမည်ပြုသော သူ့အမှားကို ရိပ်မိလိုက်သဖြင့် တစ်ကားလုံး ပွဲကျသွား၏။ တစ်ဖက်ခြမ်းမှ မိန်းကလေးများကမူ မျက်နှာအုပ်၍ ရယ်နေကြသည်။

တညင်းကုန်းအုတ်စက်လွန်ကတည်းက ချိုင့်များ၊ ဖုန်များဒဏ်ကို အလူးအလဲခံနေရသည်။

အားလုံးကတော့ သည်မျှဆိုးရွားသောလမ်းခရီးကြောင့် စိတ်ညစ်နေမည်လားမသိသော်လည်း ကျွန်တော်ကတော့ စိတ်ညစ်ချိန်မရတော့။

တစ်ကားလုံး သမ္မန်စီးသကဲ့သို့ အလူးအလိမ့် ဖြစ်နေခြင်းများသည် ၎င်းဖုန်မှုန့်များကြောင့် မွန်းကျပ်နေခြင်းကိုလည်းကောင်း ကျွန်တော် သတိမပြုမိတော့။

ကျွန်တော့်အာရုံသည် မိန်းကလေးများထိုင်သည့်ဘက် ရှေ့ဆုံးတန်းမှ အဝါရောင်ကောင်မလေးဆီ ရောက်နေသောကြောင့်ပင်။

သည်ရောဂါသည် မနက်က မန္တလေးဆောင်ရှေ့မှ စထွက်သည်က အစပြုခဲ့သည်။

ကျော်ညွန့်က သည်ခရီးကို ကမကထပြု၍ ဖန်တီးကြသောအဖွဲ့တွင်ပါသဖြင့် လှုနိုင်ဖြစ်သော ကျွန်တော်တို့ကိုခေါ်၍ လုပ်စရာရှိသည်များ ဝိုင်းလုပ်ခိုင်းသည်။

သူရှည်သဖြင့် ပေါ်ဦးကလည်း သူ့လက်စွဲတော် အကော်ဒီယံကြီး မခဲ့ကာ ဟိုကျရင် အများပရိသတ်ကို နှိပ်စက်တော့မည်ဖြစ်သော ဖိုးဆိုချင်၊ မယ်ဆိုချင်တို့နှင့် မန္တလေးဆောင်ထဲတွင် အလုပ်ရှုပ်နေသည်။

ကျွန်တော်ကတော့ ကျော်ညွန့်တို့အဖွဲ့နှင့်တွဲ၍ ဒံပေါက်ထုပ်များ ကားပေါ်တင်ခြင်း၊ ဘိလပ်ရည်ပုလင်းများကို အိုးကြီးများတွင် ရေခဲစိမ်ရင်းနှင့် ကောင်းကောင်း အညှဉ်းခံနေရသည်။

သူတို့အဖွဲ့နှင့် တွဲ၍လုပ်နေရသဖြင့် သူတို့ဆီတွင် ရေပန်းစားနေသော နာမည်လေးတစ်ခုနှင့် ရင်းနှီးသွားသည်။ သူတို့မှာလည်း ဒီကိစ္စအတွက် ဧရာမပြဿနာ။

"ခင်ခင်လေး လိုက်ဖြစ်မှာ သေချာရဲ့လားကွ"

တစ်ယောက်၏အမေးကို စာရင်းစာရွက်များပါသည့် လွယ်အိတ်လွယ်ထားသောပုဂ္ဂိုလ်က ပြန်ဖြေသည်။

"သေချာပါတယ်ဆိုကွာ၊ ငါ လက်မှတ်ရောင်းတာပါဆိုမှ"

"ခုထိ မလာသေးလို့"

"လာမှာပါ၊ ငါလိုက်မှာမို့ သေချာပြင်ဆင်နေလို့ပါ"

ကျွန်တော်က သူတို့စကားများကို ရယ်၍ နားထောင်နေမိသည်။

"ထို့ . . . နင်တို့ တူသလား၊ တန်သလား ကျော်ကျော်မြင့်။ အဲဒါလေးက မင်းကြိုက်စိုးကြိုက်၊ မင်းတို့လိုကာလသားတွေနဲ့ လားလားမှမထိုက်။ သူအခု ပြင်နေတာက ငါ့ဖို့ကွ"

"ဟုတ်တယ် ကျော်ကျော်မြင့်ရ၊ သူက မင်းကြိုက်စိုးကြိုက် အောင်မြင့်လိုမင်းမျိုးနဲ့မှထိုက်တာ။ အောင်မြင့်က သီပေါမျိုး၊ တသီလုံးပေါနေတဲ့ အမျိုး"

"ဘယ်ကဟုတ်ရမှာလဲကွ၊ နိပါတ်တော်ထဲက ခွေးမင်း"

ပါးစပ်ကပြော၊ လက်ကလုပ်နှင့် ဝေစုမတည့်ဖြစ်နေကြသော လူစုသည် ခဏအကြာတွင် တစ်ပြိုင်တည်း အသံတစ်သံကို ထုတ်လွှတ်လိုက်၏။

"ဟော . . ."

အားလုံး၏ မျက်လုံးမူရာအရပ်သို့ လှမ်းကြည့်လိုက်သောအခါ ဆီဒင်ကားအနီလေးတစ်စီး။

"လာပါပြီ၊ လာပါပြီ။ မောင့်မဟေသီ၊ ဒေဝီထိပ်ခေါင် ခင်ခင်လေး"

"ဟေ့ကောင်တွေ ကိုယ့်အလုပ်ကိုယ် လုပ်ကွာ။ ပုံမှန်အနေအထားအတိုင်းပဲနေ၊ သိပ်မလှုပ်နဲ့ မျက်စိရှုပ်တယ်"

ကျော်ညွန့်က မနေနိုင်မထိုင်နိုင် လက်ကုတ်၍ -

"ဟေ့ကောင် ထွန်းဝေ၊ ကားပေါ်က ဆင်းရင် သေသေချာချာကြည့်၊ သိပ်မိတယ်။ တို့ကယ်မက်စတြီမေဂျာမှာတော့ ဖလားပဲ၊ ခင်ခင်လေးတဲ့"

သူ့အညွှန်းကို အမြင်ကတ်လာသဖြင့်-

"သွားစမ်းပါ၊ ကောင်မလေးလှလှလေးတွေ တို့မြန်မာစာမှာ ဘယ်အမိုက်ပုံလိုက်ကောက်ကောက်ရတယ်၊ ပေါလွန်းလို့"

ပြောမည့်သာ ပြောလိုက်သော်လည်း လူပျိုတို့ဝတ္တရား၊ သမိုင်းပေးတာဝန်အရ သူတို့ကြည့်နေရာသို့ အမှတ်တမဲ့ လှမ်းကြည့်လိုက်သည်။

ကားလေးသည် မန္တလေးဆောင် ဆင်ဝင်အောက်တွင် ရပ်သွား၏။

ကားနောက်ခန်းတံခါးလေး ဖျတ်ခနဲ ပွင့်သွားသည်။

ဦးဆုံးတွေ့လိုက်ရသည်က ကားထဲမှကျလာသော ခြေထောက်လေးတစ်ဖက်၊ အဝါနုရောင် တစ်လက်မခွဲဒေါက်မြင့်ဖိနပ်လေးနှင့် အဝါနုရောင် ဇာပွင့်လုံချည်လေး။ ပြီးတော့ သည်နှစ်ခုစပ်ကြားမှ နံ့သာပန်းနုရောင် ခြေဖနောင့်လေး တစ်ဖက်။

စက္ကန့်ပိုင်းမျှရှိသော သည်အချိန်လေးတွင် ကျွန်တော်မှတ်မိသော အချက်ပေါင်းမြောက်မြားစွာ ရှိသွား၏။

နု၍အိနေသော ခြေဖမိုးသားမွမွလေး။

ပြေ၍သွယ်သော ခြေထောက်အလှ၊ ပန်းနုရောင် ပုလဲဆိုးဆေးဖြင့် ကြည်လင်ဖြူသန့်နေသော ခြေသည်းလေးများ။ သည်ခြေသည်းများသည် ပိုင်ရှင်က တယုတယမွေးမြူထားဟန် ညီညာပြေပြစ်လျက် အလောတော်မျှ ရှည်သည်။

ခြေထောက်လေးတစ်ဖက်ကို သည်လောက် အမွှမ်းတင်ရသလား၊ အပြစ်တင်မစောစေချင်ပါ။

ကမ္ဘာပေါ်မှ အရုပ်အဆိုးဆုံးပစ္စည်းမှာ ခြေထောက်ဖြစ်၏။

မိန်းမလှလေးတော်တော်များများ၏ ခြေထောက်လေးများကို ဂရုတစိုက် ကြည့်ကြည့်ပါ။ အများအားဖြင့် သူတို့၏ မျက်နှာ၊ ကိုယ်လုံးကိုယ်ပေါက်ကိုမျှ အားမနာဘဲ ခြေထောက်သည် ထော်လော်ကန့်လန့် လိုက်ဖျက်၏။

အဖုများ၊ အထစ်များ ပါတတ်သည်။ အကြောများ ထင်းထင်းပေါ်နေတတ်သည်။ အသားပပ်သကဲ့သို့ ခပ်သွေ့သွေ့ ဖြစ်နေတတ်သည်။ ကြီးနေတတ်သည်။ သေးနေတတ်သည်။ ကားနေတတ်သည်။ သိမ်နေတတ်သည်။ ခြေချောင်းလေးများ လှလျှင် ခြေဖမိုးဖျက်၏။ ခြေဖမိုးလှလျှင် ခြေမျက်စိဖျက်၏။ ခြေမျက်စိလှလျှင် ခြေဖနောင့်ဖျက်၏။

ခြေမျက်စိနောက် ဖနောင့်ကြား အတွန့်လေးများကို သေချာကြည့်ပါ။ အသက်ရှစ်ဆယ်အဘွားအို၏ ပါးပြင်တွန့်နည်းမျိုး ရှိနေတတ်သည်။ တစ်ခါတစ်ရံ အသားမာသည် အပေါ်သို့ လိုတာထက် ပိုတက်နေ၏။

ယခု ဖနောင့်သားလေးများက သည်သို့မဟုတ်။ နံ့သာပန်းနုရောင် ပိုးသားခြေအိတ်လေး စွပ်ထားသကဲ့သို့ တင်းရင်းနုညက်နေသောအသားနှင့် မိန်းမလှလေးတစ်ယောက် ပါးပြင်ကဲ့သို့ အိအိလေး ဖောင်းနေသည်။

သည်ခြေထောက်မျိုးလေးဖြင့် အနင်းခံရသဖြင့် ကမ္ဘာမြေကြီးသည်လည်းကောင်း၊ မန္တလေးဆောင်ရှေ့မှ ကတ္တရာလမ်းမသည်လည်းကောင်း များစွာဂုဏ်ယူသွားပေလိမ့်မည်။

ပို၍ဝမ်းသာစရာက ထိုခြေထောက်ပိုင်ရှင်သည် ခဏအတွင်း ကားပေါ်မှ လုံးလုံးလျားလျား ဆင်းလိုက်ခြင်းပင်ဖြစ်၏။

ထိုခဏလေးအတွင်းတွင် ကမ္ဘာပေါ်ရှိ အလှအပပစ္စည်းများအားလုံး မျက်နှာငယ်သွားတော့သည်။

"လှလိုက်တာ"

ကျွန်တော့်ရင်ထဲတွင် လွှတ်ခနဲ ဆိုလိုက်မိ၏။ စောစောက ကျွန်တော် ပြောမိသော စကားများအတွက် များစွာယူကျုံးမရဖြစ်သွား၏။

"ဘယ်လိုလဲ ထွန်းဝေ"

ကျော်ညွန့်အသံက အတန်ငယ် ခြောက်ကပ်နေသည်။ သူသည်လည်း ချောက်ချားသွားသော အတွေးများကို ကျွန်တော့်ထံ အမေးဖြင့် ဖြတ်လိုက်ရဟန်တူ၏။

ကျွန်တော်က ခေါင်းညိတ်ပြရင်း -

"အေးကွာ သိပ်လှတာပဲ၊ သူ့ ခြေဖနောင့်လေးမှာ ကပ်နေတဲ့ သဲမှုန်လေးတစ်မှုန် ရရင်တောင် ဒွေ့ခန်းမှာ ဖန်ပေါင်းချောင်နဲ့ ထည့်ပြီး အလှကြည့်နေလိုက်ချင်တယ်"

"ဟာ . . . ဒီကောင်ကတော့ ပိုပြီ"

ကားက တုံ့ခနဲရပ်သွား၏။

"ရောက်ပြီဟေ့ . . . ဆင်းကြ"

ကျော်ညွန့်၏ အော်သံကြားမှ တွေးလက်စ ရပ်သွားသည်။ မျက်လုံးများသည် အဝါရောင်ဆင်တူနှင့် ဆင်စွယ်နှစ်ပန်းပုရုပ်လေးဆီ ရောက်သွား၏။

တွန့်သွားသော လုံချည်စလေးကို သိမ်းနွဲ့၍ ဆန့်လိုက်သော သူ့အမူအရာတွင် တစ်စကြဝဠာလုံးမှ အလှအပများ စုဝေးသွားသည်။

"ဟေ့ကောင် . . . ဆင်းလေ"

ပေါ်ဦးက ကျောကိုတွန်း၍ ပြောသည်။

**ဆက်လက်ဖော်ပြပါမည်။**

**မိန်းမလှလေးတော်တော်များများ၏ ခြေထောက်လေးများကို ဂရုတစိုက် ကြည့်ကြည့်ပါ။ အများအားဖြင့် သူတို့၏မျက်နှာ၊ ကိုယ်လုံးကိုယ်ပေါက်ကိုမျှ အားမနာဘဲ ခြေထောက်သည် ထော်လော်ကန့်လန့် လိုက်ဖျက်၏။ အဖုများ၊ အထစ်များပါတတ်သည်။ အကြောများ ထင်းထင်းပေါ်နေတတ်သည်။ အသားပပ်သကဲ့သို့ ခပ်သွေ့သွေ့ ဖြစ်နေတတ်သည်။ ကြီးနေတတ်သည်။ သေးနေတတ်သည်။ ကားနေတတ်သည်။ သိမ်နေတတ်သည်။ ခြေချောင်းလေးများလှလျှင် ခြေဖမိုးဖျက်၏။ ခြေဖမိုးလှလျှင် ခြေမျက်စိဖျက်၏။ ခြေမျက်စိလှလျှင် ခြေဖနောင့်ဖျက်၏။ ခြေမျက်စိနောက်ဖနောင့်ကြား အတွန့်လေးများကို သေချာကြည့်ပါ။ အသက်ရှစ်ဆယ် အဘွားအို၏ ပါးပြင်တွန့်နည်းမျိုး ရှိနေတတ်သည်။ တစ်ခါတစ်ရံ အသားမာသည် အပေါ်သို့ လိုတာထက် ပိုတက်နေ၏။**

စာရေးဆရာ နွမ်ဂျာသိုင်း၏ "တစ်ခါတုန်းက တက္ကသိုလ်မှာ"စာအုပ်အား စာရေးသူ၏ မိသားစုခွင့်ပြုချက်ဖြင့် ကူးယူဖော်ပြခြင်းဖြစ်ပါသည်။

**စာတည်း**

(၅၈)ကြိမ်မြောက် (သင်္ကြန်တွင်း)
မိုးကုတ်ဝိပဿနာ (၇)ရက်-အဓိဋ္ဌာန် အလုပ်ပေး အထူးတရားစခန်းပွဲကြီး
၁၃၈၅-ခုနှစ်၊ နှောင်းတန်ခူးလဆန်း(၃)ရက် မှ (၉)ရက်၊ [နှစ်ဆန်း(၁)ရက်နေ့]အထိ
(၁၁-၄-၂၀၂၄) ကြာသပတေးနေ့ မှ (၁၇-၄-၂၀၂၄) ဗုဒ္ဓဟူးနေ့ အထိ
တရားစခန်းဝင်မည့် ယောဂီများသည် ယောဂီဝတ်စုံ၊ အိပ်ရာလိပ်နှင့် ကျန်းမာရေးအတွက် မိမိတို့ နေ့စဉ်အသုံးပြုနေကျ ဆေးဝါးများကို ယူဆောင်ပြီး ၁၃၈၅-ခုနှစ်၊ နှောင်းတန်ခူးလဆန်း(၂)ရက်၊ (၁၀-၄-၂၀၂၄) ဗုဒ္ဓဟူးနေ့၊ ကြွရောက်ပါရန်နှင့် ယောဂီဦးရေ ကန့်သတ်ထားပါသဖြင့် ကြိုတင်စာရင်းပေးသွင်းထားကြပါရန်။
" အသေမဦးခင် ဉာဏ်ဦးအောင် "
နိဗ္ဗာန်ဝင်လမ်း တရားစခန်းပွဲများသို့ လာရောက်၍ မည်သူမဆို သဒ္ဓါပွားများ တရားအားထုတ်နိုင်ပါသည်။
" အနန္တသုခ မိုးကုတ်ဝိပဿနာ ဓမ္မရိပ်သာ "
လှသိင်္ဂီလမ်း၊ (၁၆၈)ရပ်ကွက်၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ဆက်သွယ်ရန်- ဖုန်း-09-420065946

ပြင်ပအလင်းရောင်ကို အသုံးချပါ၊ မလိုအပ်သော
အိမ်တွင်းလျှပ်စစ်မီးများကို လျှော့သုံးပါ

ကန့်ကွက်နိုင်ကြောင်းကြေညာစာ
ရန်ကုန်မြို့၊ ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃)၊လူနေရပ်ကွက်အမှတ်(၉)၊စိမ်းလဲ့ကန်သာ(၃)လမ်း၊ မြေကွက်အမှတ်(၃၁၃/ခ)၊ အကျယ်အဝန်း(၂၀'×၆၀')ရှိ နှစ် (၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အဦအပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်အား တရားဝင်ရောင်းချပိုင်ခွင့်ရှိသူ အမည်ပေါက် ဦးစိန်ဝင်း (၁၂/လမန(နိုင်)၁၁၅၀၆၅)ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန်အတွက် စရန်ငွေပေးချေပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ခိုင်မာသောအထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ ဤကြေညာစာပါသည့်နေ့မှစ၍ (၇) ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မှု မရှိပါက ဥပဒေနှင့်အညီ ဆက်လက်အရောင်းအဝယ် ပြုလုပ်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။
လွှဲအပ်ညွှန်ကြားချက်အရ- ဒေါ်ခင်အေးမြင့် (စဥ်-၇၁၅၈)
LL.B, LL.M, D.B.L
တရားလွှတ်တော်ရှေ့နေ
အမှတ် (၁၇၈)၊ မြေညီ၊ ၃၄ လမ်း(အထက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၅၁၈၆၀၄၅




# ခြင်းကြီး၊ ခြင်းလတ်၊ လက်ရွေးစင်ပိုင်းကဏ္ဍများနှင့်ပတ်သက်၍ ရိုးရာခြင်းလုံးပညာရှင်များ ဆွေးနွေး

ရန်ကုန် မတ် ၁၇

ခြင်းလတ်ပိုင်း၊ ခြင်းကြီးပိုင်း၊ လက်ရွေးစင်ပိုင်း ကဏ္ဍများနှင့်စပ်လျဉ်း၍ မြန်မာနိုင်ငံ ရိုးရာခြင်းလုံးအဖွဲ့ချုပ်က ဦးဆောင်ပြီး ပြည်နယ်နှင့် တိုင်းဒေသကြီးနှင့် ဌာနဆိုင်ရာအသီးသီးမှ ရိုးရာခြင်းလုံးပညာရှင်များ တွေ့ဆုံဆွေးနွေးပွဲကို ယနေ့ နံနက် ၁၀ နာရီက ရန်ကုန်မြို့ ဗဟန်းမြို့နယ်ရှိ ဟိုတယ်ရွှေဂုံတိုင်၌ ကျင်းပခဲ့သည်။

"မြန်မာနိုင်ငံ ရိုးရာခြင်းလုံး အဖွဲ့ချုပ်က တာဝန်ရှိသူတွေနဲ့ ပြည်နယ်နှင့် တိုင်းဒေသကြီးက ဝါရင့်ခြင်းပညာရှင်တွေရယ်၊ ဌာနဆိုင်ရာအသီးသီးရယ် ဆွေးနွေးတာဖြစ်ပါတယ်။ ရိုးရာခြင်းလုံးခြင်းပေါက်တွေနဲ့ ပတ်သက်ပြီး ခြင်းကြီး၊ ခြင်းလတ်၊ လက်ရွေးစင် ခြင်းပေါက်တစ်ပေါက်ချင်းစီအကြောင်း၊ အမှတ်ပေးစည်းမျဉ်းတွေ၊ စနစ်တကျ သုံးသပ်ဆွေးနွေးပြီးတော့ အတည်ပြုတဲ့သဘောမျိုးဖြစ်ပါတယ်"ဟု မြန်မာနိုင်ငံ ရိုးရာခြင်းလုံးအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးထွန်းလင်းသောင်းက ပြောသည်။

အဆိုပါ တွေ့ဆုံဆွေးနွေးပွဲတွင် မြန်မာနိုင်ငံ ရိုးရာခြင်းလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးသက်လွင်က အမှာစကားပြောကြားပြီး တက်ရောက်လာသူများက ခြင်းလတ်ပိုင်း၊ ခြင်းကြီးပိုင်း၊ လက်ရွေးစင်ပိုင်းကဏ္ဍများအား ဆွေးနွေးခဲ့ကြကာ မြန်မာနိုင်ငံရိုးရာခြင်းလုံးအဖွဲ့ချုပ် နာယက ဦးစိုးတင့်က ခြင်းလုံးကိစ္စရပ်များအား ပြန်လည်ဆွေးနွေးခဲ့ကြောင်း သိရသည်။

ကိုထက်



# မြန်မာလက်ဝှေ့ကစားသမား မင်းရဲကျော်စွာနှင့် ထိုင်းနိုင်ငံ၏ ဝါရင့်မွေထိုင်းဖိုက်တာ ဆန်ချိုင်းတို့၏ ပွဲစဉ်အား ထိုင်းဖိုက်တွင် ပွဲပြန်တည်ပေး

ရန်ကုန် မတ် ၁၇

Thai Fight League တွင်နာမည်ကြီးနေသည့် မြန်မာလက်ဝှေ့ကစားသမား မင်းရဲကျော်စွာ (အောင်ဟိန်း) နှင့် ထိုင်းနိုင်ငံ၏ ဝါရင့်မွေထိုင်းဖိုက်တာ ဆန်ချိုင်းတို့၏ ပွဲစဉ်အတည်ဖြစ်သွားပြီဖြစ်သောကြောင့် Thai Fight ပြိုင်ပွဲ၌ မတ် ၂၄ ရက် ညနေပိုင်းတွင် ယှဉ်ပြိုင်ထိုးသတ်ကြမည်ဖြစ်ရာ အွန်လိုင်းမှတစ်ဆင့် တိုက်ရိုက်ထုတ်လွှင့်ပြသပေးမည်ဖြစ်ကြောင်း သိရသည်။

မူလက အဆိုပါ ဖိုက်တာနှစ်ဦး ဖေဖော်ဝါရီလတွင် ထိုးသတ်ရန် စီစဉ်ခဲ့သော်လည်း မင်းရဲကျော်စွာ (အောင်ဟိန်း) ၏ ခြေချင်းဝတ် ဒဏ်ရာရသွားခဲ့သည့်အတွက်ကြောင့် ပွဲစဉ်အား ရွှေ့ဆိုင်းခဲ့ခြင်းဖြစ်ပြီး ယခုအခါ မင်းရဲကျော်စွာ (အောင်ဟိန်း) မှာ ဒဏ်ရာပြန်လည်သက်သာလာ၍ ပွဲပြန်တည်ပေးခဲ့ခြင်း ဖြစ်သည်။

အသက် ၂၈ နှစ်အရွယ်ရှိ မြန်မာလက်ဝှေ့ကစားသမား မင်းရဲကျော်စွာ (အောင်ဟိန်း) သည် ပြီးခဲ့သည့် ဖေဖော်ဝါရီလက ကျင်းပခဲ့သည့် Thai Fight တွင် အီရန်နိုင်ငံသား မိုဟာမက်ဘာဂီနှင့် ယှဉ်ပြိုင်ထိုးသတ်ရာ အမှတ်ဖြင့်ရှုံးနိမ့်ခဲ့ပြီး ဝါရင့်မွေထိုင်းဖိုက်တာ ဆန်ချိုင်းမှာ အသက် ၄၄ နှစ်အရွယ်ရှိ Thai Fight ၏ ဝါရင့်သမ္ဘာရင့် ဖိုက်တာတစ်ဦးဖြစ်ကြောင်း သိရသည်။

"ပြိုင်ဘက် ဖိုက်တာဟာ ဝါရင့်ဖိုက်တာ ဆန်ချိုင်းဖြစ်နေရင်တောင် သူ့ကို အလဲထိုးနိုင်မှာမဟုတ်ဘူး" ဟု မင်းရဲကျော်စွာ၏ ပြောကြားချက်ကြောင့် Thai Fight ဘက်မှ ပွဲတည်ပေးလိုက်ခြင်းဖြစ်ကြောင်း သိရသည်။

ပွင့်သစ္စာ




# ဂျပန်ဘာသာအရည်အချင်းစစ်စာမေးပွဲ (JLPT) Level N1နှင့် Level N2 အတွက် လျှောက်လွှာလက်ခံမှု ပြီးဆုံးပြီဖြစ်

ရန်ကုန် မတ် ၁၇

၂၀၂၄ ခုနှစ် ဇူလိုင်လတွင်ကျင်းပမည့် ဂျပန်ဘာသာအရည်အချင်းစစ်စာမေးပွဲ (JLPT) Level N1 အတွက် သတ်မှတ်ထားသည့် လျှောက်လွှာအရေအတွက် ပြည့်ပြီဖြစ်သဖြင့် မတ် ၁၅ ရက် မွန်းလွဲ ၂ နာရီ ၅ မိနစ်တွင် ရန်ကုန်စာဖြေဌာနအတွက် Online Application မှ N1 လျှောက်လွှာလက်ခံမှု ပြီးဆုံးပြီဖြစ်သည်။ မန္တလေးစာဖြေဌာနအတွက် မတ် ၁၅ ရက် ညနေ ၄ နာရီတွင် Online Application မှ N1 လျှောက်လွှာလက်ခံမှု ပြီးဆုံးပြီဖြစ်သည်။

ဂျပန်ဘာသာအရည်အချင်းစစ်စာမေးပွဲ JLPT Level N2 အတွက် သတ်မှတ်ထားသည့် လျှောက်လွှာအရေအတွက် ပြည့်ပြီဖြစ်သဖြင့်မတ် ၁၅ ရက် မွန်းလွဲ ၁ နာရီ ၅ မိနစ်တွင် ရန်ကုန်စာဖြေဌာနနှင့် မတ် ၁၅ရက် မွန်းလွဲ ၁ နာရီ ၁၅ မိနစ်တွင် မန္တလေးစာဖြေဌာနများအတွက် Online Application မှ N2 လျှောက်လွှာလက်ခံမှု ပြီးဆုံးပြီဖြစ်ကြောင်း ဂျပန်ဘာသာအရည်အချင်းစစ် စာမေးပွဲကျင်းပရေးကော်မတီ မြန်မာနိုင်ငံ ဂျပန်ပြန်ပညာသင်ဟောင်းအသင်း (MAJA) က အသိပေးကြေညာထားကြောင်း သိရသည်။

မျိုးမင်းသူရ

ကန့်ကွက်နိုင်ပါသည်
ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်(၁၃၂)၊ ကုန်းဘောင်လမ်း၊ မြေကွက်အမှတ်(၁၅)၊ ဦးတင်ထွန်း အမည်ပေါက်ပါမစ်မူရင်းပါ မြေအကျယ်ပေ (၄၀x၆၀)ရှိ မြေကွက်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဦးလှမျိုးနိုင်[၈/မကန (နိုင်)၁၂၈၇၉၃]မှ ဝယ်ယူပိုင်ဆိုင်ပြီး၊ ပါမစ်မူရင်းနှင့်အတူ ဝယ်ယူထားသည့် အရောင်းဝယ်စာချုပ်များနှင့် ပတ်သက်၍ စစ်မှန်ပါကြောင်း၊ ရောင်းချပိုင်ခွင့်ရှိကြောင်း၊ အရှုပ်အရှင်း တစ်စုံတစ်ရာမရှိ ကင်းရှင်းပါကြောင်း ဝန်ခံပါသဖြင့် ကျွန်ုပ်၏မိတ်ဆွေမှ စရန်ငွေ တစ်စိတ်တစ်ဒေသကိုပေးချေထား ပြီးဖြစ်ရာ ဤကြော်ငြာစာပါသည့်နေ့မှ(၇) ရက်အတွင်း စာချုပ်စာတမ်းမူရင်း၊ စာရွက်စာတမ်းမူရင်းများနှင့် တကွ ဆက်သွယ် ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ပြည့်သည့်တိုင် ကန့်ကွက်သူမရှိပါက ဤအရောင်းအဝယ်အား ပြီးမြောက်သည်အထိ ဆက်လက်ဆောင်ရွက်မည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။
ညွှန်ကြားချက်အရ-
ဒေါ်ဝေဝေခိုင်(ခ)ဒေါ်မြမြငွေး(H.G.P,LL.B)
တရားလွှတ်တော်ရှေ့နေ(စဉ်-၆၆၀၅)၊(၂၀-၇-၁၉၉၈)
ရုံး-(ဃ/၃၀၄)၊ ပထမထပ်၊ ခေမာသီလမ်း၊ မြောက်ဥက္ကလာပမြို့နယ်။
ဖုန်း-၀၉-၅၄၀၇၂၂၉

# MFF ဖူဆယ်လိဂ်-၂ ပြိုင်ပွဲတွင် ချန်ပီယံဆုအတွက် သုံးသင်းအပြိုင်ဖြစ်နေ

ရန်ကုန် မတ် ၁၇

MFF ဖူဆယ်လိဂ်-၂ ပြိုင်ပွဲ ပွဲစဉ် (၂၁) ကို မတ် ၁၇ ရက်က MFF ဖူဆယ်အားကစားရုံ၌ ဆက်လက်ကျင်းပရာ ဇယားထိပ်ပိုင်းအသင်းများ နိုင်ပွဲရခဲ့သဖြင့် လက်ကျန်တစ်ပွဲအလိုတွင် ချန်ပီယံဆုအတွက် သုံးသင်းအပြိုင်ဖြစ်လာသည်။

ပွဲစဉ် (၂၁) တွင် Sun Far အသင်းက Maryar အသင်းကို သုံးဂိုး-တစ်ဂိုး၊ SGF အသင်းက Noka United အသင်းကို ငါးဂိုးပြတ်၊ TG United အသင်းက Golden Yoma အသင်းကို သုံးဂိုးပြတ်၊ M-Million အသင်းက Black Cross အသင်းကို ခုနစ်ဂိုး-ငါးဂိုး၊ YRG အသင်းက ရွှေပြည်သာအသင်းကို လေးဂိုး-တစ်ဂိုးဖြင့် အနိုင်ရပြီး Seven အသင်းနှင့် KKY အသင်း သုံးဂိုးစီသရေကျခဲ့သည်။ ပွဲစဉ် (၂၁) အပြီးတွင် YRG အသင်းက ရမှတ် ၄၉ မှတ်ဖြင့် ဆက်လက်ဦးဆောင်နေပြီး SGF အသင်းက ၄၈ မှတ်၊ TG United အသင်းက ၄၆ မှတ်၊ Sun Far အသင်းက ၄၄ မှတ်၊ Black Cross အသင်းက ၃၆ မှတ်၊ ရွှေပြည်သာအသင်းက ၃၃ မှတ်၊ KKY အသင်းက ၃၂ မှတ်၊ Maryar အသင်းက ၂၅ မှတ်၊ Golden Yoma အသင်းက ၁၉ မှတ်၊ Seven အသင်းက ၁၀ မှတ်၊ Noka United အသင်းနှင့် M-Million အသင်းတို့က ကိုးမှတ်စီ ရရှိထားသည်။

ပွဲစဉ် (၂၁) အပြီး ရမှတ်ရရှိမှုအရ ချန်ပီယံဆုအတွက် YRG အသင်း၊ SGF အသင်းနှင့် TG United အသင်းတို့သာ မျှော်လင့်ချက်ရှိပြီး ထိပ်ဆုံးမှ ဦးဆောင်နေသည့် YRG အသင်းမှာမူ အခွင့်အရေးအများဆုံးဖြစ်နေသည်။ YRG အသင်းသည် နောက်ဆုံးပွဲတွင် အနိုင်ရပါက ချန်ပီယံဆု ရယူနိုင်မည်ဖြစ်ပြီး ကျန်နှစ်သင်းမှာမူ ယင်းအသင်း ခြေချော်မှသာ မျှော်လင့်နိုင်မည်ဖြစ်သည်။

သတင်း-ကိုညီလေး၊ ဓာတ်ပုံ-MFF



## ဒေါ်သန်းမြ(ထိန်ကုန်း/ပုသိမ်ညွန့်)
## အသက် (၈၂) နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ပုသိမ်ညွန့်ရပ်ကွက်၊ (၈)လမ်း၊ အမှတ်(၄၂)နှင့် တိုက်(၄၀)၊အခန်းအမှတ်(၃၀၂) အောင်သပြေလမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်နေ(ဦးကျော်ခင်–ဒေါ်သိန်းတင်)တို့၏ သမီး၊ [ဦးသိန်းဖံ(လ/ထ ညွှန်မှူးစာရင်းစစ်ချုပ်ရုံး)]၏ ဇနီး၊ ဦးမိုးကျော်(ခ) မျိုးကျော်–ဒေါ်နှင်လွင်းစိုး(ခ) မပိုင်းလေး၊ ဦးအောင်မြင့်–ဒေါ်တင်တင်အေး၊ ဦးဇင်းခေမာစာရ၊ ဒေါ်မြတ်မြတ်သိန်း(လက်ထောက်ညွှန်ကြားရေးမှူး လူမှုဝန်ထမ်းဦးစီးဌာန)၊ ကိုထိန်လင်းတို့၏ မွေးသမိခင်ဖြစ်သူသည် ၁၇–၃–၂၀၂၄ (တနင်္ဂနွေနေ့) နံနက် ၈:၀၀ နာရီတွင် ကွယ်လွန်အနိစ္စရောက်သွားပါသဖြင့် ၁၉–၃–၂၀၂၄(အင်္ဂါနေ့) မွန်းတည့် ၁၂ နာရီတွင် ရေးဝေးသုသာန်၌ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါသည်။

ကွယ်လွန်သူအားရည်စူး၍ ၂၃–၃–၂၀၂၄(စနေနေ့) နံနက် ၇:၀၀ နာရီမှ ၁၁:၀၀ နာရီအထိ မင်္ဂလာတောင်ညွန့်မြို့နယ်၊ တိုက်(၄၀)၊ အခန်းအမှတ်(၃၀၂) နေအိမ်သို့ ရက်လည် ဆွမ်းသွတ်တရားတော်နာ ကြွရောက်ကြပါရန်ဖိတ်ကြားအပ်ပါသည်။

(နေအိမ်မှ ကားများ နံနက် ၁၀ နာရီအချိန်တွင် ထွက်ခွာပါမည်။)

**ကျန်ရစ်သူမိသားစု**

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဒေါ်သန်းပု
## အသက်(၉၁)နှစ်

ဗိုလ်မှူး ခင်မောင်မြင့်(ငြိမ်း) – ဒေါ်နှင်းယုတို့၏ မိခင်ကြီး ဒေါ်သန်းပုသည် ၁၆–၃–၂၀၂၄ ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူဝမ်းနည်းကြေကွဲရပါကြောင်း။

**ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၇၃)**
**အရာရှိများနှင့်မိသားစုများ**

## ဝမ်းနည်းကြေကွဲခြင်း
## ဦးမျိုးမြင့်
### ဌာနစုမှူး(အငြိမ်းစား)
### မြန်မာ့ရေနံလုပ်ငန်း
## အသက်(၇၃)နှစ်

မြန်မာ့ဆေးဝါးလုပ်ငန်း၊ ဆေးဝါးစက်ရုံ(အင်းစိန်)မှ စက်ရုံမှူး ဦးမျိုးနန္ဒ ဇနီး ဒေါက်တာဒေါ်ဇင်မာယဉ်တို့၏ ဖခင်ဖြစ်သူသည် မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ GEC အိမ်ရာ C–8 တွင်နေထိုင်သူ ဦးမျိုးမြင့် အသက်(၇၃) နှစ်သည် ၁၄–၃–၂၀၂၄ရက်နေ့ နံနက် ၁ နာရီတွင် ကွယ်လွန်ကြောင်း သိရှိရ၍ ကျန်ရစ်သူမိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ဦးဆောင်ညွှန်ကြားရေးမှူးနှင့်ဝန်ထမ်းများ**
**မြန်မာ့ဆေးဝါးလုပ်ငန်း**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၂၂)၊ မြေကွက်အမှတ်(၁၉၅)မြေကွက်သည် ရန်ကုန် မြို့တော် မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနတွင် ဒေါ်နီလာအေး [၁၂/ဒဂတ(နိုင်)၀၀၇၉၉၂] အမည်ဖြင့် ပါမစ်အမည်ပေါက်မှတ်သားတည်ရှိပြီး ယင်းမြေကွက်ပေါ်ရှိ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ၂၂/ရပ်ကွက်၊ သစ်ခွလမ်း၊ အိမ်အမှတ်(၁၉၅)၊ တရားဝင်မခွဲစိတ်ရသေးသော မြေကွက်၏ခေါင်းရင်းခြမ်း၊ အကျယ်အဝန်း(၁၀x၆၀)ပေပေါ်ရှိ မြေကွက်နှင့် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကိုအဆက်ဆက်စာချုပ်များဖြင့် ဝယ်ယူပိုင်ဆိုင်ထားသော ဦးညီညီမင်း [၁၄/ဖပန(နိုင်)၁၅၄၁၉၂] ကတရားဝင်ရောင်းချ ပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြု၍ ရောင်းချရန် ကမ်းလှမ်းရာ ကျွန်ုပ်မိတ်ဆွေမှ ဝယ်ယူရန် အတွက် ရောင်းဖိုးငွေ တစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသည်။

သို့ဖြစ်ပါ၍ အထက်ပါအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူရှိပါက ကျွန်ုပ်ထံသို့ ခိုင်လုံသည့် စာချုပ်စာတမ်း အထောက်အထား မူရင်းများနှင့်အတူ ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ အကယ်၍ ကန့်ကွက်မည့်သူမရှိပါက အဆိုပါအရောင်းအဝယ်ကိစ္စ အထမြောက်စေရန်အတွက် ဥပဒေနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးဇင်မင်းထွန်း (LL.B)**
**အထက်တန်းရှေ့နေ(စဉ်–၅၄၈၄၂/၂၀၂၂)**
**အမှတ်(၃)၊ ဗိုလ်မင်းရောင်လမ်း၊ ဗိုလ်ထွန်းဇံရပ်ကွက်၊ ဒေါပုံမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း–၀၉–၄၂၁၁၇၈၉၂၈**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်–၄၈၊ (၁၉)ရပ်ကွက်၊ ကံ့ကော်(၅)လမ်း၊ မြေကွက်အမှတ်(၁၄၈၂/က)ဟု ခေါ်တွင်သော အကျယ်အဝန်း(၂၀x၆၀)ပေရှိ ဒေါ်မူဒါခါတူ အမည်ပေါက်ပါမစ်မြေကွက်နှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးအား ဦးဉာဏ်လင်း [၅/တဆန(နိုင်)၀၇၃၃၉၄] ကိုင်ဆောင်သူသည်အရပ်ကတိဆက်စပ်စာချုပ်များဖြင့် ပိုင်ဆိုင်ဝယ်ယူကာ မိမိသာလျှင် တရားဝင်လက်ရောက်ရယူပိုင်ဆိုင်ထားပြီး ရောင်းချခွင့်ရှိကြောင်း၊ အရှုပ်အရှင်းကင်းရှင်းကြောင်း ဝန်ခံကတိပြုလျက် ကျွန်ုပ်မိတ်ဆွေများဖြစ်သော ဦးအောင်ခိုင်ဇော်[၁၂/ဥကတ(နိုင်)၁၇၀၂၇၀]နှင့်ဦးဇော်ထွန်းအောင် [၁၂/ရပသ(နိုင်)၁၀၂၂၂၉]တို့ထံသို့ရောင်းချရန်ကမ်းလှမ်းရာကျွန်ုပ်မိတ်ဆွေများမှဝယ်ယူရန်သဘောတူညီပြီး စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါမြေကွက် အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက စာရွက်စာတမ်း(မူရင်း) အထောက်အထား စုံလင်စွာဖြင့် ယခုကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်ထံ လာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် အဆိုပါ နေ့ရက်ကျော်လွန်ပါက ကျွန်ုပ်မိတ်ဆွေများဘက်မှ အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူများ** | **လွှဲအပ်ညွှန်ကြားချက်အရ** |
| **ဦးအောင်ခိုင်ဇော်** | **ဒေါ်ဖြူဝေဝေအောင် (LL.B, D.B.L)** |
| **[၁၂/ဥကတ(နိုင်)၁၇၀၂၇၀]** | **တရားလွှတ်တော်ရှေ့နေ (စဉ်–၁၈၂၅၀)** |
| **ဦးဇော်ထွန်းအောင်** | **အင်းစိန်စုပေါင်းရုံးဝင်း၊ အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့။** |
| **[၁၂/ရပသ(နိုင်)၁၀၂၂၂၉]** | **ဖုန်း–၀၉–၇၇၇၂၉၁၇၇၅၊ ၀၉–၄၅၄၁၆၃၀၉** |

## သုံးဆယ်ထိပ်တင်ဦး
## သက်တော် (၉၄)နှစ်

မင်းတုန်းမင်းတြားကြီး နှင့် ကုမ္ဗာဒေဝီခုနစ်ရွာ မိဖုရားကြီး၊ အိမ်ရှေ့စံကနောင်မင်း နှင့် မြောက်ဆောင်တော် သခင် သီရိသဉ္ဇါမဟေ တို့၏တီတော်၊ မဟာသုသီရိဓမ္မရာဇာ သုံးဆယ်မင်းသားကြီး နှင့် သီရိစိတ္တဝတ္တီ ရန်အောင်မြင်ထိပ်ထားတို့၏ မြစ်တော်၊သုံးဆယ်ထိပ်တင် ကိုယ်တော်ကြီး နှင့် ခင်ခင်လေးဖုရား တို့၏မြေးတော်၊ သုံးဆယ်ထိပ်တင်ဖုရားလေးနှင့် ဦးကျော်သိန်း တို့၏သမီးတော်၊ ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၈)မိုင်၊ ရွှေနှင်းဆီကျောင်းလမ်း၊ (၅)ရပ်ကွက်နေ ဒုဗိုလ်မှူးကြီး ထွန်းရှိန်၏ဇနီး သုံးဆယ်ထိပ်တင်ဦး သက်တော်(၉၄)နှစ်သည် ၁၆–၃–၂၀၂၄ ရက်(စနေနေ့) ည ၁၁:၅၆ နာရီတွင် ရန်ကုန်မြို့၊ ကန်သာယာဆေးရုံတွင် ကံတော်ကုန်သွားပြီ ဖြစ်ကြောင်း ဆွေတော်မျိုးတော်အပေါင်းအား သိစေအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဝမ်းနည်းကြေကွဲခြင်း
## ဗိုလ်မှူးကြီးဇော်မင်းသိန်း(ငြိမ်း)
## ပါမောက္ခချုပ်(ငြိမ်း)
## အသက်(၇၂)နှစ်

ဗိုလ်မှူးကြီးဇော်မင်းသိန်း(ငြိမ်း)၊ ပါမောက္ခချုပ်(ငြိမ်း)ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေးတက္ကသိုလ်သည်၁၆–၃–၂၀၂၄(စနေနေ့) နံနက်(၁၀:၄၀ )နာရီတွင်(၉၆)ပါးသောရောဂါဖြင့် ဘဝတစ်ပါးသို့ပြောင်းရွှေ့ကွယ်လွန်အနိစ္စရောက်သွားကြောင်း သိရပါသဖြင့်မိသားစုများနှင့် ထပ်တူဝမ်းနည်းကြေကွဲရပါသည်။ စိတ်မကောင်းခြင်းများစွာဖြစ်ရပါသည်။ သူငယ်ချင်းကောင်းရာသုဂတိသို့ရောက်ပါစေ။

**သူငယ်ချင်းများ**
**ချယ်ရီ(၁၅)။**

## ဒေါ်မြမြရွှေ (ပခုက္ကူ)
## အသက် (၈၇) နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ ချစ်တီးကုန်းရပ်ကွက်၊ ခရေပင်ရိပ်မွန် အပိုင်း(၂)အိမ်ရာ၊ သဇင်နွယ်လမ်း၊ အမှတ်(၇၀) နေ ဦးကျော်ဝင်း၏ ဇနီး၊ ဒေါက်တာ ခင်အောင်ထွန်း–ဒေါက်တာ တင်အေးဝင်း၊ ဦးအောင်မိုးကျော်–ဒေါ်ကေခိုင်မျိုးမြင့်၊ ဒေါ်ခင်သန္တာဝင်း တို့၏ မိခင်၊ မောင်ခိုင်ခန့်ထွန်း၊ မောင်ချမ်းငြိမ်းကျော်၊ မောင်ဇွဲနောင်၊ မောင်ဘုန်းခန့် တို့၏ အဘွား ဒေါ်မြမြရွှေသည် ၁၆–၃–၂၀၂၄ ရက် နံနက် ၈: ၁၃ နာရီတွင် (၉၆) ပါးသောရောဂါဖြင့် ကွယ်လွန်အနိစ္စရောက်သွားပါသဖြင့် ကြွင်းကျန်ရစ်သောရုပ်ကလာပ်ကို ၁၈–၃–၂၀၂၄ ရက် မွန်းလွဲ ၁ နာရီတွင် အမှတ်(၁)တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀)၊ မင်္ဂလာဒုံ၊ ငြိမ်းအေးဇရပ်မှ မင်္ဂလာဒုံစစ်သင်္ချိုင်းသို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟ အပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## "အများသိစေရန်ကြေညာခြင်း"

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ (၁၃၃)ရပ်ကွက်၊ တကောင်း(၁)လမ်း၊ အမှတ်(၇၃၀)နေ ဦးမောင်မောင်ကြိုင်[၁၂/မရက(နိုင်)၁၁၁၀၀၇]၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်–

"ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပေါက်ကံ၊ (၁၀)ရပ်ကွက်၊ ဘုရင့်နောင်(၂)လမ်း၊ မြေတိုင်းရပ်ကွက်အမှတ်–၁၀၊ မြေကွက်အမှတ်–၄၂၇ ၊ ဒေါ်လေးလေးမြင့်[၁၀/တထန(နိုင်)၁၀၂၉၈၈]အမည်ပေါက် အကျယ်အဝန်း(၄၀x၆၀)ပေရှိ ပါမစ်မြေအမျိုးအစားမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အားလုံး"တို့ကို ဦးသိန်းအောင်(ခ)ဦးသိန်းဝင်း[၁၀/ကထန(နိုင်)၀၄၀၂၅၇]နှင့် ဒေါ်ချိုချိုဝင်း [၁၀/ကထန(နိုင်)၀၆၂၅၅၈]တို့ထံမှ (၈–၃–၂၀၁၂)ရက်နေ့တွင် ကျွန်ုပ်မိတ်ဆွေ ဦးမောင်မောင်ကြိုင်က ရောင်းဖိုးငွေ အပြေအကျေပေးချေပြီး အပြီးအပိုင်ဝယ်ယူ၍ ယနေ့အထိ လက်ရှိထားပိုင်ဆိုင်လျက်ရှိပါသည်။ သို့ဖြစ်ပါ၍ အထက်ပါမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ပိုင်ရှင် ဦးမောင်မောင်ကြိုင်၏ ခွင့်ပြုချက်မရှိဘဲ မည်သူတစ်ဦးတစ်ယောက်မျှ ရောင်းချ၊ ပေါင်နှံ၊ ပေးကမ်း၊ စွန့်လွှတ်ခြင်းများ၊ အခြားတစ်နည်းနည်းဖြင့် စီမံခန့်ခွဲခြင်း၊ လွှဲပြောင်းခြင်းများ မပြုလုပ်ရန် အသိပေးကြေညာအပ်ပါသည်။

ယင်းသို့ အသိပေးကြေညာချက်ပါအတိုင်း လိုက်နာဆောင်ရွက်ရန်နှင့် လိုက်နာဆောင်ရွက်ခြင်းမရှိပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးအောင်ဖြိုးထက် (LL.B) အထက်တန်းရှေ့နေ (စဉ်– ၅၀၂၈၉)**
**အမှတ်–၂၈၊ ဗိုလ်လက်ျာလမ်း၊ ဗိုလ်စိန်မှန်ရပ်ကွက်၊ ဗဟန်းမြို့နယ်၊**
**ရန်ကုန်မြို့။ ဖုန်း–၀၉–၄၅၈၆၃၁၇၃၇**

## "သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း"

ဧရာဝတီတိုင်းဒေသကြီး၊ ဖျာပုံခရိုင်၊ ဘိုကလေးမြို့၊ အမှတ်(၁)ရပ်ကွက်၊ စက်မှုမြေနေ ဦးဝင်းသိန်း[၁၄/ဘကလ(နိုင်)၂၄၉၄၃၂]၏ သားဖြစ်သူ မောင်တင်အောင်ကျော် (၃၂) နှစ် [၁၄/ဘကလ(နိုင်)၂၆၅၇၈၀]သည် ဖခင်ဖြစ်သူနှင့် အစ်ကို၊ အစ်မများ ပြောဆိုဆုံးမမှုကို မနာခံဘဲ ဖခင်၊ အစ်ကို၊ အစ်မ၊ ဆွေမျိုးများအား ကိုယ်စိတ်ဆင်းရဲစေခြင်း၊ ဂုဏ်သိက္ခာထိခိုက်စေခြင်းများကို ပြုလုပ်ခဲ့သည့်အပေါ် ဆက်လက် သည်းခံနိုင်စွမ်းမရှိတော့ပါသဖြင့် ယနေ့မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ကြောင်းနှင့် နောက်နောင် ၎င်းနှင့်သက်ဆိုင်သမျှ ကိစ္စအဝဝတို့အား တာဝန်ယူဖြေရှင်းပေးမည် မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဖခင် ဦးဝင်းသိန်း[၁၄/ဘကလ(နိုင်)၂၄၉၄၃၂]၏ လွှဲအပ်ညွှန်ကြားချက်အရ**

| | |
|---|---|
| **ဒေါ်အေးအေးအောင်(ဥပဒေသွဲ့)** | **ဦးစံမင်းအောင်(ဥပဒေသွဲ့)** |
| **အထက်တန်းရှေ့နေ** | **အထက်တန်းရှေ့နေ** |
| **(စဉ်–၄၅၄၃၉)** | **(စဉ်–၂၆၂၁၉)** |
| **ဖုန်း–၀၉–၇၅၀၀၇၆၇၃၁၊** | **ဖုန်း–၀၉–၂၅၄၃၃၄၃၅၇၊** |
| **၀၉–၆၉၇၉၀၀၉၆၆** | **၀၉–၆၉၉၉၉၀၉၉၄** |

**အိမ် – အမှတ်(၁၇)၊ ရွှေဝါထွန်းလမ်း၊ အမှတ်(၆)ရပ်ကွက်၊ ဘိုကလေးမြို့၊ ဧရာဝတီတိုင်းဒေသကြီး။**
**ရုံး – အမှတ်(၂၇၄–က)(မြေညီ)၊ နဝရတ်(၅)လမ်း၊ အမှတ်(၈)ရပ်ကွက်၊ သာကေတမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**

## "အများသိစေရန် အသိပေး ကြေညာခြင်း"

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်အေးစန္ဒာအောင်[၉/မနမ(နိုင်)၁၁၂၃၆၃]ကိုင်ဆောင်သူ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်–

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၄)ရပ်ကွက်၊ ရွှေစင်(၂)လမ်း၊ မြေကွက်အမှတ်(၃၅၅)ဟု ခေါ်တွင်သော မြေကွက်နှင့်အိမ်အပါအဝင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို မြေကွက်အမည်ပေါက်ဦးသိန်း၏ ဇနီးဖြစ်သူထံမှ အရပ်စာချုပ်အဆက်ဖြင့် ဝယ်ယူထားသူ ဦးကျော်ဆန်းဦး[၉/ကပတ(နိုင်)၁၅၉၆၀၁]ထံမှ ဒေါ်အေးစန္ဒာအောင်က အပြီးအပိုင် ဝယ်ယူထားပြီးဖြစ်ပါသောကြောင့် ဦးကျော်ဆန်းဦးနှင့်သက်ဆိုင်ခြင်း မရှိတော့ပါကြောင်းနှင့် ဒေါ်အေးစန္ဒာအောင်သာ ပိုင်ဆိုင် လက်ဝယ်ရှိသူဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးထင်လင်းနိုင်(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်–၇၁၁၂)(၁၀–၁၂–၂၀၀၂)**
**Ph:09–5039306, 09–785039306**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ (၁၆)ရပ်ကွက်၊ မာလာမြိုင်(၃)လမ်း၊ အမှတ်(၅၀)ခြေရင်းဘက်မှန်ခန်းကိုတရားဝင်ပိုင်ဆိုင်ထားရှိသူ ဒေါ်ခင်ဆွေ[၁၂/ဥကတ(နိုင်)၁၂၄၂၄၁]ထံမှ ကျွန်ုပ် ဒေါ်သင်းသင်းနိုင်[၁၂/လမန(နိုင်)၀၁၆၀၄၈]ကအပြီးအပိုင်ဝယ်ယူရန်အလို့ငှာရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကိုစရန်အဖြစ်ပေးချေထားပြီးဖြစ်ရာ ဤအရောင်းအဝယ်ကိုကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၀)ရက်အတွင်း ပိုင်ဆိုင်မှု အထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်ထံသို့လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ထက်ကျော်လွန်ပါက အရောင်းအဝယ်ကိုပြီးမြောက်အောင်မြင်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ**
**ဒေါ်သင်းသင်းနိုင်**
**[၁၂/လမန(နိုင်)၀၁၆၀၄၈]**
**Ph:09–429396313**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ အမှတ်(၃)ရပ်ကွက်၊ ပတ္တမြားလမ်း၊ တိုက်အမှတ်(၄)–၆–ထပ်တိုက်၏–၆လွှာ(အေ)(ခေါင်းရင်းခန်း)အကျယ်အဝန်း အလျား ၁၂ ၁/၂' x အနံ ၅၀'ရှိ လူနေတိုက်ခန်းနှင့်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို ဒေါ်ဌေးဌေးဝင်း[၁၂/ကမရ(နိုင်)၀၂၉၇၆၁]ကိုင်ဆောင်သူမှ ၎င်းတရားဝင်ပိုင်ဆိုင်ကြောင်း၊ ရောင်းချပိုင်ခွင့်ရှိကြောင်း၊ အရှုပ်အရှင်းကင်းရှင်းကြောင်းတာဝန်ယူကြောင်း ဝန်ခံကတိပြု၍ ရောင်းချလာသဖြင့် ကျွန်ုပ်၏မိတ်ဆွေ ဦးလှမျိုး[၁၂/ကမရ(နိုင်)၀၀၆၃၇၆] ကိုင်ဆောင်သူမှရောင်းချသည့်တန်ဖိုးနှင့်ပင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ တိုက်ခန်းဝယ်ယူမှုနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်(နှစ်ပတ်)အတွင်း စာချုပ်စာတမ်း(မူရင်း)အထောက်အထားခိုင်လုံစွာဖြင့် ကျွန်ုပ်ထံသို့လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်၍ ကန့်ကွက်မည့်သူမရှိပါက ဤတိုက်ခန်းအပြီးအပိုင်အရောင်းအဝယ်စာချုပ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးလှမျိုး [၁၂/ကမရ(နိုင်)၀၀၆၃၇၆]၏ လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်သန်းသန်းစိုး တရားလွှတ်တော်ရှေ့နေ(စဉ်–၂၈၉၈)(၄–၁၂–၁၉၈၄)**
**တိုက်(၉/၁၁)(၁၀၃စီ)/ပထပ်၊ (၃၆)လမ်း(အောက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**Ph:09–250022892, 09–443021827**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ (င)ရပ်ကွက်၊ ဝဇီရာ(၉)လမ်း၊ အမှတ်(၉၅၇/က)၊ (၅)ထပ်တိုက်၊ (၁၈x၅၄)ပေရှိ တတိယထပ်တိုက်ခန်းအား တရားဝင်ပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူ ဒေါ်မှူးမျက်သွယ် [၁၄/ပသန(နိုင်)၂၅၂၀၈၃]ထံမှ အပြီးအပိုင်ဝယ်ယူရန် ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူမှ စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါတိုက်ခန်း၏ အရောင်းအဝယ်နှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ကန့်ကွက်လိုပါက ခိုင်လုံသော စာချုပ်စာတမ်း အထောက်အထားမူရင်းများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ပြီးမြောက်သည် အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်စန်းစန်းကြည် [၁၂/မရက(နိုင်)၁၃၅၃၆၁]၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးအောင်ဇော်ဝင်း(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်–၁၅၇၈၂)**
**အမှတ်(၁၅)၊ ခိုင်ရွှေဝါလမ်း၊ မြဥယျာဉ်စိုက်ပျိုးရေးခြံ၊ (၄)ရပ်ကွက်၊**
**မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း–၀၉–၂၅၈၄၆၅၈၇၁၊ ၀၉–၉၅၃၀၁၀၇၇၈**

## မူးယစ်ကို
## ပစ်
## ပန်းတိုင်သစ်
## စိတ်သစ်
## လူသစ်
## ဘဝသစ်

## သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ကြောင်း ကြေညာခြင်း


ကျွန်တော် ဦးမောင်မောင်အေး [၁၂/အလန(နိုင်)၀၂၉၄၂၉] နှင့် ဒေါ်တင်တင်လှ[၁၂/ဆကခ(နိုင်)၀၀၀၀၈၄]တို့၏ သားဖြစ်သူ မောင်ဝေယံမောင်[၁၂/ကမတ(နိုင်)၀၈၅၇၆၀]သည် မိဘများ၏ဆိုဆုံးမစကားကို နာယူခြင်းမရှိခြင်းနှင့် မိဘများကို အဆက်အသွယ်လုံးဝမပြုပါသဖြင့် သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ကြောင်း ၎င်းနှင့်ပတ်သက်သည့်ကိစ္စများကို တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

(ဖခင်) ဦးမောင်မောင်အေး

## လျှပ်စစ်ဓာတ်အားကို ချွေတာနိုင်သည့် နည်းလမ်းများ

အပေါ်ရေတိုင်ကီ ရေပြည့်သည်နှင့် ရေမော်တာကို အလိုအလျောက်ရပ်စေမည့် စနစ်အား အသုံးပြုပါ။ ရေများ လျှံကျသည်ကို မြင်ရ ကြားရမှ ရေမော်တာကို ပြေးပိတ်ခြင်းက လျှပ်စစ်လေလွင့်မှု ဖြစ်စေပါသည်။ မီတာခ ပိုမို ကုန်စေပါမည်။





## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ နိုင်ငံရေး

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါ အတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

၂။ စီးပွားရေး

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်း ဖူလုံမှုမှသည် ပြည်ပသို့ တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ လူမှုရေး

(က) တစ်နိုင်ငံလုံးအသိပညာ၊ အတတ်ပညာ မြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှု အထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိက စွမ်းအားစုအဖြစ်ပါဝင်နိုင်ရေး ဗလငါးတန်နှင့်ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

❖ စိုက်ပျိုးမြေများကို ကေကွက်များဖြင့် ဆောင်ရွက်နိုင်မည်ဆိုပါက စက်မှုလယ်ယာအဖြစ် ဆောင်ရွက်နိုင်မည်ဖြစ်သဖြင့် ထုတ်လုပ်မှုကုန်ကျစရိတ်များ လျှော့နည်းပြီး အထွက်နှုန်းများ တိုးတက်လာမည်ဖြစ်…

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၃ ခုနှစ်၊ ဇူလိုင်လ ၁၅ ရက်နေ့တွင် ပြုလုပ်သော နိုင်ငံ့ကုန်ထုတ်လုပ်မှုမြှင့်တင်ရေး အစည်းအဝေးမှ အမှာစကားကောက်နုတ်ချက်)

**ယနေ့ ဖတ်စရာ**

**ရေဝတီတိုင်းဒေသကြီးအတွင်း စစ်မှုထမ်းဆောင်ရန် ဖမ်းဆီးခံရသူများထဲတွင် အသက်မပြည့်သည့်လူငယ် ၁၀၀ ကျော် ပါဝင်နေကြောင်း သတင်းတု၊ သတင်းအမှားမဟုတ်မမှန် ရေးသားဖြန့်ဝေလျက်ရှိ**

စာမျက်နှာ » ၁၅

**သဘာဝမှထွက်ရှိသော ကုန်ကြမ်းများကို အသုံးပြု၍ တစ်ပိုင်တစ်နိုင် စီးပွားရေးလုပ်ငန်းဖြင့် အလုပ်အကိုင် အခွင့်အလမ်းများ ဖော်ဆောင်ပေးလျက်ရှိသည့် "မမွန်မ" ဘလောက်အုတ်လုပ်ငန်း**

တွေ့ဆုံမေးမြန်း စာမျက်နှာ » ၂၄

**လက်စတာအသင်းကို အနိုင်ရပြီး အက်ဖ်အေဖလား ဆီမီးဖိုင်နယ် တက်လှမ်းခွင့်ရရှိခဲ့ပြီဖြစ်တဲ့ ချယ်လ်ဆီး**

စာမျက်နှာ » ၂၅



## ရွှေစက်တော်ဘုရားပွဲ၌ စနေ၊ တနင်္ဂနွေ ရုံးပိတ်ရက်နှင့် အခါကြီး၊ ရက်ကြီးများဖြစ်၍ အထူးစည်ကား

မင်းဘူး မတ် ၁၇

မကွေးတိုင်းဒေသကြီး မင်းဘူး(စကု)မြို့နယ်အတွင်းရှိ မန်းရွှေစက်တော် ဘုရားပွဲတော်ကာလအတွင်း စနေ၊ တနင်္ဂနွေ ရုံးပိတ်ရက်နှင့် အခါကြီး၊ ရက်ကြီးများဖြစ်သည့်အပြင် အခြေခံပညာကျောင်းများ စာမေးပွဲများ ဖြေဆိုပြီးဖြစ်၍ ဘုရားဖူးသူများဖြင့် အထူးစည်ကားလျက်ရှိကြောင်း သိရသည်။

စာမျက်နှာ ၁၆ ကော်လံ ၅ သို့ ❋

## ဟိုင်းကြီးကျွန်းမြို့ရှိ မဟာမကုဋ္ဌရုံသီ ဆံတော်ရှင်မြတ်မော်တင်စွန်းစေတီတော်မြတ်ကြီး၌ အများပြည်သူရုံးပိတ်ရက်များအတွင်း ဘုရားဖူးဧည့်သည်များဖြင့် စည်ကား



ဟိုင်းကြီးကျွန်း မတ် ၁၇

ဧရာဝတီ တိုင်းဒေသကြီး ဟိုင်းကြီးကျွန်းမြို့တွင် တည်ထားကိုးကွယ်တော်မူသော သမိုင်းဝင် မဟာမကုဋ္ဌရုံသီ ဆံတော်ရှင်မြတ်မော်တင်စွန်း စေတီတော်မြတ်ကြီး၌ အများပြည်သူရုံးပိတ်ရက်များ အတွင်း ဘုရားဖူးဧည့်သည်များဖြင့် စည်ကားများပြားလျက်ရှိပြီး တည်းခိုဆောင်များ ပြည့်သည်အထိ လာရောက်ကြကြောင်း သိရသည်။

ဘုရားဖူးလာရောက်ကြသူများသည် မဟာမကုဋ္ဌရုံသီ ဆံတော်ရှင်မြတ်မော်တင်စွန်း စေတီတော်မြတ်

စာမျက်နှာ ၂၂ ကော်လံ ၁ သို့ ☆

## အချိန်အခါမဟုတ် မိုးရွာနိုင်

နေပြည်တော် မတ် ၁၇

ယနေ့မွန်းလွဲ ၁ နာရီခွဲ တိုင်းထွာချက်များအရ မတ် ၂၀ ရက်မှ ၂၄ ရက်အတွင်း ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့မှ ရွေ့လျားလာသော တိမ်တိုက်များကြောင့်လည်းကောင်း၊ အရှေ့ဘက်မှ ရွေ့လျားလာသော လေပွေလှိုင်းများ၏ အရှိန်ကြောင့်လည်းကောင်း၊ အပူပြန်တက်တိမ်များဖြစ်ထွန်းမှု အားကောင်းခြင်းကြောင့် လည်းကောင်း၊ အနောက်ဘက်မှ ရွေ့လျားလာသော လေပွေလှိုင်းများ၏ အရှိန်ကြောင့် လည်းကောင်း တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့်ပြည်နယ်တို့တွင် နေရာကွက်ကျားမှ နေရာကျဲကျဲ မိုးထစ်ချုန်း ရွာနိုင်သည်။

**အကြံပြုချက်**

ပြည်သူများအနေဖြင့် အချိန်အခါမဟုတ်မိုးရွာခြင်းနှင့်အတူ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်း၊ မိုးသီးကြွေခြင်းနှင့် မိုးတိမ်တောင်ဖြစ်ထွန်းမှု အားကောင်းသောဒေသများတွင် လေပြင်းတိုက်ခတ်ခြင်းစသည့် မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြုနိုင်ပါရန် အကြံပြုအပ်ပါသည်။ မိုး/ဇလ